# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၃၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ ဗုဒ္ဓဟူးနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံသို့ မကြာမီကာလအတွင်း သွားရောက်မည်

**နေပြည်တော်　နိုဝင်ဘာ　၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ဒေသတွင်းပေါင်းစည်းဆက်နွှယ်မှုဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၁* ❁

# စိန်ခေါ်မှုတွေကို အောင်မြင်စွာကျော်လွှားနိုင်ရေး တွေ့ဆုံဆွေးနွေးပြီး နည်းလမ်းများရှာဖွေဖို့ အရေးကြီး

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုဝင်ဘာလအတွက် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း အောက်တိုဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်း ဖြစ်ပါတယ်။

ဒီလအတွက် ပထမဆုံး ပြောကြားလိုတဲ့ကိစ္စရပ်ကတော့ မကြာမီရက်ပိုင်းကမှ ကျင်းပပြုလုပ်ခဲ့တဲ့ အဓိကနိုင်ငံရေးခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးပွဲနဲ့ ပတ်သက်တဲ့ကိစ္စပဲဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲနဲ့ပတ်သက်ပြီးတော့ မတူညီတဲ့ အမြင်တွေ၊ ကွဲပြားတဲ့ တုံ့ပြန်မှုတွေကို လက်ခံကြရမှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကျင်းပရတာနဲ့ ပတ်သက်ပြီးတော့ အဖွင့်မိန့်ခွန်းမှာ ကျွန်တော်ပြောကြားခဲ့တဲ့အတိုင်း အမျိုးသားအင်အားစုများအားလုံး ကြုံတွေ့နေရတဲ့ နိုင်ငံရေးစိန်ခေါ်မှုတွေကို လက်တွဲဖြေရှင်းဖို့နဲ့ စုပေါင်းပြီးနည်းလမ်းများရှာဖွေဖို့ အဓိကရည်မှန်းချက်ထားပြီး ဖိတ်ခေါ်ကျင်းပခဲ့ရခြင်းပဲဖြစ်ပါတယ်။ နည်းလမ်းများ ရှာဖွေတဲ့အခါမှာလည်း ကျွန်တော်မကြာခဏပြောလေ့ရှိတဲ့ နိုင်ငံရေးအင်အားစုအချင်းချင်း အပြန်အလှန်ဖယ်ထုတ်ဖို့ ကြိုးစားတဲ့ ထိပ်တိုက်ရင်ဆိုင်ရေးနည်းလမ်းတွေကနေ စားပွဲဝိုင်းမှာစေ့စပ်ဆွေးနွေးအဖြေရှာရေးဆိုတဲ့ နိုင်ငံရေး ယဉ်ကျေးမှုသစ်အရ ဆွေးနွေးအဖြေရှာကြဖို့ အစပြုကြိုးပမ်းအကောင်အထည်ဖော်ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒသမအကြိမ်မြောက်ကျင်းပတဲ့ အာရှဥရောပ ထိပ်သီးအစည်းအဝေးကို အီတလီနိုင်ငံ မီလန်မြို့မှာ တက်ရောက်ခဲ့ပါတယ်။ ဒီလိုတက်ရောက်ရတဲ့ အကြောင်းကတော့ မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းနဲ့ ပြန်လည်ချိတ်ဆက်နေတဲ့အချိန်မှာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာရဲ့ ယုံကြည်မှုပိုမိုတိုးတက်လာတာနဲ့အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနဲ့ နည်းပညာဆိုင်ရာ အကူအညီများ ပိုမိုတိုးတက်လာစေဖို့ပဲဖြစ်ပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ❋

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပနိုင်ရေး ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော်　နိုဝင်ဘာ　၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၁)၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် နိုင်ငံတော်သမ္မတသည် ပင်မဝင်ပေါက်၌အာဆီယံထိပ်သီးနှင့် အရှေ့အာရှထိပ်သီးအစည်းအဝေး တက်ရောက်ကြမည့်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အစိုးရအဖွဲ့အကြီးအကဲများအား ကြိုဆိုနှုတ်ဆက်မည့်နေရာတွင် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■


ရာပြည့်® အမှတ်တံဆိပ်

ကြက်လည်ဆံလက်ဖက်ခြောက် အဖန်ရည်

ကြက်လည်ဆံလက်ဖက်ခြောက် ရေနွေးကြမ်းမွှေးမွှေးကလေး အရသာကို စံစားရင်း ဆီးချိုရောဂါ၊ ဆီးပူညောင်းကျခြင်း၊ ဆီးကျောက်တည်ခြင်း ၊ အသည်းရောင်အသားဝါဖြစ်ခြင်းသွေးတိုးခြင်း၊ ဇက်ကြောတက်ခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ လန်းဆန်းခွန်အား ဖြစ်စေခြင်းတို့အတွက် စိတ်ကျေနပ်မှုရစေပါမည်။ ယင်းရောဂါများမဖြစ်ပွားစေရန် ကြိုတင်၍ ကာကွယ်မှုအဖြစ် အမြဲသောက်သုံးနိုင်ပါသည်။

ဝင်ရင်း--ရာပြည့်ဆေးဝါးထုတ်လုပ်ရေး yarpyaenine@gmail.com TMR 12708 (0317)

Super One (ကျိုက္ကဆံ)၊ ဝဇ္ဇနီပွင့် (မြေနီကုန်း) Myanmar Big Shops Super Mart

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ခေတ်သစ်ရပ်ရွာအကျိုးပြု ဗဟိုဌာနများ

လူသားတို့အား အသိပညာဗဟုသုတ အများဆုံးပေးစွမ်းနိုင်သော အရာများသည်ကား စာအုပ်စာပေများ ဖြစ်သည့်အလျောက် စာပေမျိုးစုံကို တစ်နေရာတည်းတွင် ဖတ်ရှုလေ့လာနိုင်ရန် စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်လာကြသည်။ စာကြည့်တိုက်များတွင် စာပေဗဟုသုတများ ရှာမှီးသူများ တိုးပွားလာခြင်း၊ စာကြည့်တိုက်များကို အစဉ်တိုးတက်နေအောင် အသစ်အသစ်သော စာအုပ်စာစောင်များ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် စာကြည့်တိုက်များ၏ တန်ဖိုးသည်လည်း မြင့်မားလာကာ ပြည်သူတို့အား ဗဟုသုတများဖြည့်ဆည်းပေးရာ အကျိုးပြုဗဟိုဌာနများအဖြစ်သို့ ရောက်ရှိလာသည်။

ယခုအခါ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မြို့ရွာအနှံ့ စာကြည့်တိုက်ပေါင်း ငါးသောင်းအထက်ရှိရာ အဆိုပါစာကြည့်တိုက်များကို သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုနိုင်သော စာကြည့် တိုက်များအဖြစ်ပြောင်းလဲရန် **BEYOND ACCESS MYANMAR** စီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။ ဤစီမံကိန်းကို ပြန်ကြားရေး ဝန်ကြီးဌာန **Myanmar Book Aid and Preservation Foundation (MBAPF)**၊ **Ooredoo** နှင့် **Irex** နိုင်ငံတကာအဖွဲ့အစည်းတို့ ပူးပေါင်းကာ ရန်ကုန်၊ မန္တလေး၊ ပဲခူးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ အင်တာနက်ကွန်ရက်ရရှိသော ခရိုင်နှင့်မြို့နယ် စာကြည့်တိုက် ၅၅ ခုတွင် သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြုနိုင်သော စာကြည့်တိုက်များအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်းသိရသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရှိ အများပြည်သူစာကြည့်တိုက်များကို ခေတ်သစ် ရပ်ရွာအကျိုးပြု ဗဟိုဌာနများအဖြစ် ပြောင်းလဲသွားမည့်စီမံကိန်း ဖြစ်ပါသည်။

ဤစီမံကိန်းသည် အများပြည်သူ စာကြည့်တိုက်စနစ်အဆင့်မြင့်မားလာစေရန် စာကြည့်တိုက်မှူးများအား နည်းပညာနှင့် ပြည်သူဗဟိုပြု စာကြည့်တိုက်ဝန်ဆောင်မှုများ လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ စာကြည့်တိုက် ၅၅ ခုအတွက် လိုအပ်သော တက်ဘလက်ကွန်ပျူတာများ၊ **3G Wireless Routers** များနှင့် မြန်နှုန်းမြင့်အင်တာနက်များ တပ်ဆင်ပံ့ပိုးမည်ဖြစ်သည်။ ဤစီမံကိန်းကို ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိစာကြည့် တိုက်ပေါင်း ငါးသောင်းကျော်တို့တွင် လွှမ်းခြုံနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျက်မှောက်ခေတ်သည် အိုင်တီနည်းပညာတိုးတက်နေသော ခေတ်ကြီးဖြစ်သည့်အလျောက် ယခုကဲ့သို့ စာကြည့်တိုက်များ၌ နည်းပညာများ ချဲ့ထွင်အသုံးပြုလာနိုင်သည်နှင့်အမျှ ပြည်သူများ စာဖတ်အားကောင်းလာမည်ဖြစ်ပါသည်။ လူအများစု မိုဘိုင်းဖုန်းအသုံးပြုလာနိုင်သည့် ယနေ့ခေတ်တွင် စာကြည့်တိုက်များကို ဒစ်ဂျစ်တယ်စာကြည့်တိုက်များအဖြစ် ပြောင်းလဲလာခြင်းသည်လည်း စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် တိုးတက်လာမည်ဖြစ်သကဲ့သို့ ပြည်သူအကျိုးပြုဗဟိုဌာနများအဖြစ်သို့ ပြောင်းလဲတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# နော်ဝေ-မြန်မာပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာလ ၄**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် နော်ဝေနိုင်ငံ ရာသီဥတုနှင့်ပတ်ဝန်းကျင် ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျင်းပသည့် "နော်ဝေ-မြန်မာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(၂၀၁၅-၂၀၁၇) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းတက် ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်း နော်ဝေနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်ပြီး နှစ်နိုင်ငံ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများထိန်းသိမ်းရေးကိုရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရန် စတင်ခဲ့ပါကြောင်း၊ ယင်းနောက် ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင်မြန်မာကိုယ်စားလှယ်အဖွဲ့ နော်ဝေနိုင်ငံသို့ သွားရောက်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် ထပ်မံညှိနှိုင်းခဲ့ကြောင်း၊ ၂၀၁၃ခုနှစ် ဇန်နဝါရီလတွင် နော်ဝေနိုင်ငံ ရေသုတေသနဌာန (NIVA) အပါအဝင် နော်ဝေနိုင်ငံရာသီဥတုနှင့် ပတ်ဝန်းကျင် ဝန်ကြီးဌာနမှအဆင့်မြင့် အရာရှိကြီးများ နေပြည်တော်ကို လာရောက်ခဲ့ပြီးနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ထပ်မံ ဆွေးနွေးညှိနှိုင်းခဲ့ကြပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် နော်ဝေနိုင်ငံ ရာသီဥတုနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်လည်ပတ်ခဲ့ပြီး နှစ်ဦးနှစ်ဖက် ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် Letter of Intent ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယနေ့ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် မိမိတို့ နှစ်နိုင်ငံ ကိုယ်စားလှယ်များအကြား အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုများ၏ ရလဒ်ဖြစ်ပါကြောင်း၊ အဆိုပါဆွေးနွေးပွဲများမှတစ်ဆင့် ယခုအခါမှာ ပတ်ဝန်းကျင်ဆိုင်ရာ အဓိကနယ်ပယ်လေးခုတွင် ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီခဲ့ကြပါကြောင်း၊ အဓိက ကဏ္ဍကြီး (၄) ရပ်ပါဝင်သည့် အဆိုပါအစီအစဉ်အပေါ် မူတည်ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (Memorandum of Understanding) တစ်ရပ်ကို မြန်မာနိုင်ငံနှင့်နော်ဝေနိုင်ငံ နှစ်နိုင်ငံအကြား မကြာမီလက်မှတ်ရေးထိုးသွားနိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာသူအားလုံးမှ မိမိတို့အသိပညာ၊ ကျွမ်းကျင်မှုနှင့် စိတ်စေတနာတို့ကို အသုံးပြုပြီး ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး Ms. Ann Ollestad က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ကျယ်ပြန့်သည့် သစ်တောဧရိယာများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ပြည့်နှက်လျက်ရှိသည့် အလွန်ထူးခြားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊နိုင်ငံ၏သဘာဝသယံဇာတများကိုတာဝန်သိသိဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ ၂၀၁၂ ခုနှစ်အတွင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး နော်ဝေနိုင်ငံ၊ အော်စလိုမြို့သို့ စတင်လာရောက်ခဲ့သည့် အချိန်မှစတင်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ ပိုမိုတိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပနိုင်ခဲ့ပါကြောင်း၊ နော်ဝေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ REDD+ လုပ်ငန်းစဉ်များနှင့်အတူ ပြည်ထောင်စုဝန်ကြီး တင်ပြခဲ့သည့် အဓိကကဏ္ဍကြီး(၄)ရပ်တွင် နည်းပညာနှင့် ရန်ပုံငွေအကူအညီများ ထောက်ပံ့ပေးလျက် ရှိပါကြောင်းနှင့် အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲသည့် နှစ်နိုင်ငံချစ်ကြည်ရေးကို တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၁၅-၂၀၁၇) ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**






**ထင်သာမြင်သာ ပြုပြင်စရာ**

# အမြန်လမ်းပေါ်၌ နွားများကြောင့် ယာဉ်အန္တရာယ်ဂရုပြုရန်လို

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်းဒေသများကို ဖြတ်သန်းသွားသည့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် မကြာခဏဆိုသလို လွှတ်ကျောင်းထားသော နွားအုပ်များကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရသည်ကို မြင်တွေ့နေရသည်။ နိုဝင် ဘာ ၂ ရက် ညနေပိုင်းက ဆွာချောင်း တံတား မြောက်ဘက် အမြန်လမ်း မိုင်တိုင်အမှတ် (၁၆၇/၀) အနီး၌ ယာဉ် အသွားအလာရှုပ်ထွေးနေချိန် နွားများဖြတ်သန်းနေသည့်အတွက် ယာဉ်များ ရပ်တန့်ပေးခဲ့ရသည်။ အမြန်လမ်းမကြီးဖြတ်သန်းရာ သစ်တော ကြိုးဝိုင်းဒေသများတွင် ကျေးရွာများရှိပြီး လမ်းပေါ်ကို ကျွဲ/နွား များတက်ရောက်ခြင်း မရှိစေရန် သံဆန်ခါများ ကာရံထားသော်လည်း လိုက်နာမှု အားနည်းခြင်းနှင့် စားကျက်မြေရှားပါးမှုကြောင့် မကြာ ခဏဆိုသလို နွားများကိုတွေ့ရှိနေရပြီး ယာဉ်မောင်းများအနေဖြင့် သစ်တောကြိုးဝိုင်း ဒေသများဖြတ်သန်းသည့်အခါ သတိပြုရန်လိုအပ်သည်။ **ကိုလွင်(ဆွာ)**



## ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

အခုလက်ရှိ လုပ်ဆောင်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်များဟာ မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် မရှိမဖြစ်အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ လက်ရှိမှာ အဓိကတိုင်းရင်းသား လက်နက်ကိုင် အင်အားစုအားလုံးပါဝင်တဲ့ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် စာချုပ်ချုပ်ပြီး လက်မှတ်ရေးထိုးနိုင်ဖို့ ကြိုးစားနေပါတယ်။ ဒီလို စာချုပ်ချုပ်ဆိုနိုင်မယ်ဆိုရင် နှစ်ဖက်တပ်တွေအနေနဲ့ လိုက်နာစောင့်စည်းရမယ့် ကျင့်ဝတ်တွေကို သတ်မှတ်နိုင်မှာဖြစ်ပြီးတော့ တိုက်ခိုက်မှုတွေနဲ့ ထိပ်တိုက်တိုးမှုတွေကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ အဓိက အကျိုးကျေးဇူးကတော့ ပဋိပက္ခဖြစ်ပွားနေတဲ့ နေရာဒေသတွေက ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ လူမှုဘဝတွေကို ထိခိုက်ပျက်စီးစေတဲ့ ကိစ္စရပ်များစွာကို လျှော့ချနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး ဒီစာချုပ်ချုပ်ဆိုနိုင်ခြင်းဟာ နိုင်ငံရေးဆွေးနွေးပွဲတွေစတင်ဖို့ အခိုင်မာဆုံးအခြေခံဖြစ်ပြီး နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် ကျယ်ပြန့်တဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို ဒီနိုင်ငံရေးဆွေးနွေးပွဲများကသာ ဆောင်ကြဉ်းနိုင်မှာဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တစ်ဆက်တစ်စပ်တည်းမှာပဲ ရခိုင်ပြည်နယ် အရေးနဲ့ ဆက်စပ်ပြီး လက်ရှိအခြေအနေများကို ပြောကြားလိုပါတယ်။ ရခိုင်ပြည်နယ်မှာတင်မဟုတ်ဘဲ ပြည်ထောင်စုတစ်ဝန်းလုံးမှာ မှီတင်းနေထိုင်ကြတဲ့ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်မဆို နိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းနဲ့ မသက်ဆိုင်ဘဲ လူသားတစ်ဦးအတွက် ရသင့်ရထိုက်တဲ့ လူ့ဂုဏ်သိက္ခာနဲ့ ထိုက်တန်တဲ့ အခြေခံလူ့အခွင့်အရေးတွေရရှိဖို့ အရေးကြီးပါတယ်။ ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် အစိုးရအဖွဲ့အနေနဲ့ အစီအမံများ ချမှတ်ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် လူ့အဖွဲ့အစည်းနှစ်ရပ်အတွင်း တင်းမာမှုများ စိတ်ခံစားမှုများ အလွန်မြင့်တက်နေချိန်မှာ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အထူးဂရုစိုက် ကိုင်တွယ်ဆောင်ရွက်နေရပါတယ်။ ပဋိပက္ခဖြစ်ပွားအောင် ဖန်တီးလှုံ့ဆော်သူတွေနဲ့ ပြစ်မှုကျူးလွန်သူတွေကိုလည်း ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်နေပြီး ပဋိပက္ခများ နောက်ထပ်ထပ်ပြီးမဖြစ်ပွားစေဖို့အတွက်လည်း ပဋိပက္ခကြိုတင်ကာကွယ်တားဆီးရေး အစီအမံတွေ ဆောင်ရွက်ထားကြောင်း ပြောကြားလိုပါတယ်။

လက်ရှိမှာ ပြဿနာပြေလည်စေရေးအတွက် အရေးကြီးအဆင့် တစ်ဆင့်ဖြစ်တဲ့ နိုင်ငံသားဖြစ်သင့်သူများ နိုင်ငံသားဖြစ်ရေးအတွက် နိုင်ငံသားစိစစ်ရေး ဆောင်ရွက်မှုကိစ္စကို ဒေသခံလူ့အဖွဲ့အစည်းများရဲ့ အကူအညီကိုရယူဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံလို ဒီမိုကရေစီစတင်အုတ်မြစ်ချနေတဲ့ နိုင်ငံတစ်နိုင်ငံအတွက် မီဒီယာများရဲ့ အခန်းကဏ္ဍဟာလည်း အလွန်ပဲအရေးကြီးပါတယ်။ အထူးသဖြင့် မီဒီယာများအနေနဲ့ မိမိဖော်ပြတဲ့သတင်းတွေအပေါ်မှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊ မျှတစွာဖော်ပြခြင်းစတဲ့ မီဒီယာကျင့်ဝတ်များနဲ့ ပြည့်စုံဖို့လိုအပ်ပါတယ်။ ဒါမှသာလျှင် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အရည်အသွေးပြည့်ဝတဲ့ မီဒီယာများ၊ သတင်းကျင့်ဝတ်ကို လိုက်နာသည့် မီဒီယာများ ဖြစ်ပေါ်လာစေဖို့ မီဒီယာများက ဆောင်ရွက်နေသလို တခြားတစ်ဖက်မှာလည်း မီဒီယာအခွင့်အရေးများကို တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)လို အဖွဲ့အစည်းများနဲ့လည်း ပူးပေါင်းဆောင်ရွက်နေတဲ့ အကြောင်း အသိပေးပြောကြားလိုပါတယ်။

ဒီမိုကရေစီနိုင်ငံတစ်ခုဖြစ်အောင် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေအကြားမှာ အားလုံး အတူတကွကြိုးပမ်းတည်ဆောက်နေရတဲ့ ယခုလိုအချိန်မျိုးမှာ တစ်မျိုးသားလုံးအတွက် အားတက်ဖွယ်၊ ဝမ်းမြောက်ဖွယ်၊ ဂုဏ်ယူဖွယ် ကိစ္စတစ်ခု ပေါ်ပေါက်ခဲ့ပါတယ်။ အဲ့ဒါကတော့ အသက် ၂၀ အောက် မြန်မာ့လူငယ်ဘောလုံးအသင်းရဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်မှုပဲဖြစ်ပြီး ဒီအောင်ပွဲဟာ ကျွန်တော်တို့နိုင်ငံအတွက် ပျော်ရွှင်မှုတွေ၊ ခွန်အားတွေကို သယ်ဆောင်လာခဲ့ပါတယ်။ ဒီအောင်ပွဲဟာ ကျွန်တော်တို့အားလုံး ဂုဏ်ယူရမယ့်သမိုင်းဖြစ်တဲ့အတွက် လူငယ်တွေရဲ့ အားထုတ်မှုကို မြန်မာတစ်မျိုးသားလုံးက လှိုက်လှိုက်လှဲလှဲဂုဏ်ပြုကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ထပ်လောင်းပြောကြားလိုတဲ့ ကိစ္စရပ်များကတော့ လက်ရှိဖြစ်ထွန်းနေတဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနဲ့ နိုင်ငံရေးဖြစ်စဉ်ကို အဆင့်ဆင့် ဆက်လက်ရှင်သန်ဖြစ်ထွန်းစေဖို့၊ ဒီဖြစ်ထွန်းမှုတွေကနေ ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာရေးနဲ့ ပွင့်လင်းလွတ်လပ်တဲ့ မြန်မာ့လူ့အဖွဲ့အစည်း၊ ကျွန်တော်တို့ နိုင်ငံအတွက် အထူးလိုအပ်နေတဲ့ အမျိုးသားပြန်လည်စည်လုံးညီညွတ်ရေးရရှိဖို့အတွက် လက်ရှိရရှိထားတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အဆင့်ဆင့်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲများ ပေါ်ပေါက်ရေးနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ အဓိကအဆင့်တစ်ဆင့်အနေနဲ့ ဖြတ်သန်းရမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး စတဲ့စိန်ခေါ်မှုများပဲ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို အောင်မြင်စွာကျော်လွှားနိုင်ရေးအတွက် မိမိတို့အချင်းချင်း တွေ့ဆုံဆွေးနွေးပြီး နည်းလမ်းများ စုပေါင်းရှာဖွေဖို့ အလွန် အရေးကြီးတယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ ဒါကြောင့် အခုလို အချင်းချင်းတွေ့ဆုံဆွေးနွေးပွဲများ ဆက်လက်အသက်ဝင် ရှင်သန်ရေးအတွက် ကျွန်တော်တို့အားလုံး ကြိုးပမ်းဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

> “ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ ”

❁ ရှေ့ဖုံးမှ

မိတ်ဖက်ပြုမှုခိုင်မာစေရေး ဆွေးနွေးပွဲနှင့် အေပက်စီးပွားရေးခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မကြာမီကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ သွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

## ပြည်သူလူထုသို့ အသိပေးကြေညာချက်

**နေပြည်တော် နိုဝင်ဘာ ၄**

အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပစဉ်ကာလအတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်တွင်း ပြည်ပ ခရီးသွားလာသူ အများပြည်သူများအား စိစစ်ခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ရှာဖွေစစ်ဆေးခြင်းတို့ကို လုံခြုံရေးတာဝန်အရ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားလာကြမည့် အများပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးလက်မှတ် သို့မဟုတ် သက်ဆိုင်ရာ နိုင်ငံသားအထောက်အထားလက်မှတ်၊ ဝန်ထမ်းစိစစ်ရေးလက်မှတ်၊ ခရီးသွားလာခွင့် သို့မဟုတ် ခိုင်လုံသော အထောက်အထားများ၊ လိုအပ်သော စာရွက်စာတမ်းများနှင့် သက်ဆိုင်ရာ ယာဉ်အထောက်အထားများကိုပါ မပျက်မကွက်ကိုင်ဆောင်၍ ခရီးသွားလာကြပါရန်နှင့် တာဝန်ရှိသူများမှ တာဝန်အရ စစ်ဆေးမေးမြန်းခြင်းအပေါ် ကြည်ဖြူစွာခံယူ၍ ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

(ပြည်ထဲရေးဝန်ကြီးဌာန)



## ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်းသည် ဗြိတိန်နိုင်ငံ ဘီဂျီအုပ်စု ရေရှည်တည်တံ့ခိုင်မြဲရေးကော်မတီဥက္ကဋ္ဌ ဆာဒေးဗစ်မန်းနင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးအောင်ထူး၊ ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဘီဂျီအုပ်စု ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး အင်န်ဒရူးပက်ထရစ်ခ်လည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံစဉ် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

## မိုးလေဝသအခြေအနေ

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## ဖိုရမ်တက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၄** ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် ကျင်းပမည့် “Regional Policy Dialogue on Empowering Women Entrepreneurs ”သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်လှလှမျိုး၊ ဒေါ်စိုးအေမီကျော်နှင့် အသင်းဝင် ဒေါ်အိဖြူဖြူထွန်းတို့သည် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

(စွမ်းဆောင်ရှင်များအသင်း)



နိုင်ငံတကာသတင်း

# နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းဒေသများကို ဘိုကိုဟာရမ်တို့က မကြာမီသိမ်းပိုက်လာနိုင်ကြောင်း အရာရှိတစ်ဦးက သတိပေး



**အဘူဂျာ နိုဝင်ဘာ ၄**

အစိုးရအနေဖြင့် ဘိုကိုဟာရမ်တို့ကို ပြင်းပြင်းထန်ထန်တန်ပြန်တိုက်ခိုက်မှုများမပြုလုပ်ပါက ၎င်းတို့သည် နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ်များကို ဆက်လက်သိမ်းယူလာနိုင်ဖွယ်ရှိကြောင်း အရာရှိတစ်ဦးက သတိပေးပြောကြားခဲ့သည်။


နိုင်ဂျီးရီးယားအစိုးရသည် နောင်လာမည့် နှစ်လမှသုံးလအတွင်း အပြင်းအထန်နှိမ်နင်းမှုများကို မလုပ်လျှင် အရှေ့မြောက်ပိုင်းပြည်နယ်သုံးခုသည် ဆက်လက်တည်ရှိတော့မည်မဟုတ်ကြောင်း ဘော်နိုပြည်နယ် ဒုတိယမြို့တော်ဝန်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားအစိုးရက အကောင်းဆုံးလုပ်ဆောင်နေသော်လည်း မလုံလောက်သေးကြောင်း၊ စစ်သွေးကြွများထက် ပိုပြီးရှေ့ကိုရောက်အောင် လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ စစ်သွေးကြွများက မိမိတို့ကို ယခုအချိန်အထိ ဆက်လက်တိုက်ခိုက်နေခြင်းသည် အကြီးမားဆုံးရာဇဝတ်မှုတစ်ခုဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် စစ်ရေးအရ နှိမ်နင်းခြင်းထက် ပိုပြီးသင့်တော်ကြောင်း အဆိုပါ ဒုတိယမြို့တော်ဝန်က ထပ်လောင်းပြောကြားခဲ့သည်။

လုံခြုံရေးဆောင်ရွက်ချက်များ မလုံလောက်ပါက စစ်သွေးကြွများသည် အဆိုပါပြည်နယ်များနှင့် သိပ်မဝေးသောနေရာတွင်ရှိနေသဖြင့် ၎င်းနယ်မြေများကို မကြာမီသိမ်းပိုက်လာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိခဲ့ကြောင်း ကြေညာခဲ့ပြီးနောက် ဘော်နိုပြည်နယ်၌ ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှု၌ လူပေါင်း ၃၀ ကျော် သေဆုံးခဲ့သည်။ ၎င်းသည် အစိုးရနှင့် စစ်သွေးကြွများအကြား တရားမဝင်အပစ်အခတ် ရပ်စဲရေးသဘောတူညီမှုအပေါ် သံသယဖြစ်ပွားဖွယ် အခြေအနေတွင်ရှိကြောင်း ၎င်းက ပြောခဲ့သည်။ **(ပရက်စ်တီဗွီ)**

# မက္ကဆီကိုလုံခြုံရေးအရာရှိချုပ် သေနတ်ဖြင့်ပစ်သတ်ခံရ



**တာမောလီပတ်(မက္ကဆီကို) နိုဝင်ဘာ ၄**

မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ပိုင်း တာမောလီပတ်ပြည်နယ်၌ လုံခြုံရေးအရာရှိချုပ်တစ်ဦး ပစ်သတ်ခံလိုက်ရကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ရီကာဒိုနီနိုဗီလာရီးရဲနှင့် ၎င်း၏ ဇနီးတို့သည် စနေနေ့က အိမ်နီးချင်းပြည်နယ် နိုဗိုလီယွန်ပြည်နယ်သို့ ကားဖြင့် သွားရောက်စဉ် သေနတ်ဖြင့် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

အဆိုပါနေ့တွင် ၎င်းတို့၏ အလောင်းများကို ခရီးသည်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါလုံခြုံရေး အရာရှိချုပ်သည် အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသော တာမောလီပတ်ပြည်နယ်သို့ အစိုးရကစေလွှတ်ခဲ့သည့်လုံခြုံရေးအဆင့်မြင့် တာဝန်ရှိသူများအနက် တစ်ဦးဖြစ်သည်။

အဆိုပါပြည်နယ်သည် မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်သူများအကြား အပြန်အလှန်သတ်ဖြတ်တိုက်ခိုက်မှုများ ပြုလုပ်ရာဒေသဖြစ်သည်။

ဗိုလ်ချုပ်ကြီးဟောင်း တစ်ဦးဖြစ်သည့် မစ္စတာနီနိုဗီလာရီးရဲသည် မွန်တာရေးနှင့် နူဗိုလာရီဒိုမြို့အကြား ဆက်သွယ်ထားသည့် လမ်းပေါ်တွင် မော်တော်ယာဉ်ဖြင့် ခရီးသွားစဉ် သေနတ်သမားများက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

နူဗိုလာရီဒိုဒေသ လုံခြုံရေးအကြီးအကဲဖြစ်သည့် မစ္စတာနီနိုဗီလာရီးရဲကို တိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်ခဲ့ဖွယ်ရှိသည်။ အဆိုပါပစ်ခတ်မှု ဖြစ်ပွားရာနေရာ၌ ကျည်ဆန်ခွံ ၁၀၀ ကျော် တွေ့ရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်၌ ဖော်ပြသည်။ **(ဘီဘီစီ)**

# ဆော်ဒီအာရေဗျအရှေ့ပိုင်းတွင် တိုက်ခိုက်မှုဖြစ် သေနတ်သမားက လူငါးဦးကိုပစ်သတ်

**ရီယာ့ဒ်,ဆော်ဒီအာရေဗျ နိုဝင်ဘာ ၄**

မျက်နှာဖုံးစွပ်သေနတ်သမားတစ်ဦးသည် နိုင်ငံ၏အရှေ့ဘက်ပိုင်းတွင် သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ လူငါးဦးသေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆော်ဒီအာရေဗျနိုင်ငံပိုင်သတင်းဌာနက ပြောခဲ့သည်။

တိုက်ခိုက်မှုသည် အယ်လ်အတ်ရှ်ပြည်နယ်တွင်ရှိသော အယ်လ်ဒါဝှ်ဟ်ရွာထဲတွင် တနင်္လာနေ့ညနေခင်းက ဖြစ်ပွားခဲ့ကြောင်း ဆော်ဒီသတင်းဌာနက ပြောကြားသည်။ အဆိုပါဒေသသည် ဆော်ဒီအာရေဗျနိုင်ငံ၏ ရှီးယိုက်လူနည်းစုနေထိုင်သောနေရာတစ်ခုဖြစ်သည်။

တိုက်ခိုက်သူများသည် ပစ္စတိုများ၊ စက်သေနတ်များသုံး၍ တိုက်ခိုက်ခဲ့ကြောင်း ဆော်ဒီသတင်းဌာနမှ ပြောကြားခဲ့သည်။ တိုက်ခိုက်သူများနှင့် တိုက်ခိုက်ခံရသူများ၏ အချက်အလက်အသေးစိတ်ကို မသိရသေးပေ။ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုနေသည်ဟု အဆိုပါအေဂျင်စီက ပြောခဲ့သည်။

ရှီးယိုက်မူဆလင်များက တမန်တော်မိုဟာမက်၏မြေး အီမန်ဟူစိန်၏ သေဆုံးခြင်း ခုနစ်ရာစုမြောက်အထိမ်းအမှတ်ဆင်နွှဲကျင်းပနေစဉ် တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း သိရှိရသည်။ **(အေပီ)**

# နယူးဇီလန်၌ ကလေးမရှိသောမိသားစုအရေအတွက်မြင့်တက်

**ဝယ်လင်တန် နိုဝင်ဘာ ၄**

နယူးဇီလန်နိုင်ငံ၌ ကလေးမရှိသော မိသားစုများအရေအတွက်သည် နိုင်ငံရှိ မိသားစုအရေအတွက်၏ ၁ ဒသမ ၁ သန်းထိရှိလာပြီဖြစ်ကြောင်း အစိုးရစာရင်းအင်းဌာနမှ အင်္ဂါနေ့က ကြေညာခဲ့သည်။

အဆိုပါအရေအတွက်သည် ၁၉၉၁ ခုနှစ်ကတည်းက မြင့်တက်လာခဲ့ရာ ကလေးရှိသော မိသားစုများ၏ အရေအတွက်ထက် နှစ်ဆခန့်ရှိလာပြီဖြစ်သည်။ ၎င်းအရေအတွက်သည် ၁၉၉၁ ခုနှစ်တွင် မိသားစုများအရေအတွက်၏ ၃၅ ရာခိုင်နှုန်းရှိခဲ့ပြီး ယခုအခါ ၄၀ ရာခိုင်နှုန်းကျော်ရှိလာပြီဟု သန်းခေါင်စာရင်းကောက်ယူရေးဌာန မန်နေဂျာက ဆိုသည်။

ကလေးရှိသောမိသားစုအရေအတွက်သည် လက်ရှိအခြေအနေတွင် အများဆုံးဖြစ်နေသေးသော်လည်း ၎င်းတို့အချိုးအစားမှာ အဆက်မပြတ်ကျဆင်းလာနေပြီဖြစ်သည်။

နယူးဇီလန်ရှိ အိမ်ထောင်စု ၁ ဒသမ ၅ သန်း၏ သုံးပုံနှစ်ပုံသည် ကလေးမရှိသောမိသားစုဖြစ်ပြီး သုံးရာခိုင်နှုန်းကျော်သာလျှင် ကလေးရှိသော မိသားစုများဖြစ်သည်။ အိမ်ထောင်စု လေးခုတွင် အိမ်ထောင်စုတစ်ခုသာ ကလေးတစ်ဦးနှုန်းရှိသည်။

**(ဆင်ဟွာ)**

# အိန္ဒိယရုပ်ရှင်လုပ်ငန်းများတွင် အမျိုးသမီးများ မိတ်ကပ်ဖန်တီးရှင်လုပ်ခွင့်ရတော့မည်

**နယူးဒေလီ နိုဝင်ဘာ ၄**

ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် မိတ်ကပ်ဖန်တီးရှင်များအဖြစ် အလုပ်လုပ်နိုင်ကြောင်း အိန္ဒိယနိုင်ငံထိပ်တန်းတရားရုံးတစ်ခုက ပြဋ္ဌာန်းချက်ချမှတ်ခဲ့သည်။ အစဉ်အလာအားဖြင့် အိန္ဒိယနိုင်ငံတွင် အမျိုးသားမိတ်ကပ်ဖန်တီးရှင်များသာ ကြီးစိုးခဲ့သော်လည်း ယခုအခါတွင် အဆိုပါ အစဉ်အလာဟောင်းကို ပယ်ဖျက်လိုက်ပြီး အမျိုးသမီး မိတ်ကပ်ဖန်တီးရှင်များကိုပါ နေရာပေးလာပြီဖြစ်သည်။

၅၉နှစ်ကြာ ကျင့်သုံးလာခဲ့သော အဆိုပါ အစဉ်အလာဟောင်းက အမျိုးသမီးများ မိတ်ကပ်ဖန်တီးရှင်ပြုလုပ်ခြင်းကို တားမြစ်ထားသည်။ သို့သော် ၎င်းတို့ကို ဆံပင်အလှဖန်တီးရှင်အဖြစ် လုပ်ကိုင်ခွင့်ပြုထားသည်။

ထုံးတမ်းအစဉ်အလာကြီးမားသော ဘောလိဝုဒ်မှ အမျိုးသားများ၏ အသက်မွေးဝမ်းကျောင်းအလုပ်ကို ထိခိုက်နိုင်သည်ဟုဆိုကာ အမျိုးသမီးများကို မိတ်ကပ်ဖန်တီးရှင်ပြုလုပ်ခြင်းကို သဘောမတူဟု ဘောလိဝုဒ်အဖွဲ့က ပြောကြားခဲ့သည်။

ဘောလိဝုဒ်သည် အိန္ဒိယနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး ရုပ်ရှင်နှင့်ဖျော်ဖြေရေးအစီအစဉ်ထုတ်လုပ်သည့် နေရာတစ်ခုဖြစ်သည်။

အမျိုးသမီးကိုးဦးက ၎င်းတို့ကို အစဉ်အလာကြီးမားသည့် ဘောလိဝုဒ်အဖွဲ့က မိတ်ကပ်ပညာရှင်များအဖြစ် လုပ်ခွင့်မပေးခဲ့သည့်အတွက် ၂၀၁၃ ခုနှစ် ဇန်နဝါရီလက တရားရုံးသို့ အသနားခံလျှောက်ထားခဲ့သည်။

တရားရုံးချုပ်က ဤထုံးတမ်းအစဉ်အလာသည် ဖွဲ့စည်းပုံအရ လုံးဝလက်မခံနိုင်သော ခွဲခြားဖိနှိပ်မှုဖြစ်ကြောင်း ပြောခဲ့သည်။

“ဒီလိုခွဲခြားမှုမျိုးနဲ့ဆို ဘယ်လိုဆက်ပြီး စခန်းသွားမလဲ၊ ဒီကိစ္စကိုဆက်ပြီးခွင့်မပြုသင့်ဘူး၊ ကျွန်တော်တို့ ဖွဲ့စည်းပုံမှာ ဒါကိုခွင့်မပြုသင့်ဘူး၊ ဘာကြောင့် အမျိုးသားတွေပဲ မိတ်ကပ်ဖန်တီးရှင်ဖြစ်ရတာလဲ”ဟု တရားသူကြီးများဖြစ်သော ဒီပတ်ခ်မီဆာရာနှင့် အူအူလာလစ်တို့၏ အင်ဒီးယန်းအိတ်စ်ပရက်စ်သတင်းစာတွင် ပြောကြားခဲ့သည်များကို ကိုးကား၍ ပြောခဲ့သည်။

အကယ်၍ မိတ်ကပ်ဖန်တီးရှင်ဖြစ်မည့် အရည်အချင်းရှိလျှင် မည်သည့်အမျိုးသမီးကိုမှ ပိတ်ပင်တားဆီးမှု မလုပ်သင့်ကြောင်း ၎င်းတို့က ထပ်လောင်းပြောကြားခဲ့သည်။ ထို့အပြင် မိမိတို့သည် ခရစ်နှစ် ၂၀၁၄ ခုနှစ်တွင် နေနေခြင်းဖြစ်ကြောင်း၊ ခရစ်နှစ် ၁၉၃၅ ခုနှစ်တွင် နေနေခြင်းမဟုတ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ **(ဘီဘီစီ)**



# ကလေးငယ်များစားထိုးခံရမှု တရုတ်နိုင်ငံ၌ သတိပေးချက်များ ထုတ်ပြန်ခဲ့

**ပေကျင်း နိုဝင်ဘာ ၄**

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစူးပြည်နယ်၌ အမျိုးသားတစ်ဦး ဓားကိုင်ရမ်းကားမှုကြောင့် ကလေးတစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦးဒဏ်ရာရရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်လကျော်ကလည်း အလားတူကိစ္စမျိုးဖြစ်ပွားခဲ့ရာ သုံးဦးထက်မနည်းသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ လန်းဂူဒွန်းရွာ၌ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်က အသက်သုံးနှစ်အရွယ် ယောက်ျားလေးတစ်ဦးနှင့် လေးနှစ်အရွယ် မိန်းကလေးတစ်ဦးကို အဆိုပါအမျိုးသားက တိုက်ခိုက်ခဲ့ရာ မိန်းကလေးမှာ ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောခဲ့သည်။

သံသယရှိသူ အမျိုးသားကို ထိန်းသိမ်းထားကြောင်း၊ အစောပိုင်းစုံစမ်းစစ်ရေးမှုများအရ ၎င်းသည် စိတ်ကျရောဂါခံစားနေရသူဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောခဲ့သည်။ တရုတ်နိုင်ငံ၌ ကလေးငယ်များဓားထိုးခံရသည့် ကိစ္စများနှင့်ပတ်သက်ပြီး သတိပေးချက်များထုတ်ပြန်ခဲ့သည်။ **(ဆင်ဟွာ)**

## ထမင်းပေါင်းအိုးအပူလွန်ကဲရာမှ မီးလောင်

**ပျဉ်းမနား နိုဝင်ဘာ ၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းအုပ်စု ကင်ပွန်းတန်းကျေးရွာ၌ ယနေ့နံနက် ၁၀ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကင်ပွန်းတန်းကျေးရွာ (၄)လမ်းနှင့် (၅)လမ်းကြားရှိ ဒေါ်အေးအေးဝင်း၏ အိမ်အပေါ်ထပ်၌ ထမင်းပေါင်းအိုးအပူလွန်ကဲပြီး မီးပလပ်ခုံရှော့ခ်ဖြစ်၍ အရည်ပျော်ကျရာမှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့သည်။



မီးလောင်မှုကြောင့် လူတိရစ္ဆာန် အသေအပျောက် မရှိသော်လည်း ဒေါ်အေးအေးဝင်း၏ နေအိမ်အပေါ်ထရံလေးချပ်နှင့် အိမ်နီးချင်း ဦးတင်စိုး၏နေအိမ် အပေါ်ထပ်ထရံလေးချပ်ကို မီးကူးစက်လောင်ကျွမ်းခဲ့ပြီး နေအိမ်နှစ်လုံး အပေါ်ထပ် ပတ်လည်ထရံများ ဆုံးရှုံးခဲ့သည်။

**အမှုဖွင့်စစ်ဆေးလျက်ရှိ**

မီးလောင်ရာသို့ နေပြည်တော် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပျဉ်းမနားအထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိ၍ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းငြိမ်းသတ်ခဲ့ပြီး အိမ်ရှင် ဒေါ်အေးအေးဝင်းကို ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-ဇော်ထွန်းဝင်း**

---

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## မော်လမြိုင်မြို့ လှိုင်ရပ်ကွက်၌ နေအိမ်တစ်လုံးမီးလောင်

**မော်လမြိုင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် နရာစင်လမ်းရှိ ဒေါ်တင်တင်ဝင်း (၅၈) နှစ်၏ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်းနေအိမ်၌ နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ ယင်းမီးလောင်မှုဖြစ်ပွားရာသို့ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၂၀ တွင် ငြိမ်းသွားခဲ့သည်။ မီးသတ်ဦးစီးဌာန၏စစ်ဆေးချက်အရ လျှပ်စစ်ရေနွေးအိုးအပူမှတစ်ဆင့် အနီးရှိ ဖိနပ်အသစ်အရန် ၅၀ ခန့်ကို မီးကူးစက်လောင်ကျွမ်းကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရရှိကြောင်း သိရသည်။ **(အောက်ပုံ)** **(လ/၀၁၂)**



---

## ဓားကိုင် လူလေးဦးက ငွေများနှင့် ဟန်းဆက်များကို လုယူထွက်ပြေး

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်ကို မိုးရွာနေစဉ် နိုဝင်ဘာ ၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ဆိုင်တွင်းဗီရိုအံဆွဲထဲရှိငွေကျပ် ၃၂ သိန်းကို လုယူထွက်ပြေးခဲ့သဖြင့် အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ဖြစ်စဉ်မှာ အင်းစိန်မြို့နယ် စဉ့်ကူရပ်ကွက် ပုလဲလမ်းရှိ ရော်ဘာပစ္စည်းစက်ရုံဝင်းရှေ့ရှိ ဆုံဆည်းရာစားသောက်ဆိုင်အတွင်း၌ အမျိုးသားကြီး သုံးဦး၊ အမျိုးသမီးသုံးဦးနှင့် လူငယ်ငါးဦးတို့ရှိနေစဉ် လူလေးဦးသည် ဓားများကိုင်ဆောင်၍ ဆိုင်ရှင် ဦးကျော်သူမိုးကို မျက်လုံး၊ လက်၊ ပါးစပ်တို့ကို တိပ်အဝါရောင် (အဝတ်)ဖြင့် ပတ်ချည်နှောင်ကာ ဆိုင်အလုပ်သမားများအား ဆိုင်အတွင်း၌ ထိုင်စေပြီး စားပွဲအံဆွဲအတွင်းမှ ငွေကျပ် ၃၂ သိန်းနှင့် ဟန်းဆက်ငါးလုံး တန်ဖိုးစုစုပေါင်းငွေကျပ် ၃၆ သိန်း ၈ သောင်းခန့်ကို ယူဆောင်သွားခဲ့ကြသည်။

အမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးဖမ်းဆီးနိုင်ရေးအတွက် လိုက်လံစုံစမ်းလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး-အင်းစိန်**

---

## ကွန်ဟိန်းမြို့နယ်၌ ဘိန်းစိမ်း ၇၆ ဒသမ ၉၃၆ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၂ ရက်က ကွန်ဟိန်းမြို့နယ် ဆိုင်းမွန်ကျေးရွာအရှေ့ဘက် တစ်မိုင်ခန့်အကွာ နတ်စင်အနီး၌ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များသည် ကွန်ဟိန်းမြို့ဘက်မှ ခိုလန်ဘက်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် SHN 9A/--- နံပါတ်ပါအဖြူရောင် ဗင်ကားအားတားဆီးစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ယာဉ်ကို ကိုက် ၂၅၀ ခန့်အကွာတွင် ရပ်တန့်ပြီး ယာဉ်ပေါ်ပါသူများ ထွက်ပြေးသွားသဖြင့် ယာဉ်ကို စစ်ဆေးရာ ဆာလာအိတ် သုံးအိတ်နှင့် လက်ဆွဲသေတ္တာတစ်လုံးအတွင်းမှ ဘိန်းစိမ်းအထုပ် ၄၈ ထုပ် စုစုပေါင်း ဘိန်းစိမ်း အလေးချိန် ၇၆ ဒသမ ၉၃၆ ကီလို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။



ပိုင်ရှင်မဲ့ဖမ်းဆီးရမိ ဘိန်းစိမ်းများအား တွေ့မြင်ရစဉ်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် ဘိန်းစိမ်းများနှင့်ပတ်သက်၍ ကွန်ဟိန်းမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## ဖားကန့်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၆ ပြားနှင့် ဘိန်းဆီခဲ ၁၃ ဒသမ ၂ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု နမ့်မော်ကျေးရွာ ရပ်ကွက်(၂) လမ်းမပေါ်၌ တွေ့ရှိသူ သန့်ဇင်ဝင်းကိုရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီတိုယာဘက်အိတ်အတွင်းမှ ပလတ်စတစ်ဖြင့် ထုပ်လျက်ဘိန်းဆီခဲ ၇ ဒသမ ၂ ဂရမ်နှင့် ရပ်ကွက်(၂)ရှိ ၎င်း၏နေအိမ်ကို ရှာဖွေရာ နေအိမ်ရှေ့၌ ရပ်ထားသည့် ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၆ ပြားနှင့် ဘိန်းဆီခဲ ၁၃ ဒသမ ၂ ဂရမ် ထပ်မံသိမ်းဆည်းရမိ၍ စုစုပေါင်း ဘိန်းဆီခဲ အလေးချိန် ၂၀ ဒသမ ၄ ဂရမ် သိမ်းဆည်းရမိသဖြင့် သန့်ဇင်ဝင်း (၂၃ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## မိုးညှင်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

နိုဝင်ဘာ ၁ ရက်က မိုးညှင်းမြို့နယ် မော်ဟန်ရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များသည် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၏အနောက်ဘက် လေးမိုင်ခန့်အကွာ တောင်စိမ်းလေးမော်ဈေးတန်းတွင်တွေ့ရှိသူ မောင်အေးအားရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့်အတွင်းခံဘောင်းဘီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးအပြား ၂၀၀ ကို သိမ်းဆည်းရမိသဖြင့် မောင်အေး(၂၈နှစ်) ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုမှန်သမျှ တိုက်ဖျက်ကြ**

---


သမ္မတ၊ သွင်
ဝင်းလိုက် (မန္တလေး)




နေပြည်တော်(၁)၊ မင်္ဂလာစံပြ၊ မင်္ဂလာ(၂)
မင်္ဂလာဒိုင်းမွန်း(မန္တလေး)




မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal
မြို့မ(မန္တလေး)




ရွှေဆောင်(၁)၊ မင်္ဂလာစံပြ
မင်္ဂလာဒိုင်းမွန်း (မန္တလေး)




ရွှေဆောင်(၂)၊ မင်္ဂလာဒိုင်းမွန်း (မန္တလေး)




နေပြည်တော်(၃)




နေပြည်တော်(၂)၊ မင်္ဂလာဒိုင်းမွန်း (မန္တလေး)




| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal (စိန်ဂေဟာ-ပါရမီ) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) | ပွဲချိန်သတ်ပြီ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၈၂၉၁ | ၀၂-၃၉၁၂၈ | ၀၂-၃၉၁၃၆ | ၀၉၄၀၂၇၆၅၆၃ | ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၃၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၇၆၁၁၁ | ၀၁-၃၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၈၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၂ | Mingalar Cinemas facebook |

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အာဆီယံ-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး




**အာဆီယံ-ဂျပန်ပူပေါင်းဆောင်ရွက်ရေးခရီးအစ**

အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြားဆွေးနွေးပွဲတစ်ခုကို ၁၉၇၃ ခုနှစ်တွင် informal ပြုလုပ်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲသည် ၁၉၇၇ခုနှစ် မတ်လတွင် စီစဉ်ခဲ့သည့် အာဆီယံ-ဂျပန်ဖိုရမ်နှင့် အတူတရားဝင်ဖြစ်လာခဲ့သည်။ ထို့နောက် အဆိုပါအချိန်မှစ၍ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား နိုင်ငံရေးလုံခြုံမှု၊ စီးပွားရေးနှင့် ဘဏ္ဍာရေး၊ လူမှုယဉ်ကျေးမှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်ဖက်ဆက်ဆံရေးစတင်ခဲ့ပါသည်။ ပထမဆုံးအကြိမ် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၁၉၇၇ခုနှစ် ဩဂုတ်လ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ပါသည်။

အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုကို ကာလရှည်ကြာစွာနှင့် တက်ကြွစွာ ဆောင်ရွက်နိုင်ရေးအတွက် တိုကျိုကြေညာချက် (Tokyo Declaration for the Dynamic and Enduring ASEAN-Japan Partnership in the New Millennium)ကို အာဆီယံလုပ်ငန်းစီမံချက် (ASEAN -Japan Plan of Action)နှင့် အတူ ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် တိုကျို၌ပြုလုပ်ခဲ့သည့် အာဆီယံ-ဂျပန်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် နှစ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေခဲ့ပါသည်။ အာဆီယံ-ဂျပန်နှစ်(၄၀)ပြည့် အထိမ်းအမှတ်ထိပ်သီးအစည်းအဝေးကို ၂၀၁၃ခုနှစ် ဒီဇင်ဘာလအတွင်း ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

**အာဆီယံ-ဂျပန်စီးပွားဆက်ဆံရေး**

အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား အပြန်အလှန်ကုန်သွယ်မှုသည် ၂၀၁၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၉ဘီလီယံအထိ ရှိခဲ့ပြီး အာဆီယံကုန်သွယ်မှု စုစုပေါင်း၏ ၉ ဒသမ ၆ရာခိုင်နှုန်းရှိပါသည်။ ဂျပန်နိုင်ငံသည် တရုတ်နှင့် ဥရောပပြီးလျှင် အာဆီယံ၏တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အာဆီယံနိုင်ငံများတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၉ ဘီလီယံရှိပါသည်။ သို့ပါ၍ အာဆီယံနိုင်ငံများသို့ စီးဝင်သည့်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ ၁၈ ဒသမ ၇ ရာခိုင်နှုန်းဖြစ်၍ ဂျပန်နိုင်ငံသည် အာဆီယံနိုင်ငံများ၏ ဒုတိယအကြီးဆုံး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်သည့်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပါသည်။

ဂျပန်နိုင်ငံသည် လျှပ်စစ်ပစ္စည်းကိရိယာများနှင့် စက်ပစ္စည်းကိရိယာများ၊ ဆက်သွယ်ရေးနှင့်ကွန်ပျူတာဆိုင်ရာ စက်ပစ္စည်းများနှင့် အစိတ်အပိုင်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာကိရိယာများ၊ ယာဉ်များနှင့် လျှပ်စစ်မဲ့ စက်ပစ္စည်းများ စသည်တို့ကို ပို့ကုန်တင်ပို့ပြီး သွင်းကုန်ပစ္စည်းများအနေဖြင့် စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ စက်သုံးဆီ၊

ထက်ထက်ထူး

လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ငါး စသည်တို့ကို တင်သွင်းပါသည်။

အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်း ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများ၊ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**အာဆီယံ-ဂျပန်ပေါင်းစည်းရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းစီမံချက်များ**

ဂျပန်နိုင်ငံမှ အာဆီယံ-ဂျပန်ပေါင်းစည်းရေးရန်ပုံငွေအောက်ရှိ လုပ်ငန်းစီမံချက်များ၊ ထပ်မံဖြည့်တင်းထားသည့် ရန်ပုံငွေအောက်ရှိ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးတို့၏ စီးပွားရေးနှင့် စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ကော်မတီ (AMEICC) မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစီမံချက်များ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အပါအဝင်အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ လုပ်ငန်းစီမံချက်များ၊ တီထွင်ဆန်းသစ်မှုများနှင့် စက်မှုလုပ်ငန်း နယ်ပယ်သစ်များဆိုင်ရာ လုပ်ငန်းစီမံချက်များတွင် ကူညီလျက်ရှိပါသည်။

**နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ**

ဂျပန်နိုင်ငံအနေဖြင့် လွတ်လပ်သောကုန်သွယ်မှု ဒေသထူထောင်ရေး သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စင်ကာပူနိုင်ငံနှင့် ၂၀၀၀ ပြည့်နှစ်တွင် လည်းကောင်း၊ မလေးရှားနိုင်ငံနှင့် ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံနှင့် ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ ဘရူနိုင်းနိုင်ငံနှင့် ၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ ဗီယက်နမ်နိုင်ငံနှင့် ၂၀၀၈ ခုနှစ်တွင်လည်းကောင်း နှစ်နိုင်ငံသဘောတူညီချက်များ ချုပ်ဆိုနိုင်ခဲ့ပါသည်။

**အာဆီယံ-ဂျပန်အနာဂတ်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ**

ကုန်စည်ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများတိုးတက်စေရေးနှင့် အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကျယ်ပြန့်စေရေး၊ အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးတက်လာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

## မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော် ရှေးဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူ စေတီတော်တို့တွင် သတ္တမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲနှင့် ရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီတွင် ရှင်အရဟံအနော်ရထာရင်ပြင်တွင် မသိုးရွှေကြာသင်္ကန်းကို စတင်ရက်လုပ်ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုဝင်ဘာ ၆ ရက် နံနက် ၅ နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ထို့ပြင် ည ၇ နာရီတွင် တန်ဆောင်တိုင်မီးထွန်းပွဲနှင့် သာမညဖလ အခါတော်နေ့ကိုပါ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ကိုးထပ်ကြီးဘုရား၌ ဆီမီး ၉၉၉၉ ထွန်းညှိပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၄**

စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသော အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား၌ (၂၄) ကြိမ်မြောက် ဆီမီးအလင်းတိုင် ၉၉၉၉ တိုင်ထွန်းညှိပူဇော်ပွဲနှင့် မဲဇလီဖူးသုပ်တင်း ၃၀ လှူဒါန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂ ရက် ညနေက မဟာသန္တိသုခဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် စမ်းချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်က အမှာစကားပြောကြားပြီး ဂေါပကအဖွဲ့နာယက ဦးသန်း၊ ဘဏ္ဍာရေးမှူး ဦးအောင်သိန်းနှင့် စီမံရေးရာမှူး ဦးဇော်လွင်ထွန်းတို့က လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ကိုးထပ်ကြီးဘုရား၌ တန်ဆောင်မုန်းလပြည့်နေ့ ညနေတွင် မဲဇလီဖူး သုပ်တင်း ၃၀ ကျော်ဝေငှလှူဒါန်း၍ ညနေ ၆နာရီကျော်တွင် ဘာသာရေးအသင်းအဖွဲ့များက ဆီမီးအလင်းတိုင် ၉၉၉၉ တိုင် ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။ **တင်ဝင်းလေး (ကြည့်မြင်တိုင်)**

## ပညာသင်ထောက်ပံ့ကြေးပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

**မန္တလေး နိုဝင်ဘာ ၄**

ယောပညာသင်ထောက်ပံ့ရေးအဖွဲ့၏ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများနှင့် တက္ကသိုလ်/ကောလိပ်များမှ ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသား ကျောင်းသားများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်နိုင်ရန်အတွက် စတုတ္ထအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁ ရက် ညနေ ၅ နာရီက မန္တလေးမြို့ (၂၈)လမ်းနှင့် (၂၉) လမ်းကြား ၇၇ လမ်းရှိ မင်မိုရီဟိုတယ်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ယောပညာသင်ထောက်ပံ့ရေးအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၂)ဦးခင်မောင်တင့်က ပညာသင်ထောက်ပံ့ရေးနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များနှင့် ရန်ပုံငွေထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ပညာသင်ထောက်ပံ့ရေးအဖွဲ့၏ လျှောက်လွှာနှင့် ပတ်သက်၍ သတင်းစာ၌ ကြော်ငြာမည့်အကြောင်းအရာနှင့် ပညာသင်ဆုရရှိနိုင်မည့် ကျောင်းသား ကျောင်းသူများ စိစစ်ရွေးချယ်နိုင်ရေး ကိစ္စရပ်များကို ဦးယဉ်ဝင်းမောင် (ပါမောက္ခချုပ်-ငြိမ်း)က ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ယောပညာသင်ထောက်ပံ့ရေးအဖွဲ့သည် မကွေးတိုင်းဒေသကြီး ယောနယ်ဒေသများဖြစ်သည့် ဂန့်ဂေါ၊ ကျောက်ထု၊ ထီးလင်း၊ ဆောမြို့နယ်များနှင့် ပုလဲမြို့နယ် (ပန်းချီထောင်ရွာမှာ ဂန့်ဂေါနယ်စပ်တောင်ပေါ်ဒေသ)အထိ အခြေခံပညာကျောင်းများမှ ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် တက္ကသိုလ်/ကောလိပ်များမှ ဘာသာရပ်အလိုက် ထူးချွန်သူများကို ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ရာ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာကျောင်းများတွင်လည်းကောင်း၊ သတင်းစာများ၌ ကြော်ငြာ၍လည်းကောင်း၊ ယောပညာသင်ထောက်ပံ့ရေးအဖွဲ့ဝင်များနှင့် ဆက်သွယ်၍လည်းကောင်းရယူနိုင်ပြီး ဒီဇင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**



ဦးမြင့်လွင်-ဒေါ်တင်တင်ဌေးတို့၏သား တောင်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ဒုတိယတန်းမှ မောင်အောင်ကိုမြင့်၏ ရှစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၂၉ ရက်တွင် ကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နို့ခေါက်ဆွဲနှင့် အချိုရည်များ တိုက်ကျွေးစဉ်။ (မြန်မာ့အလင်း)

## ဆိုင်ခန်းများစစ်ဆေးဆောင်ရွက်

**မြောင်းမြ နိုဝင်ဘာ ၄**

ကျောင်းသားလူငယ်များသည် ရုပ်ပတ်ဝန်းကျင်နှင့် မီဒီယာများတွင် တွေ့မြင်ကြားသိရသည့် အကြောင်းအရာများကြောင့် စာရိတ္တပိုင်း၊ ပညာရေးပိုင်းနှင့် ပြည်သူ့နီတိပိုင်းတို့တွင် အားနည်းချက်များ၊ ချို့ယွင်းချက်များ ဖြစ်ပေါ်လျက်ရှိရာ ကျောင်းပတ်ဝန်းကျင်အချို့၌ ကျောင်းသား ကျောင်းသူများနှင့် မသက်ဆိုင်သော ဗီဒီယိုဂိမ်းဆိုင်များ၊ အရက်ဆိုင်များ၊ ကွမ်းယာဆိုင်များ၊ ဆေးလိပ်ဆိုင်များ ဖွင့်လှစ်ရောင်းချနေသည်ကို တွေ့ရှိရသဖြင့် အဆိုပါဈေးဆိုင်ခန်းများ ဖယ်ရှားရှင်းလင်းနိုင်ရန် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများက မြို့ပေါ်အခြေခံပညာကျောင်းများ၌ လှည့်လည်စစ်ဆေးခဲ့သည်။ **အောင်မင်း(iprd)**

## တမူးမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု မကြာမီတည်ဆောက်မည်

**တမူး နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသော်ချိုင့်ဝှမ်းမြို့တော် တမူးမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု တည်ထားနိုင်ရေးအတွက် မြို့ဒေသခံလူထုက ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနောက်မြောက်ဒေသ ကသော်ချိုင့်ဝှမ်းမြို့တော် တမူးမြို့အနေဖြင့် ယခင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုတည်ဆောက်ရန်ခွင့်ပြုချက် ရထားခဲ့ပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မတည်ဆောက်ဖြစ်ဘဲ ယခုမှသာ ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း တမူးမြို့ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု တည်ဆောက်ခြင်းနှင့်ပတ်သက်၍ တမူးမြို့ရှိ မြို့မိမြို့ဖများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တမူးလူငယ်ကွန်ရက်တို့ တွေ့ဆုံဆွေးနွေးကာဗိုလ်ချုပ်ကြေးရုပ်အား မတ်တပ်ရပ်ပုံစံနှင့် ကိုယ်တစ်ပိုင်းပုံစံ မည်သည့်ပုံစံ တည်ဆောက်မည်ဆိုသည်ကို ပဏာမဆွေးနွေးမည်ဖြစ်ပြီး ဗိုလ်ချုပ်ကြေးရုပ်တည်ဆောက်ရေးအတွက် ယခင် ယဉ်ကျေးမှုဝန်ကြီးဌာနက ခွင့်ပြုထားပြီးပုံစံအတိုင်း ပြုလုပ်ခွင့် ရှိ၊ မရှိ ထပ်မံတင်ပြရန် လို၊ မလို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဆက်သွယ်စုံစမ်းသွားမည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြေးရုပ်တုတည်ဆောက်ရာတွင် အသုံးပြုမည့် ကုန်ကျစရိတ်များအား တမူးဒေသရှိမြို့ခံများက စုပေါင်း ထည့်ဝင် တည်ဆောက်သွားမည်ဖြစ်ပြီး ယခုလက်ရှိ တည်ဆောက်ရန် ငွေကြေးလှူဒါန်းမည့် အလှူရှင်များလည်း အများအပြားရှိနေကြောင်း ကြေးရုပ်ဖြစ်မြောက်ရေး ကော်မတီမှ သိရသည်။

**ချင်းတွင်းသား**

ပြည်တွင်းသတင်း

# တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစတင်ခြင်းအတွက် သတင်းထုတ်ပြန်ကြေညာချက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းအစီအစဉ်ကို ယနေ့ နိုဝင်ဘာ ၃ ရက်မှ စတင်လိုက်ပြီဖြစ်သည်။ ဤလုပ်ငန်းစဉ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်ချက်အရည်အချင်းနှင့် ပြည့်မီသော မဲဆန္ဒရှင်များ၏ အမည်နှင့်ကိုယ်ရေးအချက်အလက်များကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကွန်ပျူတာစနစ်အတွင်း ထည့်သွင်းသွားမည်ဖြစ်သည်။ ထို့နောက် တစ်နိုင်ငံလုံးမှ မဲဆန္ဒရှင်စာရင်းများကို နေပြည်တော်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရှိ ကွန်ပျူတာအချက်အလက်ဘဏ် (Data Center)တွင် စုစည်းထားရှိမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်း အချက်အလက်များကို ကွန်ပျူတာစနစ်အတွင်း ထည့်သွင်းပြုစုခြင်းသည် အောက်ပါအကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်-

- မဲဆန္ဒရှင်စာရင်းများကို စာရွက်များပေါ်တွင် အကြိမ်ကြိမ်လက်ဖြင့်ရေးသားထည့်သွင်းပြုစုရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့်အမှားအယွင်းများ လျော့နည်းစေရန်။
- နေရာဒေသနှစ်ခုတွင် အမည်စာရင်းပါနေသော မဲဆန္ဒရှင်များကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဖြေရှင်းဖယ်ထုတ်နိုင်ရန်။
- ရွေးကောက်ပွဲအတွက် တရားဝင်ကြေညာမည့် မဲဆန္ဒရှင်စာရင်းမတိုင်မီ အမည်အသစ်ထည့်ခြင်း၊ ဖယ်ထုတ်ခြင်း၊ မှားယွင်းနေသောအချက်အလက်များ ပြင်ဆင်ခြင်းများကို လွယ်ကူစွာဆောင်ရွက်နိုင်စေရန်။
- မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့၏အမည်နှင့် ကိုယ်ရေးအချက်အလက်များကို ရွေးကောက်ပွဲမတိုင်မီ Online မှ ကြည့်ရှုစစ်ဆေးနိုင်စေရန်။
- ယခုမဲဆန္ဒရှင်စာရင်းကို အခြေခံပြီး ထပ်မံပေါ်ပေါက်လာနိုင်မည့် အချက်အလက်အပြောင်းအလဲ အသစ်များကိုသာ ပြင်ဆင်ဖြည့်စွက်ရန်လိုမည်ဖြစ်သောကြောင့် နောင်လာမည့် ရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်းကို တစ်သမတ်တည်း ဆောင်ရွက်နိုင်ရန်။

ကွန်ပျူတာစနစ်အတွင်းသို့ မဲဆန္ဒရှင်စာရင်းများထည့်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြမည့် အချက်အလက်ထည့်သွင်းရေးဝန်ထမ်းများအတွက် ပို့ချပေးမည့်သင်တန်းကို ရန်ကုန်မြို့ အလုံမြို့နယ်တွင် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ လုပ်ငန်းများ စတင်ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၁၀ မြို့နယ်မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝန်ထမ်းများက သင်တန်းတက်ရောက်ပြီးနောက် ၎င်းတို့၏မြို့နယ်ရုံးများတွင် ကွန်ပျူတာစနစ်တွင်းသို့ မဲဆန္ဒရှင်စာရင်းများ ထည့်သွင်းခြင်းလုပ်ငန်းများ စတင်ကြမည်ဖြစ်သည်။

ဖော်ပြပါသင်တန်းများကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများကိုဆက်လက်၍ ပို့ချသွားမည်ဖြစ်သည်။ ယခုဆောင်ရွက်မည့် ကွန်ပျူတာစနစ်အတွင်းသို့ မဲဆန္ဒရှင်များ၏ အမည်စာရင်းများထည့်သွင်းခြင်းလုပ်ငန်းသည် မြို့နယ်အသီးသီးရှိ မဲဆန္ဒရှင်အရေအတွက်ပေါ်တွင် မူတည်၍ အချိန်တစ်လမှ လေးလခန့်ကြာမည်ဟုခန့်မှန်းသည်။

၂၀၁၅ ခုနှစ် ဧပြီလတွင် ကွန်ပျူတာစနစ်အတွင်းသို့ မဲဆန္ဒရှင်စာရင်းများ ထည့်သွင်းခြင်းလုပ်ငန်းများအပြီးသတ်ပြီးနောက် ကျန်လုပ်ငန်းများကို ရွေးကောက်ပွဲကျင်းပမည့်အကြောင်း မကြေညာမီ ဇူလိုင်လဒုတိယပတ်တွင် ပြီးစီးအောင်ဆောင်ရွက်နိုင်ရန် ရည်မှန်းထားသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပညာရေးမြှင့်တင်ရေးအစီအစဉ်အရ ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည့် ရန်ကုန်တက္ကသိုလ်

ဟန်နီဝင်း(သတင်းစဉ်)
ဓာတ်ပုံ-ကိုကိုလေး

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် ပြည်လမ်းထောင့်တွင်တည်ရှိသော ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာကပင် လူသိများလှပါသည်။ ရန်ကုန်တက္ကသိုလ်သည် ပြောင်းလဲလာသော ခေတ်ကာလနှင့်အညီ နိုင်ငံတကာအဆင့်မီတက္ကသိုလ်တစ်ခု ဖြစ်လာရေးအတွက် ရုပ်ပိုင်းဆိုင်ရာအသွင်အပြင်၊ သင်ကြားရေးဆိုင်ရာပြောင်းလဲမှု၊ သုတေသနဆိုင်ရာ အဆင့်မြှင့်တင်မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု စသည့် ဘက်ပေါင်းစုံမှ တိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် တက္ကသိုလ်သည် ပြည်သူများအတွက် ပညာရှာမှီးသည့်နေရာသာမက ဘာသာရပ်ဌာန အသီးသီး၏ သုတေသနလုပ်ငန်းများသည်လည်း ပြည်သူနှင့် နိုင်ငံတော်အတွက် ဖြစ်ရမည်ဟူသောဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ရာ ရန်ကုန်တက္ကသိုလ်နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၏ ပြောကြားချက်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**မေး။ ။ အစိုးရသစ်လက်ထက် ရန်ကုန်တက္ကသိုလ် ပြန်လည်ပြင်ဆင်မှု အခြေအနေသိပါရစေ။**

ဖြေ။ ။ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ အဓိကကျတဲ့ ပြုပြင်ပြောင်းလဲမှုတွေအကြောင်းကို အဓိကထားပြောပြပေးသွားပါ့မယ်။ ဘက်စုံပြုပြင်ပြောင်းလဲခဲ့တဲ့နေရာမှာ အရည်အသွေးပိုင်းဆိုင်ရာနဲ့ ရုပ်ဝတ္ထုပစ္စည်းပိုင်းဆိုင်ရာတွေ ဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေရဲ့ အရည်အသွေးတိုးတက်လာစေဖို့ သင်ကြားပေးတဲ့ ဆရာ ဆရာမတွေရဲ့ အရည်အသွေးတိုးတက်လာအောင် ဆောင်ရွက်ပေးတယ်။ သင်ကြားရေးမှာ တိုက်ရိုက်အထောက်အကူပြုတဲ့ သင်ထောက်ကူပစ္စည်းနဲ့ လက်တွေ့ခန်းသုံးပစ္စည်းတွေ တိုးတက်လာအောင် ဆောင်ရွက်ပေးပါတယ်။ စာအုပ်စာတမ်းတွေလည်း ဖြည့်ဆည်းပေးတယ်။ ဒါက အရည်အသွေးပိုင်းဆိုင်ရာ ကိစ္စတွေဖြစ်ပါတယ်။

ရုပ်ပတ်ဝန်းကျင်ပိုင်းမှာ အဓိကရည်မှန်းချက်ထားတာကတော့ တက္ကသိုလ်ဟာ တက္ကသိုလ်နဲ့တူတဲ့ ရုပ်ပတ်ဝန်းကျင်ကောင်းတွေနဲ့ ပြည့်စုံရမယ်ဆိုတဲ့ ရည်မှန်းချက်တွေဖြစ်ပါတယ်။ အဲဒီမှာ စာသင်ခန်းတွေ၊ လက်တွေ့သင်ကြားရေးအခန်းတွေ၊ စာကြည့်တိုက်တွေရှိရမယ်။ ကလေးတွေ လွတ်လွတ်လပ်လပ်နဲ့ ဆွေးနွေးနိုင်တဲ့ Seminar Room နဲ့ Conference Room တွေလည်း ရှိဖို့လိုတယ်။ နောက်ပြီး ကလေးတွေ နားနားနေနေ နေလို့ရတဲ့ Recreation Center လို့ဆိုတဲ့ အဆောက်အအုံတွေလည်း ရှိရပါမယ်။ တခြား Activities တွေအားလုံးလုပ်လို့ရတဲ့ဟာတွေအားလုံးကို ရအောင်ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ အဓိက အခြေခံလိုတာကတော့ စာသင်ဆောင်နဲ့ စာသင်ခန်းတွေ၊ ကျောင်းသူ ကျောင်းသားတွေရဲ့ အဆောင်တွေ၊ ဆရာ ဆရာမတွေရဲ့ ဝန်ထမ်းအိမ်ရာတွေ ရှိရေးဆိုတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ရုပ်ပိုင်းဆိုင်ရာ ပြုပြင်မှုအားလုံးကိုဆောင်ရွက်တဲ့အခါ တက္ကသိုလ်ဆိုတာဟာ ပြင်ပက သာမန်ရပ်ကွက်တစ်ခုနဲ့မတူဘဲနဲ့ တက္ကသိုလ်ထဲကို ဝင်လိုက်တာနဲ့ တက္ကသိုလ်ရဲ့အရှိန်အဝါအရ ဝင်လိုက်တဲ့ ကျောင်းသားဟာလည်း မိမိကိုယ်မိမိ ဂုဏ်ယူသွားမယ်၊ မိမိရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းသွားချင်တဲ့ စိတ်ပေါက်လာအောင်ကို ဖန်တီးထားပေးရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ၂၀၁၁ ခုနှစ်ကတည်းက သိသိသာသာကို ပြောင်းလဲသွားအောင် ပြင်လိုက်တယ်။ တက္ကသိုလ်ကြီးကို ဝင်လိုက်တာနဲ့ ရန်ကုန်တက္ကသိုလ်ဆိုတဲ့ အထိမ်းအမှတ်ကတော့ အဓိပတိလမ်းပဲလေ၊ အဲဒီတော့ အဓိပတိလမ်းတစ်လျှောက် ဖြောင့်ဖြောင့်ဖြူးဖြူး သန့်သန့်ရှင်းရှင်းဖြစ်သွားတယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ သပ်ရပ်တဲ့ပလက်ဖောင်းရှိတယ်၊ စိမ်းလန်းနေတဲ့မြက်ခင်းတွေ၊ ဘေးတစ်ဖက်စီမှာလည်း ပါမောက္ခတွေနေတဲ့အိမ်တွေ သပ်သပ်ရပ်ရပ်ဖြစ်သွားတယ်။ အဲဒါနဲ့ တစ်ဆက်တည်းမှာ ကျောင်းသား ကျောင်းသူတွေ တကယ်ကို တန်ဖိုးထားတဲ့ ဘွဲ့နှင်းသဘင်ကြီးကိုလည်း ပြင်ပေးတယ်။ အဲဒါတွေကို မူလအသွင်မပျက်ဘဲနဲ့ ပိုပြီးသန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်လိုက်တာဖြစ်ပါတယ်။



ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်။

အဲဒီမှာလည်း တစ်ခုပြောစရာရှိတယ်။ ၂၀၁၁ ခုနှစ်က ဒီလိုပြုပြင်လိုက်တဲ့အချိန်မှာ ပြင်ပြီးခါစမှာပဲ အမေရိကန်သမ္မတ အိုဘားမားလာတယ်။ အဲဒီတော့ အပြင်ကလူတွေအားလုံးဟာ အိုဘားမားလာမယ်ဆိုလို့ ပြင်တယ်လို့ယူဆပြီး ပြောနေကြတာဖြစ်တယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့က ပညာရည်မြှင့်တင်ရေးအစီအစဉ်အရ ရုပ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအနေနဲ့ လုပ်တာဖြစ်ပါတယ်။ အဲဒီအချိန်မှာ တိုက်ဆိုင်ပြီး နိုင်ငံတကာအဆင့်မှာကိုပဲ ထည်ထည်ဝါဝါအဆင့်မီမီ သပ်သပ်ရပ်ရပ်နဲ့ ပြုပြင်ပြောင်းလဲတဲ့ အဆင့်အထိ ရောက်သွားတာဖြစ်ပါတယ်။

ဒါဟာ နိုင်ငံတော်ရဲ့ အစီအစဉ်အရ တိုးတက်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ အခြားနိုင်ငံတကာ ဧည့်သည်လာမှာမို့ အထူးအလေးပေးပြင်ဆင်ထားတဲ့ အစီအစဉ်မဟုတ်ဘူးဆိုတာ ပြောပြခြင်းဖြစ်ပါတယ်။

**မေး။ ။ နှစ်အလိုက် ဘတ်ဂျက်သုံးစွဲမှုကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။ ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ပိုပိုပြီး ခွင့်ပြုခဲ့တာရှိပါတယ်။ ၂၀၁၁ ခုနှစ်လောက်မှာ ၂ ဒသမ ၈ ဘီလီယံ လောက်ပဲရှိခဲ့တာ။ နောက်တစ်နှစ်က နေစပြီး ၆ ဘီလီယံ ပတ်ဝန်းကျင်ရှိခဲ့တယ်။ နှစ်စဉ် သုံးနှစ်ဆက်တိုက်ရှိပြီ သုံးစွဲထားတာဖြစ်ပါတယ်။ အချုပ်အားဖြင့်ဆိုရင် ၂ ဆ ၃ ဆလောက် သုံးစွဲ လာတာဖြစ်ပါတယ်

**မေး။ ။ Centre of Excellence ဆောင်ရွက်နေမှုကို ရှင်းပြပေးပါ။**

ဖြေ။ ။ Centre of Excellence ဟာ နိုင်ငံတကာအဆင့်မီတဲ့ပညာရပ်ကို သင်ပေးနိုင်တဲ့ Centre အမျိုးအစားဖြစ်ရမယ်ဆိုတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ထဲမှာ Social Science ဘာသာရပ်အတွက် Centre of Excellence ကို ဖွင့်ထားပေးတာရှိပါတယ်။ ရန်ကုန်တက္ကသိုလ် သိပ္ပံဆောင်ဘက်မှာ ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်နဲ့တွဲပြီး ဖွင့်လှစ်ထားတာရှိပါတယ်။ အဲဒီအစီအစဉ်ကနေပြီးတော့ ပထမဆုံး နိုင်ငံတကာဆက်ဆံရေးဘာသာရပ် ဆရာ ဆရာမတွေကို အရည်အချင်းစစ်ရွေးချယ်ပြီးတော့ တစ်နှစ်သင်တန်းပေးနေတာရှိပါတယ်။ အဲဒီသင်တန်းကို နိုင်ငံတကာက ဆရာတွေ လာရောက်ပြီး ဆွေးနွေးပို့ချပေးတာဖြစ်ပါတယ်။ ဒါ့အပြင် ရှေးဟောင်းသုတေသနပညာရပ်နဲ့ ဆိုင်တဲ့အပိုင်း၊ မနုဿဗေဒပညာရပ်နဲ့ဆိုင်တဲ့အပိုင်း၊ ဥပဒေပညာရပ်နဲ့ ဆိုင်တဲ့အပိုင်းတွေမှာလည်း နိုင်ငံတကာတက္ကသိုလ်တွေနဲ့ တွဲပြီး subject ဧရိယာအလိုက် centre of excellence တိုးချဲ့ပြီး ဖွင့်လှစ်နေပါတယ်။ အဲဒီ centre တွေမှာ အထောက်အကူပြုပစ္စည်းတွေဖြစ်တဲ့ internet access များ၊ discussion room တို့ကို ဖြည့်ဆည်းထားပေးတယ်။ သင်ကြားရေးစနစ်မှာ ဆရာနဲ့ကျောင်းသား အပြန်အလှန် သင်ကြားသင်ယူတဲ့စနစ်ကို ပြောင်းပါတယ်။ ဒါဟာ တက္ကသိုလ်မှာ ပြုပြင်ပြောင်းလဲရေးအတွက် အဓိကပါတဲ့ အချက်တစ်ချက်ပါ။ စာသင်ခန်းအနေအထားကိုလည်း ပြောင်းလဲရပါမယ်။ ကျယ်ပြန့်တဲ့ အခန်းအဖြစ် ပြောင်းလဲပြီး အဓိကကတော့ စိတ်ပါဝင်စားမှုအပြည့်အဝရရှိအောင် ဖန်တီးပေးရပါမယ်။ အရည်အသွေးတက်အောင် ဆရာ ဆရာမတွေရဲ့ အရည်အသွေးကို ဖြည့်ဆည်းပေးမယ်။ သင်ကြားပုံ သင်ယူနည်းကိုလည်း ပြောင်းလဲပေးမယ်။

သင်ကြားမှုကတစ်ဆင့် concept ကိုရရှိပြီး ပြန်အသုံးချတဲ့ဘက်ကို သွားတာမျိုးဖြစ်လို့ ကျောင်းသားကိုယ်တိုင်ကလဲ လေ့လာဖို့လိုအပ်လာပါတယ်။ အဲဒီအတွက် အင်တာနက်တို့ စာကြည့်တိုက်တို့ လိုအပ်ပြီးတော့ ပြီးပြည့်စုံအောင်ဖန်တီးပေးရမယ်။ အဲဒါကလည်း ပြုပြင်ပြောင်းလဲမှု တစ်ခုဖြစ်ပါတယ်။

စာကြည့်တိုက်တွေကို ပြုပြင်ပြောင်းလဲပေးတဲ့နေရာမှာလည်း ဟိုအရင်ကလို စာအုပ်တွေကို ဘာသာရပ်အလိုက်ခွဲပေးတာမျိုးမဟုတ်ဘဲ module အလိုက် သင်ကြားမယ့်ဘာသာရပ်အားလုံးရဲ့ စာအုပ်တွေအားလုံးကို စာကြည့်တိုက်မှာရှိအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

တက္ကသိုလ်ဟာ လွတ်လပ်ပြီး တက်ကြွနေတဲ့ သင်ကြားသင်ယူမှုစနစ်နဲ့ ပြည့်စုံတဲ့ တက္ကသိုလ်ဖြစ်ဖို့ ဆိုတဲ့ ပန်းတိုင်ကိုထားပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။ တက္ကသိုလ်ထဲမှာလည်းပဲ ကျောင်းသား ကျောင်းသူတွေဟာ University Life ပြန်ရနိုင်အောင် လိုအပ်တဲ့ရုပ်ပိုင်းဆိုင်ရာအပိုင်းတွေရော အဓိကဖြည့်ဆည်းပေးသွားမယ်။

**မေး။ ။ အဆောင်တွေ ပြုပြင်ဆောင်ရွက်မှုနဲ့ ပတ်သက်ပြီး ဘယ်လိုစီမံဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ရုပ်ပိုင်းဆိုင်ရာထဲမှာ ဘာတွေလိုလဲ ဆိုလို့ရှိရင် အဆောင်လိုအပ်ချက်ကလည်းပဲ အဓိကဖြစ်တယ်။ အဆောင်ထားခြင်းအားဖြင့် ကျောင်းသားတွေဟာ ပေါင်းသင်းဆက်ဆံမှုလည်းရလာမယ်။ မိမိကိုယ်ကို နေတတ်ထိုင်တတ်တဲ့စနစ်လေးလည်း ရသွားမယ်။ Hostel Life ဆိုတဲ့အဆောင်နေစဉ်မှာ ခင်မင်ရင်းနှီးတဲ့ အခြေအနေလေးဟာ နောင်ပြန်ရနိုင်တဲ့ အနေအထားမျိုးမရှိဘူး။ Hostel Life ထဲမှာ ခင်မင်ရင်းနှီးတဲ့ဟာတွေဟာ ဘဝတစ်လျှောက်လုံးအတွက် အဖော်ကောင်းဖြစ်ပါတယ်။ ဒီခေတ်ဒီအခါမှာလည်းပဲ ဆောင်ရွက်တဲ့အခါမှာ အပေါင်းအသင်း ချိတ်ဆက်မှုဟာ အင်မတန်အရေးကြီးတယ်၊ ဒီအဆောင်ဟာ ဘဝတစ်လျှောက်လုံးအတွက် Networking ပေးတဲ့အတွက် အဆောင်တွေကို ဖြည့်ဆည်းပေးနေပါတယ်။ အဲဒီတော့ တက္ကသိုလ်ရဲ့ အဆောင်တွေဖြစ်တဲ့ သီရိဆောင်၊ မာလာဆောင် ဒီအဆောင်တွေ အားလုံးကိုလဲ အခုအဆောင်သစ်ပြုပြင်ပြောင်းလဲပြီးတော့ ပြန်လည်ပြင်ဆင်နေပြီ။ အခုလာမယ့် ကျောင်းဖွင့်ပြီဆိုလို့ရှိရင်တော့ အဲဒါသည် တက္ကသိုလ်အဆောင်အဖြစ် ပြန်မြင်ရတော့မှာဖြစ်တယ်။ တစ်ယောက်အိပ်ခုတင်ရှိမယ်၊ စာဖတ်နိုင်ဖို့အတွက် စာရေးစားပွဲရှိမယ်၊ ထိုင်ခုံရှိမယ်၊ အလားတူပဲ အေးအေးဆေးဆေး နားနားနေနေဖတ်ဖို့အတွက် easy chair ရှိမယ်ဆိုတဲ့ အနေအထားလေးကို ကျွန်တော်တို့က ဖန်တီးထားပေးတာပဲဖြစ်တယ်။ နောက်တစ်ခုကတော့ ကလေးတွေ သက်သောင့်သက်သာနေနိုင်ဖို့ ဆိုတာကတော့ ထမင်းစားတဲ့အခန်းနဲ့ သန့်စင်ခန်းကလည်း သန့်ရှင်းသပ်ရပ်ဖို့ အရေးကြီးတယ်။

ယခင်အဆောင်တွေနဲ့မတူဘဲနဲ့ သပ်သပ်ရပ်ရပ်ရှိတဲ့ အနံ့အသက်ကင်းစင်တဲ့ သန့်စင်ခန်းမျိုးဖြစ်အောင်ကို ဖန်တီးထားပေးတယ်။ ဒါဟာလည်း ဘာလဲဆိုလို့ရှိရင် ဒီလိုဖန်တီးပေးခြင်းဟာ သပ်သပ်ရပ်ရပ်သုံးစေချင်တဲ့ဆန္ဒတစ်ခုတည်းမဟုတ်ဘဲနဲ့ နောင်တစ်ချိန်မှာ ဒီလိုသပ်သပ်ရပ်ရပ်နေသွားတတ်အောင်၊ နိုင်ငံတကာကိုသွားမယ်ဆိုရင် အခုလိုပဲ တက္ကသိုလ်အဆောင်တွေမှာသွားတဲ့အခါ နေတတ်ထိုင်တတ်အောင်လို့ လေ့ကျင့်ပေးတဲ့သဘောလည်းဖြစ်တယ်။ နောက်တစ်ခါ ဒီလိုအဆင့်အတန်းမြင့်မြင့်ထားတာကို ထိန်းသိမ်းရမယ်ဆိုတဲ့ အလေ့အကျင့်ကောင်းတစ်ခုကိုလည်း ရစေချင်တယ်။ အဲဒီတော့ အဆင့်မြင့်မြင့်နေစေချင်တာဖြစ်သလို ဒီလိုထိန်းသိမ်းရမယ်ဆိုတဲ့ စိတ်ဓာတ်ကိုလည်း ဖြစ်စေချင်တာ။

အဲဒီလိုနေထိုင်နိုင်အောင် ဖန်တီးပေးထားတာကို တန်ဖိုးထားပြီးတော့ ထိန်းသိမ်းဖို့လိုတဲ့ စိတ်ဓာတ်ကိုလည်းပဲ လေ့ကျင့်ပြုစုပျိုးထောင်ပေးတာ ဖြစ်ပါတယ်။ လူငယ်တွေ ပြုမူပြောဆိုဆက်ဆံမှုဟာ လူကြီးလူကောင်းလို ပြုမူပြောဆိုဆက်ဆံတဲ့ တွေးခေါ်တဲ့အပိုင်းကလည်း အင်မတန်အရေးကြီးတဲ့ကိစ္စဖြစ်ပါတယ်။ ကိစ္စတစ်ခုတိုင်းမှာ သူများပြောလို့ လိုက်လုပ်တာမျိုးမဟုတ်ရဘူး။ သူငယ်ချင်းတွေလုပ်လို့ လိုက်လုပ်တာမျိုးမဟုတ်ဘဲနဲ့ တကယ်လုပ်သင့် လုပ်ထိုက်တာကိုပဲ လုပ်တယ်ဆိုတဲ့ အနေအထားမျိုး ဖြစ်လာဖို့ဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာရော စည်းကမ်းပိုင်းဆိုင်ရာမှာ ပြုပြင်ပြောင်းလဲဖို့ လိုအပ်ပါတယ်။

**မေး။ ။ နိုင်ငံတကာအဖွဲ့အစည်းနဲ့ ပြည်ပ ပညာရှင်တွေက ကူညီဆောင်ရွက်မယ်ဆိုရင် ဘယ်လိုဆောင်ရွက်ဖို့ရှိပါသလဲ။**

*စာမျက်နှာ ၁၁ ကော်လံ ၃ သို့*

## ပြည်တွင်းသတင်း

■ *ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်သမ္မတသည် (၂၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၊ (၉)ကြိမ်မြောက်အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် (၁၇)ကြိမ်မြောက် အာဆီယံအပေါင်းသုံး ထိပ်သီးအစည်းအဝေးကျင်းပမည့် ပတ္တမြားခန်းမ၌ ကြိုတင်ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အာဆီယံနိုင်ငံများနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေးများကျင်းပမည့် နီလာခန်းမနှင့်မြခန်းမ၊ (၆) ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးကျင်းပမည့်အခန်းအမှတ်(၂၀၁၈) တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် နိုင်ငံ့ခေါင်းဆောင်များနားနေခန်း၊ တွေ့ဆုံခန်းနှင့် ညစာစားပွဲမတိုင်မီ နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုနှုတ်ဆက်မည့်နေရာများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မည့် (၂၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးဖွင့်ပွဲအစီအစဉ်၊ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအစီအစဉ်နှင့် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲနှင့် အာဆီယံဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်ပွဲအစီအစဉ် ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးရာ ကျင်းပရေးဦးစီးကော်မတီနှင့်ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတသည် ထိပ်သီးအစည်းအဝေးများသို့တက်ရောက်မည့် ဧည့်သည်တော်များတည်းခိုနိုင်ရန် ဟိုတယ်များ ကြိုတင်ပြင်ဆင်ထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နေပြည်တော်၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ ၁၇ ခု ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ သက်ဆိုင်ရာ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံရှိ တင့်ကားပြင်ဆင်ရေးအလုပ်ရုံသို့သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၄

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ Borisov City ရှိ 72 Combined Training Centre သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။**



တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ကျောင်းအုပ်ကြီး Major General Gnilozub Valeriy နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကျောင်းဌာနချုပ် လေ့ကျင့်ရေးကွင်း၌ တင့်ကားများ၏ ပစ်ခတ်မှုစွမ်းရည်များ၊ ခရီးကြမ်းမောင်းနှင်မှုစွမ်းရည်များကို သရုပ်ပြလေ့ကျင့်ပြသသည်။ ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များသည် (OAO 140 Repair Plant ) တင့်ကားပြင်ဆင်ရေးအလုပ်ရုံသို့ရောက်ရှိရာ ညွှန်ကြားရေးမှူး Mr. Vorisnov Sergery Blagimirorich နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်း၌ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးကော်မတီဥက္ကဋ္ဌ Lt-Gen Gurulev Sergey Petrorich ဦးစီးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကောင်းမွန်ခဲ့ကြောင်းနှင့် ယခုခရီးစဉ်သည် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အကျိုးတူကိစ္စရပ်များ ထပ်မံတိုးချဲ့နိုင်ရန် ယုံကြည်မျှော်လင့်ပါကြောင်းဖြင့် အပြန်အလှန် ပြောကြားခဲ့သည်။

### ကြည့်ရှုလေ့လာ

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တင့်ကားပြင်ဆင်ရေးအလုပ်ရုံအတွင်း ခင်းကျင်းပြသထားသည့် ယာဉ်၊ ယန္တရားများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**(မြဝတီ)**

✳ *ကျောဖုံးမှ*

ရေထိန်းနံရံများကို အခိုင်အမာပြုလုပ်ထားခြင်းဖြစ်သည်။ လူအရောက်အပေါက်လည်း နည်းသည်။

ယင်းနေရာတွင် ၁၉၃၉ ခုနှစ်ဟူသော စတင်ပြုလုပ်သည့် နှစ်ကိုရေးမှတ်ထားသည့် အမှတ်အသားကို တွေ့ရှိရသဖြင့် တည်ဆောက်ထားမှုမှာ ၇၅ နှစ် ခန့် ကြာပြီဖြစ်သော ရေထိန်းအင်္ဂတေနံရံများ ဖြစ်ကြောင်း သိရသည်။ အင်္ဂတေနံရံကို ကပ်ပြီး ကျောက်စရစ်၊ အင်္ဂတေတို့ဖြင့် ပြုလုပ်ထားသော အဆင်းအတက် ပြုလုပ်နိုင်သည့် လှေကားကိုလည်း တွေ့ရှိရသည်။

"ကြက်သွန်ကျွန်းက လူမနေပါဘူး။ ဒီကျွန်းဟာအရင်က ရေကြောင်းသွားလာကြတဲ့ သင်္ဘောတွေ မုန်တိုင်းမိရင်ပဲဖြစ်ဖြစ်၊ စစ်ဘေးဒဏ် ကြုံရရင်ပဲဖြစ်ဖြစ် အရေးပေါ် နားခိုရာ၊ ခိုလှုံရာကျွန်းသတ်မှတ်ပြီး အခုလို တည်ဆောက်ထားခဲ့တာဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးကျော်ဝင်းက ရှင်းပြသည်။

မီးပြတိုက်ဟောင်း၊ ရေထိန်းနံရံများနှင့်သင်္ဘောများ အရေးပေါ် နားခိုရာ နေရာတို့မှာ မပျက်မစီးဘဲ တည်ရှိနေသဖြင့် ကမ္ဘာလှည့်ခရီးသွားများအတွက် စိတ်ဝင်စားစရာ နေရာသစ်တစ်ခု ဖြစ်လာနိုင်သည်။ ထူးခြားမှုနှင့် သက်တမ်းကြာရှည်မှုများအပြင် ရှေးလူတို့ အမြော်အမြင်ရှိစွာဖြင့် တည်ဆောက်ခဲ့သော လက်ရာများမှာ ကမ္ဘာလှည့်ခရီးသွားများအတွက် စိတ်ဝင်စားစရာ နေရာတစ်ခုအဖြစ် လေ့လာနိုင်မည်ဖြစ်ပါသည်။

ရေလမ်းခရီးမှာလည်း တစ်နာရီကျော်သာ စက်လှေနှင့်သွားရသဖြင့် မဝေးလှသောနေရာ၌ တည်ရှိနေသည်။ စက်စဲကမ်းခြေသို့ အပန်းဖြေလာရောက်သော ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအား စိတ်ဝင်စားဖွယ်ရာ၊ လေ့လာစရာများရှိနေသည့် ကြက်သွန်ကျွန်းခရီးစဉ်ကို ထည့်သွင်းဖော်ထုတ်ပေးနိုင်ပါက မွန်ပြည်နယ်အတွက်ခရီးစဉ်အသစ်တစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

✳ *ကျောဖုံးမှ*

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(မိုး/ဇလ)**

## နိုင်ငံသားစိစစ်ရေးကတ် စီမံချက်ဖြင့် ဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာတွင် မိုးပွင့်အဆင့်(၆) စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်မှုကို လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက သစ်လေးလုံးကျေးရွာ အထကကျောင်း၌ နိုဝင်ဘာ ၃ ရက်က ဆောင်ရွက်ခဲ့သည်။ အလားတူ ပျဉ်းမနားမြို့ သကြားစက်အထက်တန်းကျောင်း၌ ဒုလဝကမှူး ဦးသန်းထွန်းအောင်နှင့် ဝန်ထမ်းများကသစ်လေးလုံးနှင့် သကြားစက်အထက်တန်းကျောင်းတို့မှကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးအရာရှိ ဦးအောင်နိုင်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းစီအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။ **ကိုကြီးကျော်(ပျဉ်းမနား)**

# ကောလာဟလများနှင့်စပ်လျဉ်း၍ ယူနိုက်တက်အမရာဘဏ်က စာနယ်ဇင်းရှင်း

**ရန်ကုန် နိုဝင်ဘာ ၄**

ယူနိုက်တက် အမရာဘဏ်က ကောလာဟလများနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ အဆိုပါဘဏ်ရုံးချုပ်၌ ကျင်းပသည်။

ယူနိုက်တက်အမရာဘဏ် အမှုဆောင်အရာရှိချုပ် ဦးသန်းဝင်းဆွေက "အခုပြင်ပမှာ ကောလာဟလဖြစ်နေတာတွေနဲ့ပတ်သက်ပြီး ပြည်သူတွေ စိုးရိမ်မှုမရှိအောင် ရှင်းလင်းတင်ပြတာဖြစ်ပါတယ်။ ဦးအောင်သောင်းကို အမေရိကန်က အရေးယူပိတ်ဆို့မှုနဲ့ပတ်သက်တာ ဘဏ်နဲ့ဘာမှမပတ်သက်ပါဘူး။ ဦးနေအောင်နဲ့လည်း သက်ဆိုင်မှုမရှိပါဘူး။ယူနိုက်တက်အမရာဘဏ်နဲ့လည်း သက်ဆိုင်မှုမရှိပါဘူး။ ဘဏ်မှာ ဦးနေအောင်က ရှယ်ယာဝင်တစ်ဦးအပြင်၊ ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးသာဖြစ်ပါတယ်။ လုပ်ငန်းစီမံခန့်ခွဲမှုအရ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနဲ့အုပ်ချုပ်တာ၊ စီမံခန့်ခွဲတာ မရှိပါဘူး။ နိုင်ငံတကာဘဏ်များလို စနစ်တကျနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းပုံစံကော်မတီအဖွဲ့တွေနဲ့ စီမံခန့်ခွဲပါတယ်။ ပြည်သူတွေ အပ်ငွေတွေကို စနစ်တကျ စီမံခန့်ခွဲနိုင်ဖို့ ဘဏ်မှာ ဒါရိုက်တာအဆင့်ရှိ နိုင်ငံခြားသားဘဏ်လုပ်ငန်းကျွမ်းကျင်သူ ပညာရှင်လေးဦးနဲ့ ပြည်တွင်းဘဏ်လုပ်ငန်းကျွမ်းကျင်သူတွေနဲ့ ဦးစီးဆောင်ရွက်လျက်ရှိပါတယ်။

ယူနိုက်တက် အမရာဘဏ်က အရင်ကလည်း အမေရိကန်နိုင်ငံရဲ့ အရေးယူပိတ်ဆို့မှု စာရင်းမှာ မပါခဲ့သလို အခုလည်း ပါဝင်တာမရှိပါဘူး။ အရေးယူပိတ်ဆို့မှု စာရင်းမှာ မပါသလို နိုင်ငံပေါင်း ၂၃ နိုင်ငံရဲ့ နိုင်ငံခြားဘဏ် ၇၁ ဘဏ်နဲ့ ဘဏ်လုပ်ငန်းတွေ လက်ရှိ ဆောင်ရွက်နေပါတယ်။ နိုင်ငံခြားဘဏ်တွေရဲ့ တင်းကျပ်တဲ့ နိုင်ငံတကာကလက်ခံထားသော စံချိန်စံညွှန်းညီညွတ်မှုတွေနဲ့ ငွေကြေးခဝါချမှုအရ ပြည့်စုံတဲ့အတွက် ယူနိုက်တက်အမရာဘဏ်ကို ရွေးချယ်ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ယူနိုက်တက်အမရာဘဏ်မှာ ယုံကြည်စွာအပ်နှံပြီး ဝန်ဆောင်မှုတွေကိုလည်း အပြည့်အဝ စီမံခန့်ခွဲနိုင်လျက်ရှိပါတယ်။ အာမခံပါတယ်" ဟု ကောလာဟလနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

"ဦးအောင်သောင်းဟာ ယူနိုက်တက်အမရာဘဏ်မှာ အစုရှယ်ယာဝင်နဲ့ဒါရိုက်တာ အဖွဲ့ဝင်လည်း မဟုတ်ပါဘူး။ အရေးယူ ပိတ်ဆို့မှုဟာ ဦးအောင်သောင်းနှင့်သာ သက်ဆိုင်ပြီး ယူနိုက်တက်အမရာဘဏ်နဲ့ လုံးဝမသက်ဆိုင်ပါဘူး။ ပြည်သူတွေအနေနဲ့ ပြင်ပမှာ ဖြစ်ပေါ်နေတဲ့ သတင်းတွေကို စိုးရိမ်ပူပန်မှုမရှိဘဲ ဗဟိုဘဏ်က ငွေကြေးလိုအပ်ချက်များရှိလာပါက ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ အချိန်မရွေး အဆင်သင့်ကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဗဟိုဘဏ်ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်က ပြောသည်။ **ရီရီမြင့်၊ ဥမ္မာသန့်**

ပြည်တွင်းသတင်း

# နိုင်ငံတိုင်းသည် မိမိရပ်တည်ချက်ဖြင့် လျှောက်လှမ်းပိုင်ခွင့်ရှိ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင်ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်အောင် ဆက်လက်လျှောက်လှမ်းမည်

**နေပြည်တော် နိုဝင်ဘာ ၄**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၃နာရီတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Mikhail Myasniko အား ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ယုနှင့် စစ်သံမှူး ဗိုလ်မှူးချုပ် ရဲနိုင်မျိုးတို့တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ကာကွယ်ရေးဌာနဝန်ကြီး Lt.Gen. Yuri Zhadobin ၊ နိုင်ငံတော်ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးကော်မတီဥက္ကဋ္ဌ Lt.Gen. Gurulev Sergey Petrovich၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms Elena Kupchina၊ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး Mr. Sergei Borisyonok၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် ဒေါက်တာအောင်မိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ ဝန်ကြီးချုပ်က ယခုခရီးစဉ်ကိုအခြေခံပြီး နှစ်နိုင်ငံအကျိုးရှိစေမည့် ဖွံ့ဖြိုးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တိုးတက်အောင်မြင်မှုများကိုလည်း ဂုဏ်ယူပါကြောင်း၊ ကမ္ဘာ့နိုင်ငံများကလည်း မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိကြပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့်လည်း စစ်ဘက်နည်းပညာနှင့် သိပ္ပံနည်းပညာဆိုင်ရာများ၊ စီးပွားရေးကူးသန်းရောင်းဝယ်မှု၊ စွမ်းအင်ဆိုင်ရာများ၊ ဆေးပညာနှင့်ဆေးဝါးထုတ်လုပ်မှုကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးဆိုင်ရာ ကိုယ်စားလှယ်ရုံးများ အပြန်အလှန်ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ သွင်းကုန်ထုတ်ကုန်များအား အပြန်အလှန်တင်ပို့ခြင်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန်အဆင်ပြေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ ပိုမိုရရှိအောင် ကြိုးပမ်းလုပ်ဆောင်မည်ဖြစ်ကြောင်း၊ မိမိနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံရေး၊ စီးပွားရေးဘက်ပေါင်းစုံမှ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးများအား ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူတို့၏လိုလားချက်အရ ပါတီစုံဒီမိုကရေစီသို့သွားနေပါကြောင်း၊ မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ မဖြစ်မနေအောင်မြင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတိုင်းသည် မိမိရပ်တည်ချက်ဖြင့် လျှောက်လှမ်းပိုင်ခွင့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာရပ်တည်နိုင်အောင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ စစ်ဘက်နည်းပညာနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ဆေးဝါးနှင့်ဆေးပညာကိစ္စရပ်များ၊ စွမ်းအင်ဆိုင်ရာများသည် နှစ်နိုင်ငံလုံးအတွက် အကျိုးရှိစေနိုင်မှာ သေချာပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် အချိန်စောစွာ ဆောင်ရွက်ခြင်းသည် ပိုမိုအခွင့်အရေးရနိုင်သဖြင့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအား မနှောင့်နှေးဘဲ ဆောင်ရွက်မည်ဆိုပါက ပိုမိုကောင်းမွန်ပါကြောင်း၊ စစ်ဘက်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှာလည်း နယ်ပယ်များစွာရှိပါကြောင်း၊ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကိစ္စများစွာရှိ၍ အရေးကြီးသည်မှာယုံကြည်မှုနှင့် ရိုးသားမှုပင်ဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်ဆက်ဆံရေးကောင်းမွန်ခိုင်မာမှုသည် နှစ်နိုင်ငံဆက်ဆံရေးကိုပိုမို လေးနက်စေ၍ တပ်မတော်ချင်းဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်ပြောကြားပြီး လက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် စစ်ဘက်နှင့်အရပ်ဘက်ပညာသင်ကြားရေးကိစ္စရပ်များ၊ ဆေးဘက်ဆိုင်ရာနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၅နာရီတွင် ယာဉ်ယန္တရားများထုတ်လုပ်သည့် Minsk Wheel Tractor Plant (MZKT) သို့ရောက်ရှိပြီး ယာဉ်၊ ယန္တရားများအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ စစ်တက္ကသိုလ်သို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကျောင်းခန်းမ၌ စစ်တက္ကသိုလ်နှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းတင်ပြကြသည်။

ယင်းစစ်တက္ကသိုလ်သည် ဗိုလ်လောင်းသင်တန်းမှ Doctor of Science ဘွဲ့အထိ စစ်ဘက်၊ အရပ်ဘက်အဆင့်မြင့် နည်းပညာဆိုင်ရာ သင်တန်းများကို နယ်ပယ်စုံလင်စွာ သင်ကြားပို့ချပေးလျက်ရှိပြီး ၁၉၆၃ ခုနှစ်မှစတင်၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ လက်ရှိအချိန်ထိ နိုင်ငံတကာမှ သင်တန်းသားပေါင်း ၅၀၀၀ ကျော်အား သင်ကြားမွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(မြဝတီ)**



**❍ ကျောဖုံးမှ**

ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ပါကြောင်း၊ အထူးသဖြင့် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှုများစွာ ဆောင်ရွက်နိုင်ပြီး စစ်ဘက်နည်းပညာကျွမ်းကျင်သူအရာရှိများ မွေးထုတ်ပေးနိုင်ပါကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးသာမက ဘက်ပေါင်းစုံမှ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်အောင် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နှုတ်ခွန်းဆက်ပါကြောင်းနှင့် ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားပါကြောင်းဖြင့် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဘယ်လာရုစ်နိုင်ငံ၏ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံတိုးတက်အောင် ဆောင်ရွက်နိုင်မှုများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊ စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ကူးပြောင်းမှုသည် လွယ်ကူသောကိစ္စရပ်မဟုတ်ပါကြောင်း၊ မိမိနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီတို့က ဆိုရှယ်လစ်စနစ်ပြောင်းလဲကျင့်သုံးခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ပြည်သူများ၏ တောင်းဆိုမှုအရ ပါတီစုံဒီမိုကရေစီသို့ ဦးတည်လာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးနေပါကြောင်း၊ လက်ရှိနိုင်ငံတော်သမ္မတဦးသိန်းစိန်အစိုးရလက်ထက် ပြုပြင်ပြောင်းလဲမှုများသည် ဘယ်လာရုစ်သမ္မတနိုင်ငံကဲ့သို့သော မိတ်ဆွေများ၏ပူးပေါင်းဆောင်ရွက်မှုများနှင့် အောင်မြင်အောင် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား စစ်ဘက်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များစွာရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ဦးစားပေးစနစ်မရှိသောကြောင့် အချိန်မဆိုင်းဘဲ ပူးပေါင်းဆောင်ရွက်မှုများ စီစဉ်ဆောင်ရွက်နိုင်ပါက အကောင်းဆုံးဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီ ၁၅ မိနစ်တွင် မင့်စ်မြို့ရှိ Victory Square သို့ ရောက်ရှိရာ ဘယ်လာရုစ်သမ္မတနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lt.Gen Lybinko နှင့်အဖွဲ့က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပန်းခွေအား သတ်မှတ်နေရာသို့ ပို့ဆောင်အလေးပြုသည်။ ထို့နောက် ဂုဏ်ပြုတပ်ဖွဲ့နှင့် နိုင်ငံတော်စစ်တီးဝိုင်းတို့က တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုခဲ့ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်ပွဲအတွင်းက ကျဆုံးခဲ့သည့် စစ်သည်များအား ဂုဏ်ပြုထွန်းညှိထားသည့် မငြိမ်းသောမီးတောက်နှင့် ဒုတိယကမ္ဘာစစ်အတွင်း သမိုင်းဝင်တိုက်ပွဲများဖြစ်ပွားရာ မြို့များကို ကိုယ်စားပြုဂုဏ်ပြုထားသည့် အထိမ်းအမှတ်နေရာများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ဗီယက်နမ်စပါးမျိုး ယှဉ်ပြိုင်စံကွက်ရိတ်သိမ်း

**ကဝ နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဖလေးကျေးရွာ ပုလဲသွယ် ၁၀ ဧကစိုက်ပျိုးထားသည့် တောင်သူ ဦးတင်မောင်ဝင်း၏ လယ်မြေနှင့် ဗီယက်နမ် ၂၅ ဧကစံပြကွက် စိုက်ပျိုးထားသည့် တောင်သူဦးကိုကိုလွင်တို့၏ လယ်မြေနှစ်ခုတွင် တစ်ပြိုင်တည်း စံကွက်ရိတ်သိမ်းသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်ဆွေနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အထွက်ကောင်းပြီး ရေမြုပ်ဒဏ်ခံနိုင်သောစပါးမျိုးဖြစ်၍ တောင်သူများ စိုက်ပျိုးသင့်ကြောင်း ပြောကြားသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းဝင်းက ယခုလက်ရှိ ရိတ်သိမ်းနေသောစပါးနှစ်မျိုးသည် ၁၂ ရက်ကြာ ရေနစ်မြုပ်ခဲ့သဖြင့် ယခုအထွက်နှုန်းမှာ လျော့နည်းရခြင်းဖြစ်ကြောင်း၊ (GAP) စနစ်ဖြင့် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေနှစ်ဆတိုးစေပြီး မျိုးစေ့မှန်ရန်လိုအပ်ကြောင်း ပြောကြားသည်။

စံကွက်ရိတ်သိမ်းမှုအား ဆက်လက်ကျင်းပရာ ပုလဲသွယ်တစ်ဧက ၁၂၄ဒသမ ၂၈ တင်း၊ ဗီယက်နမ်စပါးတစ်ဧက အစိုအထွက်နှုန်း ၉၁ ဒသမ ၄၁ တင်းထွက်ကြောင်း သိရသည်။ **(စိုက်ပျိုးရေး)**

**✲ ကျောဖုံးမှ**

ကောင်းထက်(မြန်မာ) ကုမ္ပဏီမှ ဒါရိုက်တာ ဦးမင်းဗညားစန်းက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ စက်ရုံတည်ထောင်ခွင့် ရရှိရန်တင်ပြထားပြီး ၂၀၁၂ ခုနှစ် အတွင်း ကတည်းကပင် ခွင့်ပြုချက်ရရှိထားကြောင်း၊ စက်ရုံတည်ဆောက်မည့်မြေ ၁၀ ဧကကိုလည်း မင်္ဂလာဒုံစက်မှုဇုန်(၃)မှ ကုမ္ပဏီနာမည်ပေါက်ဖြင့် ဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

"ကနဦးထုတ်လုပ်မယ့်ပမာဏ အနေနဲ့ တစ်ရက်ကို ၅၀၀ မီလီဆံ့ ပလတ်စတစ်ဘူးငါးသိန်းနဲ့ ၃၃၀ မီလီဆံ့ သံဘူးခုနစ်သိန်းကျော် ထုတ်လုပ်သွားမှာဖြစ်ပါတယ်။ ကုန်ကြမ်းတွေကို ပြည်ပကနေလည်း မှာယူတင်သွင်းမှာဖြစ်သလို ရုံးချုပ်ကို စစ်ဆေးသုတေသနတင်ပြချက်တွေနဲ့ ပြည်တွင်းက သီးနှံကုန်ကြမ်းတွေကိုလည်း အသုံးပြုနိုင်အောင် ကြိုးပမ်းမယ်"ဟု ဦးမင်းဗညားစန်းက ပြောကြားသည်။

POKKA စက်ရုံတည်ဆောက်ရေးစီမံကိန်းများကို ၂၀၁၅ နှစ်လယ်တွင်စတင်နိုင်ရန်လျာထားပြီး စက်ရုံတည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရေး၊ ဒေသခံများအတွက် ဘေးကင်းလုံခြုံစေရေးများ ဖြစ်ပေါ်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုများကိုလည်း ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့ E Guard Environmental Services နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

"စက်ရုံတစ်ရုံတည်ဆောက်ရာကနေ ထိခိုက်မှုအခြေအနေကို အနည်းဆုံးနဲ့ မထိခိုက်စေရေးအတွက် လေ့လာနေပါတယ်။ အချိုရည်စက်ရုံဖြစ်လို့ လေထု၊ မြေထုတော့ ထိခိုက်မှုမရှိနိုင်ပေမယ့် လေ့လာဆန်းစစ်ပါတယ်။ အဓိကက ရေထုဖြစ်ပါတယ်။ တစ်နေ့ကို ခန့်မှန်းတွက်ချက်တာ ရေ ၃၂၀ ကုဗမီတာကို မြေအောက်ကနေ ရယူသွားမှာပါ။ နောက်ပိုင်းမှာ ရေသွယ်တန်းပြီး ဝယ်ယူသုံးစွဲမှာပါ။ လောင်စာသုံးစွဲမှုကတော့ ၂၀ ကုဗမီတာဖြစ်ပြီး သကြားသုံးစွဲမှုက ၃၄၀၀ ကီလိုဂရမ်နဲ့ သစ်သီးအဖတ်သုံးစွဲမှု ၆၂၅ ကီလိုဂရမ်၊ သစ်သီးအဆီသုံးစွဲမှု ၁၁ ကီလိုဂရမ်နှုန်းခန့်မှန်းထားတယ်။ စက်ရုံတည်ဆောက်ထုတ်လုပ်မှုမှာ ပတ်ဝန်းကျင်၂ ကီလိုမီတာကနေ ၃ ကီလိုမီတာ အချင်းဝက်ပတ်လည်နေရာတွေဖြစ်တဲ့ ရန်ကုန်စက်မှုဇုန်၊ မင်္ဂလာဒုံစက်မှုဇုန်၊ လှည်းကူးမြို့နယ်ဆင်ဖုန်ရွာနဲ့ ရွှေပေါက်ကံလယ်မြေတွေ၊ မြောက်ဥက္ကလာပမြို့နယ်တွေကို ပတ်ဝန်းကျင်ဆန်းစစ်လေ့လာပြီး ဒေသခံတွေရဲ့ ထိခိုက်မှုရှိမရှိ စတင်လေ့လာနေပါပြီ"ဟု E Guard မှ မန်နေးဂျင်းဒါရိုက်တာ ဦးအေးသီဟက ရှင်းပြသည်။

ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ချက်များနှင့် ကုစားရန်နည်းလမ်းများကိုပါ တင်သွင်းသွားရန် ညွှန်ကြားမှုများအပေါ် တိကျစွာ လိုက်နာကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံများကိုလည်း တွေ့ဆုံကာ အခက်အခဲများနှင့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

"ဒေသခံတွေနဲ့လည်း ဒီဇင်ဘာမှာထပ်တွေ့ပြီး ဆွေးနွေးသွားပါမယ်။ သူတို့အခက်အခဲရှိရင်လည်း တင်ပြနိုင်မှာပါ။ သို့သော် ကျွန်တော်တို့က ဘေးထွက်ဆိုးကျိုးမရှိအောင် ဆောင်ရွက်မှာပါ။ အချိုရည်လုပ်ငန်းဖြစ်လို့ စွန့်ပစ်ရေကိစ္စလည်း အများကြီးဆောင်ရွက်မှာပါ။ စက်ရုံတည်ဆောက်မည့် အစီအစဉ်မှာလည်း ရေဆိုးသန့်စင်စက်ရုံကိုပါ တစ်ပါတည်းတည်ဆောက်ပြီး သန့်စင်တဲ့ရေဖြစ်လာအောင် လုပ်ယူမှာပါ။ ပြီးရင်အတွင်းမှာပဲ ရာခိုင်နှုန်း ၆၀ ကျော် ပြန်သုံးစွဲပြီး ကျန်တဲ့ရေကို ငမိုးရိပ်ချောင်းလက်တက်အတွင်း စွန့်ပစ်သွားမှာဖြစ်ပါတယ်။ ရေဆိုးအနေနဲ့ကတော့ တစ်နာရီကို ၁၂ မှ ၅၀ လီတာကျူပါဟာဝါလောက် ထွက်နိုင်မယ်လို့ ခန့်မှန်းထားတယ်။ ချောင်းအတွင်းက ရေထုကိုလည်း စစ်ဆေးတွက်ချက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်မယ်" ဟု ဦးအေးသီဟက ပြောသည်။

POKKA အချိုရည်မှာ မြန်မာနိုင်ငံအတွင်း ဖြန့်ဖြူးရောင်းချသည်မှာ ၁၇ နှစ်ရှိခဲ့ပြီဖြစ်ပြီး စက်ရုံတည်ဆောက်မှုမှာ ၂၀၁၆ ခုနှစ်အတွင်း အပြီးသတ်ရန်ရည်ရွယ်ထားကြောင်း၊ လက်ရှိဈေးနှုန်းထက် လျှော့ချဝယ်ယူနိုင်မည်ဖြစ်ကာ ပြည်တွင်း စက်ရုံအလုပ်သမား စုစုပေါင်း ၅၀၀ ခန့်အပ်ကာ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် အချိုရည် မီလီသန်း ၄၆၀ခန့် ထုတ်လုပ်သွားရန် လျာထားကြောင်း ကောင်းထက်(မြန်မာ)မှ ဒါရိုက်တာ ဦးမင်းလဂွန်းအိမ်က ပြောကြားသည်။ **(မြန်မာ့အလင်း)**



POKKA အချိုရည်စက်ရုံ တည်ဆောက်မှုနှင့်ပတ်သက်၍ မီဒီယာများအား ရှင်းလင်းပြောကြားစဉ်။

ဆောင်းပါးနှင့်ကြော်ငြာ

# အမျိုးသားရေးအဖြစ် အလေးထားတိုက်ဖျက်ရမည့် မူးယစ်ဆေးဝါးအန္တရာယ်

**သူရအေး**

ယနေ့ကမ္ဘာတွင် လူသားအားလုံးကို ခြိမ်းခြောက်လျက်ရှိသည့် အကြီးမားဆုံးသော အန္တရာယ်မှာ မူးယစ်ဆေးဝါးအန္တရာယ်ပင်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် အလွန်ပြင်းထန်ပြီး အဖျက်စွမ်းအားကြီးမားသည့် နျူကလီးယားဗုံးများ၊ ဟိုက်ဒရိုဂျင်ဗုံးများထက် အဆပေါင်းများစွာ ပိုမိုကြီးမားပြင်းထန်ပြီး လူသားမျိုးနွယ်စုတစ်ခုလုံးကိုဖျက်ဆီးရန် ခြိမ်းခြောက်လျက်ရှိနေပါသည်။ ယင်းမူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာပေါ်ရှိ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတည်းနှင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ တစ်ကမ္ဘာလုံး လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် ပြဿနာကြီးပင်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါးအမျိုးမျိုး တရားမဝင်လမ်းကြောင်းစုံမှ ဝင်ရောက်နေမှုကို ကမ္ဘာအနှံ့ ထိရောက်စွာ တားဆီးထိန်းသိမ်းနိုင်ခြင်း မရှိသေးသည်မှာလည်း ကမ္ဘာကြီးအတွက် အလွန်စိုးရိမ်ပူပင်စရာ ဖြစ်နေပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးကို ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေး မဟာဗျူဟာ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ခဲ့သော်လည်း မျှော်မှန်းသလောက် ခရီးမပေါက်ခဲ့ဘဲ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံနှင့်လူမျိုးကို ခြိမ်းခြောက်မြဲ ခြိမ်းခြောက်လျက်ပင်ရှိနေပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅-နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ မှ ၂၀၁၃ -၂၀၁၄ အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ၁၉၉၇ ခုနှစ်တွင် မိုင်းလားအထူး ဒေသ(၄)၊ ၂၀၀၃ခုနှစ်တွင် ကိုးကန့်အထူးဒေသ(၂)၊ ၂၀၀၅ ခုနှစ်တွင် "ဝ" အထူးဒေသ(၂)နယ်မြေများ ဘိန်းကင်းမဲ့ဇုန်ဖြစ်လာခဲ့သော်လည်း ဘိန်းစိုက်ပျိုးမှုဓလေ့သည် နိုင်ငံအတွင်း ပပျောက်သွားခြင်းမရှိဘဲ အခြားနေရာဒေသများမှာ အမြစ်တွယ်ရှင်သန်နေဆဲဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ၁၉၉၆ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၁၆၃၀၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၆ ခုနှစ်တွင် ၂၁၅၀၀ အထိ ကျဆင်းသွားခဲ့ပြီး ၂၀၀၇ ခုနှစ်ကစတင်ပြီး တစ်စတစ်စ ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ဟက်တာ ၅၇၈၀၀ အထိရှိလာခဲ့ကြောင်း သိရပါသည်။

ဘိန်းစိုက်ပျိုးမှုလျော့နည်းကျဆင်းရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးပြီးဘိန်းခင်းများကို ဖျက်ဆီးသကဲ့သို့ တားဆီးနှိမ်နင်းရေး နည်းလမ်းတစ်ခုတည်းဖြင့် မရနိုင်ဘဲ ဘိန်းစိုက်ဒေသနေ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ မြှင့်တင်ပေးရေး အစရှိသော အစားထိုးဖွံ့ဖြိုးမှု လုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဒေသအလိုက် နယ်မြေသဘာဝနှင့်ကိုက်ညီသော အစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရေးအတွက် မျိုးကောင်းမျိုးသန့်များထောက်ပံ့ခြင်း၊ နည်းပညာပံ့ပိုးခြင်းနှင့် ဈေးကွက်ဖန်တီးပေးခြင်းများကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ထို့ပြင် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အခြေခံလိုအပ်သည့် ဓာတုပစ္စည်းသည် နိုင်ငံအတွင်း ထုတ်လုပ်နိုင်ခြင်းမရှိသော်လည်း တောတောင်ထူထပ်သည့်နယ်စပ်ကို ဖြတ်ကျော်ကာ အခြားနိုင်ငံများမှ နည်းမျိုးစုံဖြင့်ဝင်ရောက်လျက်ရှိရာ ယင်းဓာတုပစ္စည်းများ ဝင်ရောက်မှုကိုထိန်းချုပ်ရန်အတွက် ရေဆိပ်၊ လေဆိပ်၊ နယ်စပ်ဂိတ်၊ နိုင်ငံတကာဝင်ပေါက်များတွင် ဖမ်းဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ယခုအခါ စိတ်ကြွရူးသွပ်ဆေး ပြဿနာသည် နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ခြိမ်းခြောက်လာခဲ့ပြီး မြို့နယ်ပေါင်း ၁၆၀ ကျော်တွင် ဖမ်းဆီးအရေးယူခဲ့မှုဖြစ်စဉ်များအရ ဘိန်း၊ စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှုဓလေ့သည် မြန်မာ့လူ့ဘောင်အတွင်း လျင်မြန်စွာပျံ့နှံ့လာခဲ့သည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် လူငယ်လူရွယ်များ မူးယစ်ဆေးဝါး၏ သားကောင်များဘဝကျရောက်ပြီး အနာဂတ်ပျောက်ဆုံးနေမှုများသည် နိုင်ငံတော် ရှေ့ခရီးအတွက် ရတက်မအေးစရာများပင် ဖြစ်ပါသည်။ ယနေ့ဆိုလျှင် စိတ်ကြွရူးသွပ်ဆေးပြား (ယာဘ) များသည် စာသင်ကျောင်းများအနီးအနားရှိ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်များအထိ ထိုးဖောက်နေရာယူလာကြပြီဖြစ်သည့်အပြင် ကလေးသူငယ်အရွယ်များပင် ကော်ရှူခြင်းအလေ့အထများဖြစ်ပေါ်နေသဖြင့် အထူးသတိပြု တားဆီးကာကွယ်သွားရမည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ကော်ရှူခြင်းကို ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီး(ရှစ်)မြို့တွင်တွေ့ရကြောင်း၊ အသက်(၁၁)နှစ်မှ (၁၇)နှစ်အတွင်း ဆယ်ကျော်သက်များ အများဆုံးသုံးစွဲလျက်ရှိကြောင်းနှင့် အများအားဖြင့် သစ်သားဆက်ကော်၊ ပိုက်ဆက်ကော်များကို အသုံးပြုကြောင်း ကြားသိရပါသည်။ သို့ဖြစ်ပါ၍ မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတော်ရှိ ပြည်သူများ၏အိမ်ပေါက်ဝ ထိရောက်ရှိကာ တံခါးခေါက်ခြိမ်းခြောက်နေပြီ ဖြစ်နေသည်ကို သတိပြုကြဖို့ပင်ဖြစ်ပါသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက (၁၉-၈-၂၀၁၄) ရက်နေ့တွင် ကျင်းပခဲ့သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အထူးအစည်းအဝေးတွင် **"မူးယစ်ဆေးဝါးခြိမ်းခြောက်မှုအန္တရာယ်အပေါ် လူထု၏စိုးရိမ်ပူပန်မှုများ တစ်နေ့တခြား မြင့်မားလျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းစဉ်များအပေါ် လူထုယုံကြည်ကိုးစားပါဝင်မှုကို မြှင့်တင်နိုင်ရန်နှင့် လူထုအတွင်း မူးယစ်ဆေးဝါးခြိမ်းခြောက်မှုအန္တရာယ်အပေါ် စိုးရိမ်ပူပန်မှုများကို လျှော့ချနိုင်ရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းစဉ်ကြီးကို ရှင်သန်အားကောင်းပြီး ပြုပြင်ပြောင်းလဲရေးကို ဦးတည်သည့်ချဉ်းကပ်မှုပုံစံ (A dynamic reform-oriented approach) ဖြင့် အရှိန်အဟုန်မြှင့်တင်သွားရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း"** မိမောင်းထိုးတိုက်တွန်း သွားခဲ့သည်ကို ကြားသိလိုက်ရပါသည်။ မူးယစ်ဆေးဝါးပြဿနာကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ငါးနှစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းဆောင်ရွက်ရာတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်စေရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းခဲ့သည်ကို တွေ့ရပါသည်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ရေးဆွဲခဲ့သည့် (၁၅)နှစ်စီမံကိန်းသည် သတ်မှတ်ချိန်ရောက်သည်အထိ အောင်မြင်ခြင်းမရှိသည့်အတွက် နောက်ထပ်ငါးနှစ်သက်တမ်းတိုး ဆောင်ရွက်ရခြင်းအပေါ် ပြည်သူများအနေဖြင့် စောင့်ကြည့်နေမည်ဖြစ်ရာ အချိန်ကာလသတ်မှတ်ချက်ဖြင့် အထူးစီမံချက် ချမှတ်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုပါသည်။

> **ယခုအခါ စိတ်ကြွရူးသွပ်ဆေးပြဿနာသည် နိုင်ငံအတွက် ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ခြိမ်းခြောက်လာခဲ့ပြီး မြို့နယ်ပေါင်း ၁၆၀ ကျော်တွင် ဖမ်းဆီးအရေးယူခဲ့မှုဖြစ်စဉ်များအရ ဘိန်း၊ စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှုဓလေ့သည် မြန်မာ့လူ့ဘောင်အတွင်း လျင်မြန်စွာပျံ့နှံ့လာခဲ့**

နေ့စဉ်ထုတ်ဝေလျက်ရှိသည့် နိုင်ငံပိုင်သတင်းစာများတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိသတင်းမပါသည့်နေ့ မရှိသလောက်ပင်ဖြစ်ပါသည်။ ထိုသို့ နေ့စဉ်နှင့်အမျှ နိုင်ငံအဝန်းတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိသတင်းများ ကြားနေရသော်လည်း ၄င်းတို့မှာ ကိုင်းဖျားကိုင်းနားများသာဖြစ်ပြီး ပင်စည်ကိုလှဲနိုင်ခြင်းမရှိသေးသည်ကိုလည်းတွေ့နေရပါသည်။ ပါဝင်ပတ်သက်သူတာဝန်ရှိသူများကို ဖမ်းဆီးအရေးယူခဲ့သည်ဆိုသော်လည်း ထိရောက်မှုမရှိ၍ မူးယစ်ဆေးဝါးကတော့ပပျောက်ခြင်းမရှိသေးဘဲ ပန်းပန်လျက်ပင် ရှိနေပါသေးသည်။ မိမိတို့၏ အကျိုးစီးပွားနှင့် လုပ်ပိုင်ခွင့်ကို အသုံးချပြီး ကိုယ်ကျိုးစီးပွားရှာသူများ ရှိနေသရွေ့ ဤပြဿနာမှာ ပြီးဆုံးမည်မဟုတ်ဟု ဆိုချင်ပါသည်။

*စာမျက်နှာ ၁၁ သို့*


PAPER LANTERN FESTIVAL 2014

**ထိန်းသိမ်းရိုးရာ တို့မြန်မာ ပါဝင်ဆင်နွှဲ MITV မီးပုံးပွဲ** mitv

MITV မြန်မာအင်တာနေရှင်နယ် ရုပ်သံလိုင်းမှ မြန်မာ့ရိုးရာမီးပုံးပွဲ ၂၀၁၄ ကို နိုဝင်ဘာလ ၅ရက် ၊ ၆ရက် နေ့များတွင် ညနေ(၄)နာရီ မှ ည(၁၀)နာရီအထိ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ရွှေထွဋ်တင်ဝန်း၌ အောက်ပါအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါသည်။

**မိသားစု (၅) ဦး လက်မှတ်တစ်စောင်လျှင် (၁၀၀၀)ကျပ်နှင့် အတူ**

- ချား (သို့) ရဟတ် တစ်ကြိမ် အခမဲ့ စီးနင်းခွင့်
- မီးပုံး ဒီဇိုင်းပညာရှင်များ၏ မီးပုံးပြုလုပ်ပုံ အဆင့်ဆင့်
- ကလေးငယ်များ၏ မီးပုံးဆေးခြယ်ပြိုင်ပွဲနှင့် ချစ်စဖွယ် အကအလှ တင်ဆက်မှုများ
- အနုပညာဖျော်ဖြေတင်ဆက်မှု ၊ မြန်မာ့ရိုးရာ အစားအစာ ပွဲဈေးတန်းများ
- စိတ်လှုပ်ရှားပျော်ရွှင်ဖွယ် ကစားပွဲများနှင့် အခြားဈေးရောင်းပွဲတော်များ
- မိမိကိုယ်တိုင် မီးမျှောနိုင်မည့် အခွင့်အရေးနှင့် မီးပုံးကလေးများဖန်တီးနိုင်မည့် အစီအစဉ်
- အနှစ်သက်ဆုံးမီးပုံးကို မဲပေးရင်း **ရန်ကုန် - ဘန်ကောက်** အသွားအပြန် လေယာဉ်လက်မှတ်နှင့်
- အခြားကံစမ်းမဲအစီအစဉ်များ အစရှိသည့် အစီအစဉ်ကောင်းများကို ပါဝင်ဆင်နွှဲနိုင်ရန်အတွက် လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်အပ်ပါသည်။

MAIN SPONSOR

ALPINE® Purified Drinking Water


**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များဆောက်လုပ်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်၊ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် အသစ်ဆောက်လုပ်မည့် ကျောင်းသား၊ ကျောင်းသူ ၂၀၀ဆံ့ RC နှစ်ထပ် အိပ်ဆောင်သုံးလုံးအား တစ်လုံးလျှင်ငွေကျပ်သန်း ၉၉၆ဒသမ၁၅ နှုန်းဖြင့် (၃၁-၃-၂၀၁၅)ရက်အပြီး ဆောက်လုပ်ရန် မြန်မာနိုင်ငံသားဆောက်လုပ်ရေးလုပ်ငန်းရှင်များအား ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရန် ကြေညာအပ်ပါသည်။

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါလိပ်စာနှင့် ဖုန်းအမှတ် ၀၆၇-၄၁၆၅၂၅၊ ၀၆၇-၄၁၆၅၂၆၊ ၀၆၇-၄၁၆၅၃၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါကြောင်းနှင့် မွေး/ရေကျေးလက် facebook နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvsyezin.edu.mm တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**
**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်**


GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

သင့်ဆန္ဒတွေပြည့်ဝစေဖို့ ဆန္ဒအောင်နှင့်ဆက်သွယ်စို့။
ဆန္ဒအောင် (အိမ်၊ ခြံ၊ မြေ)
အကျိုးဆောင်လုပ်ငန်း
09-5067509, 09-73200599
09-250018591

စုစုအေးအောင်
လေးဖက်နာ
ပျောက်ဆေး


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကျိုက်ထိုမြို့နယ်၊ စစ်တောင်းကျေးရွာ(ဆိပ်ကမ်းသာကျေးရွာ) ကမ်းပြိုကာကွယ်ရေးလုပ်ငန်း

(ခ) ကျိုက်ထိုမြို့နယ်၊ ခဝါချောင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း

(ဂ) ဘီးလင်းမြို့၊ ဘီးလင်းမြစ် ရေကြီးရေလျှံကာကွယ်ရေးလုပ်ငန်း (ဘီးလင်းမြစ် သောင်တူးလုပ်ငန်း)

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မော်လမြိုင်မြို့

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)

၄။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၉-၁၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂:၀၀ နာရီ

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃ :၀၀ နာရီ

၆။ **တင်ဒါဖွင့်မည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မော်လမြိုင်မြို့။

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မော်လမြိုင်ရုံး ဖုန်း-၀၅၇-၂၄၆၅၉၊ ၀၉-၄၉၀၀၅၈၁၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်အတွင်းရှိ ဆည်မြောင်းဦးစီးဌာန၊ သထုံခရိုင်နှင့် မော်လမြိုင်ခရိုင်တို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက လုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- ဘီးလင်းမြို့နယ်၊ ဘီးလင်းမြစ်ရေကြီးရေလျှံကာကွယ်ရေးတမံတူးဖော်ချဲ့ထွင်ခြင်းနှင့် ရေနုတ်မြောင်း ခုနစ်မြောင်း တူးဖော်ခြင်းလုပ်ငန်း၊
- ကျိုက်မရောမြို့နယ်၊ အတ္တရံမြစ်ရေကြီးရေလျှံကာကွယ်ရေး ရေနုတ်မြောင်း ၁၉ မြောင်း တူးဖော်ခြင်းလုပ်ငန်း

(က) **တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက်** - ၅-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဆည်မြောင်းဦးစီးဌာန၊ မော်လမြိုင်မြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၉-၁၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂:၀၀နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၉-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃:၀၀နာရီ

(င) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းဦးစီးဌာန မော်လမြိုင်မြို့

အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆည်မြောင်းဦးစီးဌာန၊ မော်လမြိုင်မြို့ ဖုန်း-၀၅၇-၂၇၀၇၂၊ ၂၁၁၆၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်ချိုလဲ့ ၉/စကတ(နိုင်) ၀၆၅၀၈၅ ကိုင်ဆောင်သော ပတ်စ်ပို့စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉၃၃၁၅၈၇၇၉**

## အမြန်ပြန်လာပါ

မနန်းရွှေပွင့် ၁၃/ကဟန(နိုင်)၀၁၄၁၂၆ မိသားစုအားလုံး စိတ်ပူနေသည်။ အမြန်ပြန်လာပါ။ သွေးဆောင်ဖြားယောင်းထားသူအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ပါသည်။

**ဦးကျော်အောင်အောင်**

စာမျက်နှာ ၁၀ မှ

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုဈေးကွက်ကျယ်ပြန့်လာရခြင်း၏ နောက်ကွယ်တွင် ဒေသဆိုင်ရာ အာဏာပိုင်အပြင် လက်နက်ကိုင်တပ်ဖွဲ့အချို့ ပါဝင်ပတ်သက်သည့်သာဓကများလည်းရှိခဲ့ဖူးသဖြင့် ထိထိရောက်ရောက် အရေးယူသွားရန်လိုအပ်နေကြောင်း တွေ့ရှိရပါသည်။ ဤနေရာတွင် ဖော်ထုတ်ဖမ်းဆီးသူများတင်မကဘဲ တရားဥပဒေဘောင်အတွင်းမှနေ၍ တစ်ညီတစ်ညွတ်တည်း ထိထိရောက်ရောက်အရေးယူအပြစ်ပေးနိုင်ရေး အတွက် တရားစီရင်ရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးလာပါသည်။ တရားစီရင်ရေး အဖွဲ့အစည်းများအနေဖြင့် အဂတိလိုက်စားမှုနှင့် ဘက်လိုက်မှုကင်းရှင်းစွာဖြင့် ထိရောက်ပြစ်ဒဏ်များ ချမှတ်နိုင်မှသာ ဟန့်တားနှိမ်နင်းနိုင်မည်ဖြစ်ပေသည်။

**ထို့ပြင် မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကို တားဆီးနှိမ်နင်းရေးကဏ္ဍတစ်ခုတည်းအနေဖြင့် ရှုမြင်ခြင်းမပြုသင့်ဘဲ ကျန်းမာရေးရှုထောင့်နှင့် လူမှုရေးအမြင်တို့ဖြင့်ပါ ရှုမြင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးဖြစ်သည့် သွေးနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းနှင့်ပတ်သက်သည့် ရောဂါများအပြင် HIV/AIDS ကဲ့သို့သော ရောဂါပိုးများ ပျံ့နှံ့မှုအန္တရာယ်ကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ပြည်သူများကို အသိပညာပေးခြင်း၊ ဆွေးနွေးဟောပြောခြင်းများ ထိရောက်စွာ ပြုလုပ်ပေးရမည့်အပြင် ရောဂါရရှိနေသူများကိုလည်း လုံလောက်သည့်ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုပေးခြင်းနှင့်ခွဲခြားနှိမ့်ချဆက်ဆံခြင်းကင်းသည့် ကောင်းမွန်သော လူမှုပတ်ဝန်းကျင်ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။**

မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများကို နှိမ်နင်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ တရားစီရင်ရေးအဖွဲ့အစည်းများ၊ မီးသတ်၊ ကြက်ခြေနီနှင့်လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်လျက် လူထုလှုပ်ရှားမှု အသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့ပြင် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သဖြင့် ရပ်ကွက် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများ၊ ရပ်မိရပ်ဖများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ အခြားသော လူမှုအဖွဲ့အစည်းအသီးသီးမှ သက်ဆိုင်ရာနယ်မြေအလိုက် စောင့်ကြည့်အဖွဲ့နှင့် သတင်းပေးကွန်ရက်များတည်ထောင်၍ စောင့်ကြည့်သတင်းရယူပြီး ဖမ်းဆီးထိန်းသိမ်းခြင်း၊ မူးယစ်ဆေးစွဲနေသူများကို စည်းရုံးပညာပေးခြင်း၊ နှစ်သိမ့်အားပေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့ပြင် မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူလူထုအတွင်းနှင့် ကျောင်းသားလူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့သိရှိနိုင်စေရန် အသိပညာပေးမှုများ၊ ဟောပြောမှုများ၊ စာစောင်ဖြန့်ဝေခြင်းများစသည့် ပညာပေးလုပ်ငန်းများကို လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်သည့်နည်းတူ အချိန်ကာလသတ်မှတ်ပြီး အထူးစီမံချက်ချမှတ်ကာ ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး



ဦးဇော်ဌေး ညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) အား တွေ့ဆုံမေးမြန်းစဉ်။

စာမျက်နှာ ၇ မှ

ဖြေ။ ။ အဲဒီတော့ ကျွန်တော်တို့ တက္ကသိုလ် အရည်အသွေးတိုးတက်ရေး၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေး ဆောင်ရွက်တဲ့အခါမှာ ပါဝင်ကူညီဆောင်ရွက်လိုတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ ပြည်တွင်းပြည်ပ မည်သူ့ကိုမဆို လက်ကမ်းကြိုဆိုဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့အထိလည်း တက္ကသိုလ်ကျောင်းသားဟောင်းတွေ ပါဝင်ကူညီနေတာတွေ အများကြီးရှိပါတယ်။ ဒါပေမယ့် ဒီလိုဆောင်ရွက်တဲ့အခါမှာ ၂၀၁၁ ခုနှစ်ကနေစပြီး တက္ကသိုလ်ကို ရုပ်ပိုင်းဆိုင်ရာရော၊ အရည်အသွေးပိုင်းဆိုင်ရာရော တိုးတက်အောင် လုပ်ဆောင်တဲ့နေရာမှာ စီမံကိန်းချမှတ်ဆောင်ရွက်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ စီမံကိန်းထဲမှာ ပါဝင်ပြီးတော့ ဆောင်ရွက်ဖို့ မည်သူ့ကိုမဆို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိနေပါတယ်ဆိုတဲ့အကြောင်းကို သတင်းကောင်းပါးချင်ပါတယ်။

ပြည်တွင်းပြည်ပက မည်သူ့ကိုမဆို ပူးပေါင်းဆောင်ရွက်မှုကို လက်ခံတဲ့အကြောင်းနဲ့ ဒီလိုပါဝင်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ Master Plan နဲ့အညီ ပါဝင်ဆောင်ရွက်ကြဖို့လိုတဲ့အကြောင်း ပြောပြချင်ပါတယ်။

**မေး။ ။ ရှေ့ဆက် ဆောင်ရွက်မယ့် အခြေအနေနဲ့ အခြားပြောကြားလိုတာများရှိရင် ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ဖြည့်စွက် ပြောကြားလိုတာကတော့ ၂၀၁၁ ခုနှစ်ကနေစပြီး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေ ဆောင်ရွက်တယ်။ နိုင်ငံတော်အဆင့်အနေနဲ့ ကြည့်မယ်ဆိုရင် တစ်နိုင်ငံလုံးပေါ့။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေထဲမှာ ကျွန်တော်တို့ ပညာရေးအပိုင်းအနေနဲ့လည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်တယ်။ အဓိကပြုပြင်ပြောင်းလဲခြင်းဟာ ဥပဒေနဲ့အညီ ပြုပြင်ပြောင်းလဲခြင်းဖြစ်ဖို့ လိုအပ်ပါတယ်။ တည်ဆဲဥပဒေနဲ့အညီဖြစ်ဖို့အတွက် အမျိုးသားပညာရေးဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ လွှတ်တော်ကနေလည်း အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ အတည်ပြုပြီးဖြစ်တဲ့ အမျိုးသားပညာရေးဥပဒေကနေ ဆက်လက်ပြီးဆွဲရမယ့် ဥပဒေတွေကတော့ အဆင့်မြင့်ပညာဥပဒေ၊ အခြေခံပညာဥပဒေ၊ အသက်မွေးဝမ်းကျောင်းပညာဥပဒေ၊ ဆရာအတတ်ပညာဥပဒေနဲ့ ပုဂ္ဂလိကဆိုင်ရာဥပဒေတွေကို ဆက်ပြီးဆွဲရမှာ ဖြစ်ပါတယ်။ ခုလောလောဆယ် အဆင့်မြင့်ပညာဥပဒေနဲ့ အခြေခံဥပဒေတွေကို ရေးဆွဲနေပါတယ်။ ရေးဆွဲတဲ့ဥပဒေတွေမှာ အဓိကကတော့ တက္ကသိုလ်တွေဟာ လွတ်လပ်စွာရပ်တည်ပြီး သင်ကြားရေးဆိုင်ရာကိစ္စရပ်များ၊ သုတေသနဆိုင်ရာကိစ္စရပ်၊ ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာကိစ္စရပ်၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်တွေကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲတဲ့စနစ်ကို သွားဖို့ပဲဖြစ်တယ်။

အဲဒီလိုသွားတဲ့အခါမှာ မူဝါဒအားဖြင့် အမျိုးသားပညာရေးဥပဒေမှာ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ဘယ်ပုံစံနဲ့ သွားကြမယ်။ ဘယ်လိုသွားကြမယ်ဆိုတာကို အခုဆက်လက်ရေးဆွဲမယ့် အခုအမျိုးသားပညာရေးနည်းဥပဒေနဲ့ အဆင့်မြင့်ပညာကဏ္ဍ ဥပဒေတွေမှာ မူတည်တယ်။ တက္ကသိုလ်တိုင်းမှာ တက္ကသိုလ်ပဋိညာဉ်ကိုလည်း ရေးဆွဲရမယ်။ အဲဒီတက္ကသိုလ်ပဋိညာဉ်မှာ ကိုယ့်တက္ကသိုလ်မှာ ဘယ်လိုအချက်တွေကို ဆောင်ရွက်မယ်။ မဆောင်ရွက်ဘူးဆိုတဲ့ do and don’t ဆိုတာတွေကို ပြဋ္ဌာန်းထားမှာဖြစ်တယ်။ တက္ကသိုလ် ကျောင်းသားတိုင်းဟာ တက္ကသိုလ်ကျောင်းသားဘဝကို အပြည့်အဝခံစားနိုင်ဖို့ ရည်ရွယ်ပါတယ်။

တက္ကသိုလ်က မွေးထုတ်လိုက်တဲ့ ကလေးတိုင်းကို မိမိဘဝမှာ မိမိသင်ကြားခဲ့တာတွေနဲ့အညီ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိဖို့ အဓိကဆောင်ရွက်နေပါတယ်။ သင်ကြားမယ့် သင်ရိုးညွှန်းတမ်းတွေကိုလည်း တက္ကသိုလ်က ပါမောက္ခတွေကနေ လက်တွေ့စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းအစရှိသဖြင့် လုပ်ငန်းရှင်တွေနဲ့တိုင်ပင်ပြီး ဆောင်ရွက်တယ်။ လက်တွေ့လုပ်ငန်းခွင်မှာ လိုအပ်နေတဲ့ အရည်အသွေးနဲ့ မွေးထုတ်ပေးလိုက်တဲ့ ကလေးတွေရဲ့ အရည်အချင်းနဲ့ ကိုက်ညီစေဖို့ပဲ ဖြစ်ပါတယ်။

လာရောက်ပြီး လေ့လာချင်ရင်လည်း ဖိတ်ခေါ်ပါတယ်။ အကြံဉာဏ်တွေ ပေးမယ်ဆိုရင်လည်း ဖိတ်ခေါ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေ အားလုံးကို ကြိုဆိုပါတယ်။ လှူဒါန်းမှုတွေကို ကြိုဆိုပါတယ်။ ရရှိလာတဲ့ လှူဒါန်းမှုတွေကို ထင်သာမြင်သာနဲ့ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ သုံးမယ်ဆိုတာ အာမခံပြီး ဆောင်ရွက်ပါမယ်။

သုတေသနအပိုင်းမှာလည်း တက္ကသိုလ်ကပြုလုပ်တဲ့ သုတေသနတွေဟာ တက္ကသိုလ်စာကြည့်တိုက်မှာ သိမ်းဆည်းထားပြီး ပြီးဆုံးသွားတာမျိုး မဟုတ်ဘဲ လက်တွေ့နယ်ပယ်ထဲမှာ အသုံးချနိုင်အောင် ဆောင်ရွက်ပါမယ်။ စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း တက္ကသိုလ်မှာ လုပ်ဆောင်နေတဲ့ သုတေသနလုပ်ငန်းတွေကို သိရှိစေချင်တယ်။ အဲဒီလိုသိစေဖို့ သိပ္ပံပွဲခင်းကို ဆောင်ရွက်ခဲ့ပါတယ်။

ရန်ကုန်တက္ကသိုလ်ကြီးဟာ အရင်အခြေအနေတွေနဲ့မတူတော့ဘဲ ရုပ်ပိုင်းဆိုင်ရာရော အရည်အသွေးအပိုင်းတွေမှာပါ တိုးတက်လာအောင် စီမံကိန်းတွေနဲ့ ဆောင်ရွက်နေတယ်။ နှစ်စဉ်ဘဏ္ဍာငွေတွေကို တိုးမြှင့်ပြီးလည်း ဆောင်ရွက်ပါတယ်။ အားလုံးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့လည်း ပြောကြားချင်ပါတယ်။

အဆောင်ဟောင်းတွေကို ပြင်ဆင်တဲ့အပြင် နိုင်ငံတက္ကသိုလ်တွေက လာတဲ့အခါ အဆင်ပြေအောင် ကျောင်းသူ ၄၀၀ ဆံ့ အဆောင်တွေ၊ ကျောင်းသား ၄၀၀ ဆံ့ အဆောင်တွေ ဆောက်လုပ်နေတယ်ဆိုတာကိုလည်း သိစေချင်ပါတယ်။ ဆရာ ဆရာမတွေ၊ ဝန်ထမ်းတွေရဲ့ အိမ်ရာစီမံကိန်းတွေကို စတင်ဆောက်လုပ်နေပါပြီ။ အခုအထိတော့ နိုင်ငံတော်ဘဏ္ဍာငွေနဲ့ ဆောင်ရွက်နေပါတယ်။

တက္ကသိုလ်တွေမှာ လေ့လာသင်ယူတဲ့အခါ ဘာသာရပ်တိုင်းအတွက် အင်္ဂလိပ်စာအသုံးပြုလေ့လာရတဲ့အတွက်၊ နိုင်ငံတကာကျောင်းတွေနဲ့ ဆက်သွယ်တဲ့အခါမှာလည်း အင်္ဂလိပ်လို အသုံးပြုရတဲ့အတွက် တက္ကသိုလ်တွေမှာ ပြိုင်ပွဲတွေပြုလုပ်ပေးပြီး ဆရာ ဆရာမတွေကိုလည်း အင်္ဂလိပ်စာသင်တန်းတွေ ပေးနေပါတယ်။ ။

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများ ကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (ပ/ဒုတွဲ)စာအုပ်ဖြစ်၍ အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက်(၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
နိုဝင်ဘာ (၅/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၅ တန်းမှ ၁၀တန်းထိ ပိုင်း / Guide / အိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့
01-375970, 0951 72096, 0925 4541441

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
### အောင်ဘာလေသိန်းဆုဌာနခွဲ
### အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ရန်ကုန်မြို့
### သတင်းကြေညာချက်
### ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၇ ရက်

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် (၃၁၁)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် အက္ခရာလုံးရေ (၄၀)(ကမှ ကဆ) အထိ ရိုက်နှိပ်ထုတ်ဝေ ရောင်းချခဲ့ပါသည်။

၂။ အောင်ဘာလေသိန်းဆုဌာနခွဲမှ နယ်အရောင်းစနစ်၊ ဗဟိုအရောင်းစနစ်ဖြင့် ရောင်းချခဲ့ပြီး ကျန်ရှိသော (ကဂ)ထိ ထီအုပ်ရေ (၉၈၁၃)နှင့် (ကဃမှ ကဆ)အထိ ထီအုပ်ရေ (၃၂၇၂၇၂) စုစုပေါင်းထီအုပ်ရေ (၃၃၇၀၈၅) အား ရန်ကုန်အောင်ဘာလေသိန်းဆုဌာနခွဲတွင် ၃-၁၁-၂၀၁၄ရက် မှ ၂၁-၁၁- ၂၀၁၄ ရက်အထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ထိုသို့ရောင်းချရာတွင် နိုင်ငံသားလက်မှတ်ကိုင်ဆောင်သူတစ်ဦးလျှင် အနည်းဆုံးထီစာအုပ်(၁)အုပ်မှ အများဆုံးအုပ်ရေ(၁၀၀)အထိ ထီစာအုပ်(၁)အုပ်လျှင် ကျပ်(၂၀၀၀/-)နှုန်း ငွေသားဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ဆေးသိပ္ပံပညာဦးစီးဌာန
### ဆေးတက္ကသိုလ်၊ တောင်ကြီး
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်၊ တောင်ကြီးတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| ဆေးသိပ္ပံပညာဦးစီးဌာန၏ ဆောင်ရွက်ရန်လုပ်ငန်း | | | |
|---|---|---|---|
| စဉ် | တည်နေရာ/တက္ကသိုလ်အမည် | | ဆောင်ရွက်မည့်လုပ်ငန်းများ |
| ၁။ | ရှမ်းပြည်နယ် | ဆေးတက္ကသိုလ်၊ တောင်ကြီး | (၁)ဒုတိယပါမောက္ခချုပ် နေအိမ်နှစ်ထပ်တည်ဆောက်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃၁-၁၀-၂၀၁၄ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၁၁-၂၀၁၄ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး တစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဆေးတက္ကသိုလ်၊ တောင်ကြီးရုံးခန်း(ယာယီ) ပြည်နယ်ကျန်းမာရေးဦးစီးဌာနဝင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်၊

၅။ အသေးစိတ်သိရှိလိုသောအချက်များကို ဆေးတက္ကသိုလ်၊ တောင်ကြီး ဖုန်း-၀၈၁-၂၁၂၄၈၆၁၊ ၀၈၁-၂၁၂၄၈၆၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### အမှားပြင်ဆင်ချက်

ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ ဒီးမော့ဆို စိုက်ပျိုးရေးသိပ္ပံကျောင်း အဆောက်အအုံဆောက်လုပ်ရန်နှင့် လိုအပ်သောအသုံးအဆောင်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်းကြော်ငြာအား ၂-၁၁-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာနှင့် စည်းကမ်းချက်များကို နောက်ဆုံးတင်သွင်းရမည့်ရက် ၇-၁၁-၂၀၁၄ရက်အစား ၂၇-၁၁-၂၀၁၄ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးကြေညာအပ်ပါသည်။

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁)တည်ဆောက်ရေး၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ ချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း (၁၇၉၀ ကျင်း) အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၄ ရက်
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၁၄-၁၁-၂၀၁၄ ရက် ၁၆း၃၀ နာရီ
**Company Profile, Technical Proposal နှင့် Financial Proposal များ လက်ခံမည့်ရက်** - ၁၉-၁၁-၂၀၁၄ ရက် ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊**
**ဖက်စ်-၀၆၇-၄၁၀၄၃၁**

### ပြန်ကြားရေးဝန်ကြီးဌာန
### မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
### စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်း 27 Items
(ခ) ရေဒီယိုလုပ်ငန်းသုံးပစ္စည်း 21 Items

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၁၁-၂၀၁၄ ရက်မှ ၁၉-၁၁-၂၀၁၄ ရက်ထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁၁-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

## အောင်ဇေယျတုဂျာနယ်တွင် ရေးသားဖော်ပြမှုနှင့်ပတ်သက်၍ ကျင့်ဝတ်အရ ထိန်းသိမ်းညှိနှိုင်းဖြေရှင်းပေးရန် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ ညှိနှိုင်းစာပေးပို့ထား

**နေပြည်တော် နိုဝင်ဘာ ၄**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့ထုတ် အောင်ဇေယျတုဂျာနယ် အမှတ် (၄၄)ပါ ရေးသားချက်များသည် သတင်းမီဒီယာဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ဇ) (ဈ)နှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ (ခ) တို့ပါ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးမျိုးကို အကြောင်းပြု၍ ပဋိပက္ခ ဖြစ်စေနိုင်သော လှုံ့ဆော် ရေးသားမှုများမှ ရှောင်ကြဉ်ခြင်း၊ တိုင်းရင်းသားလူမျိုး အချင်းချင်း ၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကို ဖော်ပြခြင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်းမပြုရဟူသော စည်းကမ်းသတ်မှတ်ချက်ကို ဖောက်ဖျက်ရာရောက်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက စိစစ်တွေ့ရှိခဲ့သည်။

အဆိုပါ ရေးသားချက်များနှင့်ပတ်သက်၍ တရားဥပဒေအရ အရေးယူရသည့်အဆင့်သို့မရောက်မီ ကျင့်ဝတ်နှင့်အညီ ထိန်းသိမ်းညှိနှိုင်းဖြေရှင်းပေးပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ အောက်တိုဘာ ၂၉ ရက် ရက်စွဲဖြင့် ညှိနှိုင်းစာပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ယခင်ကလည်း ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထုတ် အောင်ဇေယျတုဂျာနယ် အမှတ်(၇)နှင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့ထုတ် ဇမ္ဗူဒိပ်ဂျာနယ် အမှတ်(၅၅) ပါ ဆောင်းပါးများနှင့်ပတ်သက်၍လည်း စာနယ်ဇင်းကျင့်ဝတ်အရ ထိန်းသိမ်းညှိနှိုင်းဖြေရှင်းပေးရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ ညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကေတုမတီမြို့တည်နန်းတည် အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၄**

ကေတုမတီ တောင်ငူမြို့တည်နန်းတည် (၅၀၄) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘောလုံးပွဲ၊ စာပေဟောပြောပွဲ၊ ပန်းချီပြပွဲ စသည်တို့ ကျင်းပခဲ့ပြီး မက်ခရိုမာရသွန်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၆ နာရီက စတင်တာလွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို တောင်ငူတက္ကသိုလ် မုခ်ဦးမှ စတင်တာလွှတ်ခဲ့ပြီး ရန်ကုန်- မန္တလေး (အမြန်လမ်းဖြတ်လမ်း) မှ တောင်ငူခရိုင် အား/က ဦးစီးဌာနရုံး မိုင်ဒါကွင်းရှေ့တွင် ပန်းဝင်ခဲ့ကြောင်းသိရသည်။ ပြိုင်ပွဲဝင်များကို ဝတ်စုံများ ထောက်ပံ့ပေးပြီး ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲဝင်ကစားသမားများထဲတွင် သက်ကြီးရွယ်အိုများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆုကို သနပ်ပင်ကျေးရွာမှ ကိုကိုပိုင်က ရရှိသည်။ **(အောက်ပုံ)**

**သတင်း-ကျော်သူဝင်း**
**ဓာတ်ပုံ-သူရ(တောင်ငူ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၁၁-၂၀၁၄

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၀၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၄၅၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၂၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၀၉-၁၀၁၅ |
| ဥရောပ | တစ်ယူရို | ၁၂၇၀-၁၂၈၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၄-၇၉၆ |
| ထိုင်း | တစ်ဘတ် | ၃၂-၃၂.၅၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| မိုးဆန်(ဧည်ယာအသစ်) | တစ်အိတ် | ၁၅၅၀၀-၁၅၈၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၄၈၀၀-၁၅၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၁၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၈၀-၃၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၂၅ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၂၀-၆၉၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၂၀၀-၂၃၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၄၇၀၀ |
| သကြား | တစ်ပိဿာ | ၈၈၀-၉၂၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ရတနာ-စုစည်းသည်။** **ခင်ဆိုင်-ဇော့ဝင်းပြသည်။**

## ဂျိန်းဖောရတနာဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် တတိယအကြိမ်မြောက် ဂျိန်းဖောရတနာဖလား အမျိုးသား (အလွတ်တန်း) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက်က ကျိုင်းတုံမြို့မ ဘောလုံးကွင်း၌ ကျင်းပသည်။ ဖွင့်ပွဲတွင် ဂျိန်းဖော ရတနာအသင်းနှင့် NRDC အသင်းတို့ယှဉ်ပြိုင်ကြရာ ဂျိန်းဖောရတနာအသင်းက အနိုင်ရရှိသွားသည်။ အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ နိုဝင်ဘာ ၂၈ရက်တွင် ဗိုလ်လုပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်နိုင် (iprd)**

# ရွှေရတုတိပိဋကစကျူပါလမျက်စိဆေးရုံ အထူးကျေးဇူးတင်ရှိခြင်း

ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ၏ သက်တော်(၄၉)နှစ်ပြည့် မွေးနေ့ကောင်းမှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာရှိ ရွှေရတုတိပိဋကစကျူပါလမျက်စိဆေးရုံတွင် ၁-၁၀-၂၀၁၄ မှ ၄-၁၀-၂၀၁၄ အထိ ထိုင်းနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီး Dr.Rattiya Pornchaisuree (Pediatric Opthalmology & Strabismus) ဦးဆောင်သော ထိုင်းဆရာဝန်သူနာပြုများမှ မျက်စိစွေစောင်းဝေဒနာရှင် ကလေးငယ် ၁၀၈ ဦးအား အောင်မြင်စွာ ခွဲစိတ်ကုသပြုပြင်နိုင်ခဲ့ပါသည်။

**မျက်စိစွေစောင်း ဝေဒနာရှင်ရင်သွေးငယ်များ၏ ရုပ်ရည်လှပတင့်တယ်မှုနှင့်အနာဂတ်ဘဝခရီးကို ရဲဝံ့စွာလျှောက်လှမ်းနိုင်စေမည့် ခွန်အားသတ္တိများကို ပေးလှူနိုင်ခဲ့ပါသည်။**

ဤကောင်းမှုဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး အမှူးပြုသော တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၊ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးမှ တိုင်းမေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာကျော်မြင့်ဟန်၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ တင်မောင်ရွှေ၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဌေးဌေးရီ၊ ဒေါက်တာအေးကို၊ စစ်ကိုင်းမြို့ပြည်သူ့ဆေးရုံကြီးမှ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ချိုမာလွင်နှင့် ဆရာဝန်၊ သူနာပြုဝန်ထမ်းများ၊ ထီးဆောင်းနှင့် ခွက်ခွင်းကျေးရွာမှရပ်မိရပ်ဖများ၊ ထီးဆောင်းကျေးရွာမှ ဆရာဦးမျိုးအောင်၊ အလွတ်ပညာသင်ကျောင်းမှ လုပ်အားပေးကျောင်းသား၊ ကျောင်းသူများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဆေးရုံစတင်ဖွင့်လှစ်သည်မှ ယနေ့အထိ(**တစ်နှစ်တာကာလအတွင်း**) ပြင်ပလူနာ ၁၈၀၀၀ ဦး၊ ခွဲစိတ်ကုသမှုခံယူသူလူနာ ၅၀၀၂ ဦးအား စောင့်ရှောက်ကုသ၍ အလင်းလက်ဆောင် ပေးလှူနိုင်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မန္တလေးမြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခဒေါက်တာရီရီအောင် ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများ၊ ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီးမှ Dr.Somsran Watanachote ဦးဆောင်သော PECF မှ ဆရာဝန်၊ သူနာပြုများ၊ ဩစတြေးလျနိုင်ငံမှ Dr. Geoffery Cohn ၊ နီပေါနိုင်ငံမှ Dr.Biddya Prasad Pant, Dr.Arina Shrestha နှင့် ဒေါ်ဖြူစင်မွန်( MECP)တို့၏ မေတ္တာ၊ စေတနာ၊ ကရုဏာအပြည့်အဝဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးမှု၊ ပြည်တွင်းပြည်ပကောင်းမှုရှင်များ၏ ထောက်ပံ့ကူညီလှူဒါန်းမှုများကို အထူးပင်ကျေးဇူးဥပကာရတင်ရှိ၍ သာဓုအနုမောဒနာ ပြုအပ်ပါသည်။

ဆေးရုံရေရှည်တည်တံ့၍ စဉ်ဆက်မပြတ်အလင်းလက်ဆောင်ပေးလှူနိုင်ရန်အတွက် ကောင်းမှုရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

**ရွှေရတုတိပိဋကစကျူပါလမျက်စိဆေးရုံ**

## ချန်ပီယံလိဂ်နှင့် ချန်ပီယံရှစ် ပွဲစဉ်များ (သီဟ)

**ချန်ပီယံလိဂ် အုပ်စု(င)** — နိုဝင်ဘာ ၆

| | | | |
|---|---|---|---|
| မန်စီးတီး | - | CSKA မော်စကို | နံနက် ၂း၁၅ |
| ဘိုင်ယန်မြူးနစ် | - | ရိုးမား | နံနက် ၂း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(စ)** — နိုဝင်ဘာ ၆

| | | | |
|---|---|---|---|
| ပီအက်စ်ဂျီ | - | အေပိုးလ် | နံနက် ၂း၁၅ |
| အိုင်းယက်စ် | - | ဘာစီလိုနာ | နံနက် ၂း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ဆ)** — နိုဝင်ဘာ ၆

| | | | |
|---|---|---|---|
| စပို့တင်း | - | ရှော်လ်ကေး | နံနက် ၂း၁၅ |
| မာရီဘော | - | ချယ်လ်ဆီး | နံနက် ၂း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ဇ)** — နိုဝင်ဘာ ၆

| | | | |
|---|---|---|---|
| ရှက်တာဒိုးနက် | - | BATE ဘိုရီဆော့ | နံနက် ၂း၁၅ |
| ဘီလ်ဘာအို | - | ပေါ်တို | နံနက် ၂း၁၅ |

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၁၆)** — နိုဝင်ဘာ ၆

| | | | |
|---|---|---|---|
| နော်တင်ဟမ် | - | ဘရန့်ဖို့ဒ် | နံနက် ၂း၁၅ |
| ဖူလ်ဟမ် | - | ဘလက်ပူးလ် | နံနက် ၂း၃၀ |

### ချန်ပီယံလိဂ် ၃၂သင်းအဆင့် အုပ်စုရပ်တည်မှုများ

**အုပ်စု(င)**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ဘိုင်ယန်မြူးနစ် | ၃ | ၃ | ၀ | ၀ | ၉ |
| ၂။ | ရိုးမား | ၃ | ၁ | ၁ | ၁ | ၄ |
| ၃။ | မန်စီးတီး | ၃ | ၀ | ၂ | ၁ | ၂ |
| ၄။ | CSKA မော်စကို | ၃ | ၀ | ၁ | ၂ | ၁ |

**အုပ်စု(စ)**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ပီအက်စ်ဂျီ | ၃ | ၂ | ၁ | ၀ | ၇ |
| ၂။ | ဘာစီလိုနာ | ၃ | ၂ | ၀ | ၁ | ၆ |
| ၃။ | အိုင်းယက်စ် | ၃ | ၀ | ၂ | ၁ | ၂ |
| ၄။ | အေပိုးလ် | ၃ | ၀ | ၁ | ၂ | ၁ |

**အုပ်စု(ဆ)**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ချယ်လ်ဆီး | ၃ | ၂ | ၁ | ၀ | ၇ |
| ၂။ | ရှော်လ်ကေး | ၃ | ၁ | ၂ | ၀ | ၅ |
| ၃။ | မာရီဘော | ၃ | ၀ | ၂ | ၁ | ၂ |
| ၄။ | စပို့တင်း | ၃ | ၀ | ၁ | ၂ | ၁ |

**အုပ်စု(ဇ)**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်တို | ၃ | ၂ | ၁ | ၀ | ၇ |
| ၂။ | ရှက်တာဒိုးနက် | ၃ | ၁ | ၂ | ၀ | ၅ |
| ၃။ | BATE ဘိုရီဆော့ | ၃ | ၁ | ၀ | ၂ | ၃ |
| ၄။ | ဘီလ်ဘာအို | ၃ | ၀ | ၁ | ၂ | ၁ |

# စပါး၊ ဗီလာရီးရဲနဲ့ အင်တာမီလန်တို့မျှော်လင့်ချက်ပြည့်နိုင်ပါတယ်

ဒီတစ်ပတ်မှာ ယူရိုပါလိဂ်အုပ်စု ပွဲစဉ်(၄)ကို ကစားဖို့ရှိနေပါတယ်။ နိုဝင်ဘာ ၆ ရက်မှာ ကစားမယ့်ပွဲစဉ်တွေထဲမှာ စပါး၊ ဗီလာရီးရဲ၊ အင်တာမီလန်နဲ့ ကိုပင်ဟေဂင်တို့ ပွဲတွေက ခံစားမှုရသသစ်ကို ထိရှအောင်ပေးစွမ်းပါလိမ့်မယ်။ နာမည်ကြီးအသင်းတွေရဲ့ နိုင်ပွဲပုံဖော်မှု ပြတ်သားနိုင်မလားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။

**ထရီပိုလစ်နှင့် စပါး**

အုပ်စု (C)မှာ သုံးပွဲကစားပြီး ငါးမှတ်ရနေတဲ့ စပါးဟာ အုပ်စုထိပ်ကို ဦးဆောင်နေပါတယ်။ ဂရိကလပ် ထရီပိုလစ်တို့ကတော့ သုံးပွဲကစား၊ လေးမှတ်နဲ့ အုပ်စုတတိယမှာ ရပ်တည်နေတာမို့ ခြေစွမ်းပိုင်းမညံ့ပါဘူး။ ပထမအကျော့မှာ စပါးက ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပေမယ့် အခုပွဲမှာ အိမ်ရှင်ရဲ့ အားထုတ်မှုပြင်းထန်တာမို့ အမှတ်ခွဲယူရနိုင်တဲ့ အနေအထားပါပဲ။

**ဇူးရစ်နှင့် ဗီလာရီးရဲ**

အုပ်စု (A)မှာ သုံးပွဲကစား၊ ခုနစ်မှတ်နဲ့ဗီလာရီးရဲတို့ ဦးဆောင်နေပါတယ်။ ဆွစ်ဇာလန်ကလပ် ဇူးရစ်ဟာ ပထမအကျော့မှာ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ အဲဒီရလဒ်ကို ပြန်လည်ခြေဖျက်ဖို့အတွက် ခံစစ်ကောင်းမွန်အောင်မြင်ရင်တော့ အမှတ်ရနိုင်ပေမယ့် ဗီလာရီးရဲတို့ပဲ ရလဒ်ကို ဆုံးဖြတ်ပါလိမ့်မယ်။

**စိန့်အီတင်းနှင့် အင်တာမီလန်**

အုပ်စု (F)မှာ အင်တာမီလန်က ပွဲကစားပြီးချိန်မှာ ခုနစ်မှတ်နဲ့ဦးဆောင်နေပါတယ်။ တိုက်စစ်ရော၊ ခံစစ်ပါအားနည်းမှုရှိနေတဲ့ လီဂူး-၁ကလပ် စိန့်အီတင်းဟာ ပထမအကျော့မှာ အင်တာမီလန်ကို တစ်ဂိုးစီသရေပွဲရအောင် ကစားထားနိုင်ပါတယ်။ လက်ရှိအခြေအနေမှာ အိမ်ကွင်းခြေစွမ်းတက်လာတဲ့ စိန့်အီတင်းကြောင့် အင်တာမီလန် အခက်တွေ့နိုင်ပြီး အနိမ့်ဆုံးတစ်မှတ်ရအောင် ခြေကုန်ထုတ်ရပါလိမ့်မယ်။

**ကိုပင်ဟေဂင်နှင့် ဘရူဂျက်**

ပထမအကျော့ ဘရူဂျက်ကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာတော့ ပြတ်သားတဲ့ ရလဒ်ကိုအပြိုင်ပုံဖော်ကြပါလိမ့်မယ်။ နှစ်သင်းစလုံး အရေးကြီးတဲ့ပွဲစဉ်ဖြစ်တာမို့ အဓိကကစားသမားတွေ အကုန်ထည့်သုံးပါလိမ့်မယ်။ အိမ်ရှင်အသာစီးရနိုင်တဲ့ပွဲပါ။

**ပါနာသီနာကိုစ့်နှင့် ပီအက်စ်ဗီ**

အုပ်စု (E)မှာ ပီအက်စ်ဗီတို့ အားသွန်ကစားရမယ့်ပွဲပါပဲ။ ဒီပွဲနိုင်မှ နောက်တစ်ဆင့်မျှော်လင့်နိုင်တာမို့ အားထည့်ယှဉ်ပြိုင်ပါလိမ့်မယ်။ ပီအက်စ်ဗီဟာ သုံးပွဲကစား၊ လေးမှတ်နဲ့ အုပ်စုဒုတိယနေရာမှာရှိနေတာမို့ ဒီပွဲနိုင်မှဖြစ်မယ့် ပီအက်စ်ဗီရဲ့ ရုန်းကန်အားကို ယုံကြည်စိတ်ပေးရမှာဖြစ်ပါတယ်။

**ဖီယင်နူနှင့် ရီဂျီကာ**

ဟော်လန်ကလပ် ဖီယင်နူဟာ ပထမအကျော့မှာ ရီဂျီကာကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးထားပါတယ်။ ခရိုအေးရှားကလပ် ရီဂျီကာတို့ကတော့ ခြေစွမ်းကောင်းမွန်အောင် ကြိုးစားနေတာမို့ အိမ်ရှင်တို့ ဒီပွဲမှာလည်းမလွယ်ပါဘူး။

**ဘီဆစ်တက်နှင့် ပါတီဇန်**

တူရကီကလပ် ဘီဆစ်တက်တို့ ပထမအကျော့မှာ အဝေးကွင်းဆိုပေမယ့် လေးဂိုးပြတ်နဲ့ အနိုင်ယူထားခဲ့ပါတယ်။ ဆားဘီးယားကလပ် ပါတီဇန်တို့ကတော့ အခုပွဲမှာ ရှုံးကြွေးဆပ်နိုင်ဦးမှာ မဟုတ်ပါဘူး။ ။

**မိုးမြင့်လင်းလက်**



## ဆန်းဒါးလန်းပရီမီယာလိဂ်တွင် စတင်အနိုင်ရ

ပရီမီယာလိဂ်လက်ကျန်ပွဲအဖြစ် ခရစ္စတယ်ပဲလေ့စ်နှင့် ဆန်းဒါးလန်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဆန်းဒါးလန်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပွဲတွင် ဖလက်ချာက နှစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ဆန်းဒါးလန်းတို့ တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်လာခဲ့သည်။ ဖလက်ချာက ပွဲစပြီး ၁၃ မိနစ်အကြာ ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း ခရစ္စတယ်ပဲလေ့စ်အတွက် ချေပဂိုးကို ဝက်ဘရောင်းက ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး ရခဲ့သည်။ ဂျော်ဒီဂိုမက်ဇ်က ညှေ့အသင်းဆန်းဒါးလန်းအတွက် ဒုတိယဦးဆောင်ဂိုးပြန်သွင်းခဲ့သည်။ ယင်းပွဲတွင် ခရစ္စတယ်ပဲလေ့စ်အသင်းခေါင်းဆောင် မီလီဂျက်ဒီနက် နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ ဆန်းဒါးလန်းသည် ၂၀၁၂ ခုနှစ် ဧပြီလနောက်ပိုင်း ပထမဆုံးအနိုင်ရခဲ့ခြင်းဖြစ်သည်။

## မာရေးနှင့်ဖက်ဒဲရား တစ်အုပ်စုတည်း ကစားရမည်

လန်ဒန်မြို့၌ကျင်းပမည့် ATP Finals တင်းနစ်ပြိုင်ပွဲတွင် ဗြိတိသျှတင်းနစ်အကျော် မာရေးသည် ရော်ဂျာဖက်ဒဲရားနှင့်တစ်အုပ်စုတည်းကစားရမည်ဖြစ်သည်။ အသက် ၂၇ နှစ်ရှိ မာရေးသည် လွန်ခဲ့သောခြောက်ပတ်အတွင်း ဖလားသုံးလုံးဆွတ်ခူးခဲ့ပြီးနောက် နိုဝင်ဘာ ၉ရက်မှ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားမည့် အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ရရှိသွားခဲ့သည်။ မာရေးသည် အုပ်စု (B)တွင် ဖက်ဒဲရား၊ ဂျပန်မှနီရှိကိုရီနှင့် ကနေဒါမှ ရောနစ်တို့နှင့်အတူ ကစားရမည်ဖြစ်သည်။ အုပ်စု (A)တွင် ဂျိုကိုဗစ်၊ ဝေါရင်ကာ၊ ဘာဒစ်နှင့် ခရိုအေးရှားမှ မာရင်စီလစ်တို့ ပါဝင်သည်။ မာရေးသည် လာမည့်တနင်္ဂနွေနေ့တွင် ဂျပန်တင်းနစ်ကစားသမား နီရှိကိုရီနှင့် စတင်ကစားရမည်ဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

NEW MOTION Travels & Tours
New Motion
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ဈေးလျှော့သစ်လွင် ခရီးစဉ်
တောင်ကြီး ခရီးစဉ် ~ Dec; 24
မန္တလေး ခရီးစဉ် ~ Dec; 24
ပုဂံ ခရီးစဉ် ~ Dec; 25
ရွှေစက်တော် အလောင်းတော်ကဿပ ရွှေလီ/မိုးကုတ် ပေလီ/ချောင်းသာ
မော်လမြိုင် ခရီးစဉ် ~ Dec; 26
ငွေဆောင် ခရီးစဉ် ~ Dec; 26 , Jan; 2
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

UNIQUE TRAVELS & TOURS CO.,LTD.
UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Nov: 15,22,29 / Dec: 6,13,20,27 (300,000)
ကူမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6)D Nov: 15,29 / Dec: 13,27 (400,000)
ဥရောပ(10) နိုင်ငံ အမေရိကား ကိုရီးယား ပီကင်း ဖူးခက်/ဘာလီ
ဩစတြေးလျ စင်္ကာပူ+မလေး ဂျပန် ဟောင်ကောင် မော်လဒိုက်
No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966. 708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079

## အကယ်ဒမီဗန်းကိုင်လျှောက်လွှာခေါ်ယူခြင်း

၂၀၁၃ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အကယ်ဒမီရွှေကြို (ယခင်-အကယ်ဒမီဗန်းကိုင်)လျှောက်ထားလိုသူ အမျိုးသား/အမျိုးသမီးများသည် ၄-၁၁-၂၀၁၄ရက်မှစ၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတွင် လျှောက်လွှာများ ထုတ်ယူနိုင်ပါသည်။ ၂၈-၁၁-၂၀၁၄ရက် ညနေ ၅း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**



'ယခင်ထုတ်ဝေခဲ့သော (ပ+ဒု+တ) သုံးတွဲအား ပေါင်းစု၍ အစမှအဆုံး ပြန်လည်ရေးသားထားပါသည်......'
ရွှေစင်မြင်းမိုရ် အဘိဓမ္မာ
စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)
☎ 09 448034203
09 254109267
ထွက်ပြီ

iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-73138079, 09-254151516, 09-43064181
MDY 09-31406813, 09-91050973
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

သွေးသည် အသက်

ID မှုရင်း ပျောက်ဆုံးကြောင်း
Myanmar Wood Mart Co., Ltd. ID-16883 (12-12-13)
ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၅၀၁၆၂၁၃

ကြော်ငြာ


68 Residence
We Define Lifestyle
ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
Developed By: UNITED GP Development by GOLDEN PALACE
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးဘွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than 78% Sold Out
ဝယ်ယူအားပေးသည့် မိတ်ဆွေများအား ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
• အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
• တစ်နေရာတည်းတွင် ဧည့်ခန်းနှင့်လူနေအိပ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
• အဆင့်မြင့် SMART HOME SYETEM နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
• အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE Managed by The Ascott Limited
SOILBUILD GROUP HOLDINGS LTD
OrangeTee
777 lux
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့ ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့
1st Prize
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
2nd Prize
BMW 528 Brand New
3rd Prize
GIA (3)ကာရက်ရှိ စိန်လက်စွပ်တစ်ကွင်း
ငလျင်ဒဏ်ကိုရစ်ချက်တာစကေးအနည်းဆုံး(8)ခံနိုင်အောင် တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းအစုံကျပိုင်ဆိုင်နိုင်မည့် အလွန်စိတ်ချရသောရင်းနှီးမြှုပ်နှံမှု
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
Sayasan Road
Kabar Aye Pagoda Road
SHOWROOM :
44/A, Sayar San Road, Bahan Township, Yangon, Myanmar.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
Room Types | Sqft
1 Bedroom | 750 Sqft
2 Bedrooms | 1000 - 1100 Sqft
2 Bedrooms + Study | 1200 - 1300 Sqft
3 Bedrooms + Study | 1380 - 1580 Sqft
Duplex (3 Bedrooms + 1) | 2100 Sqft
Dual Key (2 Bedrooms + 1 Bedroom) | 2100 Sqft

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးပွင့်အဆင့်(၇)စီမံချက်စတင်ဆောင်ရွက်



**မန္တလေး နိုဝင်ဘာ ၄**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးပွင့်အဆင့် (၇)စီမံချက်ကို နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနကလည်း ယင်းစီမံချက်ကို စတင်ဆောင်ရွက်သည့်အနေဖြင့် ချမ်းမြသာစည်မြို့နယ်ရှိ အထက(၂၆) နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အထက (၂၇)ကျောင်းများသို့ ကွင်းဆင်း၍ အသက် ၁၀ နှစ်မှ ၁၈နှစ်ပြည့်ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ One Stop Service အဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ ယင်းသို့ ဆောင်ရွက်ပေးရာတွင် တိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနနှင့်အတူ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာကျောင်းများမှကျောင်းအုပ်ကြီးများနှင့် ဝန်ထမ်းများက ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးခဲ့သည်။

"ကျွန်တော်တို့ဌာနအနေနဲ့ အခုလို မိုးပွင့်အဆင့်(၇)စီမံချက်အဖြစ် အခြေခံပညာကျောင်းတွေမှာလိုက်လံကွင်းဆင်းပြီး ကျောင်းသားကျောင်းသူလေးတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေအခမဲ့ One Stop Service အဖြစ် ဆောင်ရွက်ပေးခြင်းဟာ အလှူရှင်တွေရှိလို့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ရပ်ကွက်/ ကျေးရွာတွေက ဖိတ်ခေါ်ရင်လည်း ကျွန်တော်တို့ဌာနက ဘယ်လောက်ဝေးဝေး သွားရောက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာပါ။ အလှူရှင်ရှိရင်တော့ နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်တဲ့သူတွေအနေနဲ့ ကုန်ကျစရိတ်အတွက် ပေးစရာမလိုတော့ဘူး။ အလှူရှင်မရှိတဲ့သူတွေအတွက်ကတော့ ကတ်ပြားဖိုးအတွက်က ငွေခြောက်ကျပ်ပဲကုန်ကျမှာပါ။ အခြားလိုအပ်တဲ့ ဓာတ်ပုံရိုက်တာ၊ သွေးစစ်တာတွေနဲ့ မိတ္တူကူးတာတွေကတော့ ကာယကံရှင်ကသီးသန့်ကုန်ကျမှာပါ။ တချို့က ဒီကုန်ကျစရိတ်တွေနဲ့အတူ ခရီးစရိတ်၊ စားစရိတ်တွေစုပေါင်းပြီးတော့ နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်တာ ကုန်ကျမှုတွေ များပြားတယ်လို့ ပြောဆိုနေကြတယ်။ ဒါကြောင့် မလိုအပ်တဲ့ ကုန်ကျမှုစရိတ်တွေ သက်သာစေဖို့ ယခုလို ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ပြောသည်။ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် မိုးပွင့်စီမံချက်အား ၂၀၁၁ ခုနှစ်က စတင်ခဲ့ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ ဆောင်ရွက်ပေးခဲ့သော မိုးပွင့်အဆင့် (၆)စီမံချက်ကာလအတွင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားလေးသိန်းကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကလည်း အိမ်တိုင်ရာရောက် Door to Door သွားရောက်ဆောင်ရွက်ပေးသည့် စနစ်ကို စမ်းသပ်ခဲ့ရာ ပြည်သူများ၏ ကျေနပ်အားရမှုကို ရရှိခဲ့သောကြောင့် ယခုနှစ် ဒီဇင်ဘာလတွင် Door to Door စနစ်ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိုးပွင့်အဆင့်(၇)၏ စီမံချက်ကာလအတွင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၄၀၀၀၀ ကျော် ပြုလုပ်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်သူတွေကို ဝန်ဆောင်မှုပေးနေသော ဌာနဖြစ်သည်နှင့်အညီ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သည့် ဝန်ကြီးဌာနဖြစ်အောင်လည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ နိုင်ငံသားစိစစ်ရေးကတ်သည် ပြည်သူများ၏ ရပိုင်ခွင့်တစ်ခုဖြစ်သည့် အလျောက် ယင်းရပိုင်ခွင့်ကို ပြုလုပ်ရာတွင် အခက်အခဲများနှင့် မရှင်းလင်းသည်များရှိခဲ့ပါက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့ရှိ သက်ဆိုင်ရာဌာနများသို့ အချိန်မရွေး ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရန်ကုန်၊ မန္တလေးတက္ကသိုလ်များသို့ နယ်မြေကန့်သတ်ချက်မရှိဘဲ တက်ရောက်နိုင်

**ရန်ကုန် နိုဝင်ဘာ ၄**

ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များသို့ တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ မဆို အရည်အချင်းပြည့်မီသူများ အနေဖြင့် ဝင်ခွင့်လျှောက်ထားပြီး တက်ရောက်နိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ယခင်က ရန်ကုန်နှင့် မန္တလေးတက္ကသိုလ်များသို့ အခြားဒေသများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်လိုပါက ဝင်ခွင့်အတွက် သန်းခေါင်စာရင်းနှင့်အခြားသော ထောက်ခံချက်များတင်ပြနိုင်မှသာ ဝင်ခွင့်လျှောက်ထားခွင့်ရှိသည်ဟု ဆိုသည်။ ယခုအခါ အဆိုပါနယ်မြေကန့်သတ်ချက်ကို ဖယ်ရှားလိုက်ပြီး မိမိတို့တက်ရောက်လိုသော တက္ကသိုလ်များ၌ သတ်မှတ်အရည်အချင်းပြည့်မီပါက တက်ရောက်ခွင့်လျှောက်ထားနိုင်ကြောင်း သိရသည်။ အဆိုပါတက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်တန်းရမှတ် ၄၅၀ ဝန်းကျင်ရရှိမှသာ လျှောက်ထားတက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပထမနှစ်သင်တန်းကို ဒီဇင်ဘာလတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ယခုပညာသင်နှစ်မှစတင်ကာ ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များ၌ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် ၂၁ မျိုးကို လေးနှစ်သင်တန်းဖြင့် သင်ကြားကာဘွဲ့များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ အဆိုပါ တက္ကသိုလ်ကြီးများ၌ နိုင်ငံတကာနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လျက် တက္ကသိုလ်ပညာရေးအဆင့်အတန်းမြှင့်တင်သွားရန်လည်း ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တက္ကသိုလ်သည် လွန်ခဲ့သောနှစ်များက အခြေအနေအကြောင်းကြောင်းကြောင့် နေ့ကျောင်းဖွင့်လှစ်သင်ကြားမှုများ ပိတ်ထားခဲ့ရသော်လည်း အဝေးသင်တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများသာ စနေ၊ တနင်္ဂနွေရက်များအတွင်း လက်တွေ့ဘာသာရပ်များ သင်ကြားမှုများရှိကြောင်း သိရသည်။ **မောင်နွေသစ်**

# မန္တလေးအမျိုးသားပညာရေးဥပဒေကြမ်းရှင်းလင်း

**မန္တလေး နိုဝင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန မန္တလေးပညာရေးကောလိပ်ပညာတန်ဆောင်ခန်းမ၌ အမျိုးသားပညာရေးဥပဒေအကြောင်း ရှင်းလင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၈ နာရီခွဲကကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ် (၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးဆိုင်ရာမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပညာရေးကောလိပ် ကျောင်းအုပ်ကြီးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ခင်မြသက်က အမျိုးသားပညာရေးဥပဒေအကြောင်း အခန်း(၁)မှ အခန်း(၇) အထိ အကြောင်းအရာများကို ရှင်းလင်းပြီး လေ့ကျင့်ရေးအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်စန်းက အမျိုးသားပညာရေးဥပဒေ အခန်း(၈) မှ အခန်း(၁၄)အထိ ဥပဒေအကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# တိုင်းရင်းစာပေ ဆရာဖြစ်သင်တန်းဆင်း

**ကော့ကရိတ် နိုဝင်ဘာ ၄**

အခြေခံပညာသင်တန်းကျောင်းများတွင် တိုင်းရင်းသားရိုးရာ စာပေ သင်ကြားနိုင်ရေးအတွက် ပအိုဝ်းတိုင်းရင်းသားအမျိုးသား စာပေဆရာဖြစ် သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ရေကျော်ကြီးကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခွန်သန်းမြင့်၊ ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ ခရိုင်ပညာရေးမှူး ဦးစိုးမြင့်နှင့် မြို့နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ နာယက ဦးခွန်မောင်ကြိုင်တို့ ကအမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။ ဆက်လက်ပြီး ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု အဖွဲ့ဝင်များက ပအိုဝ်းရိုးရာအကဖြင့် ကပြဖျော်ဖြေပြီး တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ခဲ့သည်။ **(အောက်ပုံ)** **တင်ဝင်းလှိုင်(ကော့ကရိတ်)**





## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)

တောင်ကြီးမြို့နယ်တရားရုံး

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၄

ဒေါ်သက်စည်သူစိုး နှင့် ဦးထွန်းမင်းခိုင်(ခ)ဦးအာကာမင်းခန့်

တရားလို တရားပြိုင်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ အလယ်ပိုင်းရပ်ကွက်၊ စွန်ရဲလမ်း၊ အမှတ် ၄၃နေ ဦးထွန်းမင်းခိုင်(ခ)ဦးအာကာမင်းခန့်(တရားပြိုင်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သက်စည်သူစိုးက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၅ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေဦး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)

ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံးတော်၌

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၅၃၇

ဦးစိန်လွင် နှင့် ၁။ မစ္စတာအေ-ပီချေး
၂။ ဒေါ်ကမ္ဗလာကန်သာ

တရားလို တရားပြိုင်များ

အမှတ် ၇၅၀၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ မစ္စတာအေ-ပီချေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက အိမ်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂၄ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မျိုးတင့်)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တာကြီး၊ မြေကွက်အမှတ် ၅၁၊ မြေကွက်တည်နေရာအမှတ်-၅၁၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ် ဦးစိုးဝင်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးဝင်းထံမှ ၁၁-၁၁-၁၁၊ (၃၀-၁၁-၁၁)နှင့် (၃၀-၁၂-၁၁)ရက် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဘောရာမူတူး(ခ)ဝင်းနိုင် ၁၂/မဂတ(နိုင်)၀၀၀၁၉၇ (၂၆-၉-၂၀၁၃)ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ ၁၂/မဂတ(ပြု)၀၀၁၁၁၅မှ ၂၁-၈-၂၀၁၄ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ်-၈၀၆၊ မြေကွက်တည်နေရာအမှတ် ၈၀၆၊ ရတနာပုံ(၁)လမ်း၊ ၉ရပ်ကွက်၊သာကေတမြို့နယ် (ဦးမြစ်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြစ်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ပု ၁၂/သကတ(နိုင်)၀၁၂၉၀၇ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၆၅၄/၂၀၁၄)ရသူ ဦးထွန်းမင်းဝင်း ၁၂/ဒဂတ(နိုင်)၀၀၅၀၂၂၊ ဒေါ်စိုးစိုးသိန်း ၁၂/အစန(နိုင်)၂၀၈၆၀၇တို့မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၇၈၆/က၊ မြေကွက်တည်နေရာအမှတ် ၇၈၆/က၊ (၂၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးသန်းညွှန့်)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်းညွှန့် S/OKA-000287မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားခြင်းအား ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၂၄၀၊ မြေကွက်တည်နေရာအမှတ် ၂၄၀၊ သီရိမင်္ဂလာပတ်လမ်း၊ (၅/၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးစိန်ဝင်း+၁) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ရွှေပြည်သာမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၉၀/၂၀၁၄ ဖြင့် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု၏ ၁-၁၀-၂၀၁၄ ရက်စွဲပါစီရင်ချက်နှင့် ဒီကရီဖြင့် တရားမဇာရီမှုအမှတ် ၅၈/၂၀၁၄ တွင် ဘိလစ်ခန့်အပ်သည့် ၁၂-၉-၂၀၁၄ ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတို့ တင်ပြ၍ ဘိလစ်ဒေါ်ငုဝါ ၁၂/ လမန(နိုင်)၀၂၉၆၃၃မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းအေးဖေ ၇/ကဝန(နိုင်)၀၅၉၆၅၀၏ နိုင်ငံကူးလက်မှတ်(M 743658)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၅၁၈၃၆၃၅၊ ၀၉-၇၉၉၈၈၆၆၁၆၃**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ကော်ပိုရေးရှင်းပြောင်းလဲမည့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ကို ပညာရှင်များနှင့် လုပ်ငန်းရှင်များ ဝိုင်းဝန်းအကြံပြုဆွေးနွေး



ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ (YESB)ကိုကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲကာ နိုင်ငံတော်အစိုးရနှင့် အချိုးကျပူးပေါင်းဆောင်ရွက်သွားမည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားမည်ဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးစီး၍ ပညာရှင်များနှင့်လုပ်ငန်းရှင်များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတွင် အကူအညီပေးလျက်ရှိသော အဖွဲ့အစည်းများ၏ ဝိုင်းဝန်းအကြံပြုဆွေးနွေးပွဲကို YESB ရုံးချုပ်တွင် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ကို ကော်ပိုရေးရှင်းအသွင်ပြောင်းလဲရန် လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်နေပြီး ဒီဇင်ဘာလကုန်တွင် အပြီးဆောင်ရွက်ရန် လျာထားကြောင်းသိရသည်။ ကော်ပိုရေးရှင်းအသွင် ပြောင်းလဲရာတွင် ကြုံတွေ့နိုင်မည့် အားသာချက်၊ အားနည်းချက်များကို ပညာရှင်များ၏ အကြံပြုချက်များ တောင်းခံဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံလိုသူများ စိတ်ဝင်စားမှုမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်လုပ်ကိုင်နိုင်မည့် အခွင့်အရေးများလည်း ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်။

"လျှပ်စစ်ဓာတ်အားဖြန့်ဝေတာနဲ့ လုပ်ငန်းသုံးဓာတ်အားလိုင်းတွေအဆင့်မြှင့်တင်တာ ထိန်းသိမ်းဆောင်ရွက်ရာမှာ ဘဏ္ဍာရေးနဲ့ နည်းပညာလိုအပ်ချက်တွေရှိနေတဲ့အတွက် YESBကို ကော်ပိုရေးရှင်းအသွင်ပြောင်းဖို့ ဖြစ်လာတာပါ။ ကော်ပိုရေးရှင်းဖြစ်သွားရင် နိုင်ငံတော်အပြင် ပြင်ပကရင်းနှီးမြှုပ်နှံသူတွေရဲ့ ဘဏ္ဍာငွေနဲ့ အရင်းအနှီးကြီးလာပြီး တိုးတက်လုပ်ကိုင်သွားနိုင်မှာ ဖြစ်တယ်။ ကော်ပိုရေးရှင်း အသွင်ပြောင်းရာမှာ အတွေ့အကြုံနည်းသေးတဲ့အတွက် ပညာရှင်တွေနဲ့ လုပ်ငန်းရှင်တွေ၊ အဖွဲ့အစည်းတွေဆီက အကြံဉာဏ်တွေတောင်းခံပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ ဥက္ကဋ္ဌဦးအောင်ခိုင်ကပြောကြားသည်။

ကော်ပိုရေးရှင်းအသွင် ကူးပြောင်းရာ၌ လျှပ်စစ်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ စည်းမျဉ်းများကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ ၅၁ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ၄၉ ရာခိုင်နှုန်းအချိုးဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သွားမည်ဖြစ်ရာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကဏ္ဍ အစုရှယ်ယာပါဝင်လုပ်ကိုင်လိုသူများကို တိုင်းရင်းသားလုပ်ငန်းရှင်များသာမက နိုင်ငံခြားသားလုပ်ငန်းရှင်များကိုပါ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မိုးသူဇာစိုး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဆောင်ရွက်ရန် တန်ဖိုးသတ်မှတ်ခြင်းဆိုင်ရာ အစီရင်ခံသည့်အဆင့်သို့ ရောက်ရှိပြီဖြစ်ပြီး ပြီးစီးပါက ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့သို့ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက်တောင်းခံခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့၏ လျှပ်စစ်သုံးစွဲမှုမှာ ယခင်နှစ်က ၁၈၉၇ မဂ္ဂါဝပ်ဖြစ်ပြီး ယခုနှစ်တွင် မဂ္ဂါဝပ် ၂၀၀ ခန့် ပိုမိုသုံးစွဲလာကာ နွေရာသီတွင် ၃၀၀ မှ ၄၀၀ မဂ္ဂါဝပ်ထိ ပိုမိုသုံးစွဲလာသည်။ ဓာတ်အားသုံးစွဲမှု မြင့်တက်လာခြင်းကြောင့် ကျောက်ဖြူသဘာဝဓာတ်ငွေ့စီမံကိန်းမှ ဓာတ်ငွေ့ရယူပြီး ဂက်စ်အင်ဂျင်များအသုံးပြုကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသည်။ ထို့ပြင် ဂျပန်နိုင်ငံ၏သန့်စင်ပြီး ကျောက်မီးသွေးနည်းပညာ (Clean Coal Technology)ဖြင့် ဓာတ်အားထုတ်လုပ်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံပိုင်ရေအားလျှပ်စစ်စက်ရုံများ၊ သဘာဝဓာတ်အားပေး စက်ရုံများနှင့် ပုဂ္ဂလိကဂက်စ်တာဘိုင်များမှ ဝယ်ယူသောလျှပ်စစ်ဓာတ်အားကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ယူနစ်အလိုက်ဝယ်ယူရပြီး YESB အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လျှပ်စစ်ဓာတ်အားပေးဝေရေး အဖွဲ့အစည်းများသို့ ပြန်လည်ရောင်းချကာလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလျက်ရှိသည်။

လျှပ်စစ်မီတာအများပြည်သူသုံး(အိမ်သုံး) ၁၀၀ ယူနစ်သုံးစွဲမှုတွင် တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်းသတ်မှတ်ထားရာ အိမ်သုံးမီတာသုံးစွဲမှု၏ ထက်ဝက်ကျော်အတွက် အဆိုပါနှုန်းထားအတိုင်း ကောက်ခံလျက်ရှိသည်။ ထို့ပြင် ယူနစ် ၁၀၀ နှင့် ၂၀၀ အကြားသုံးစွဲသူများအတွက် တစ်ယူနစ်လျှင် ၄၀ ကျပ်နှုန်း၊ ယူနစ် ၂၀၀ နှင့်အထက် သုံးစွဲသူများအတွက် ၅၀ ကျပ်နှုန်းဖြင့် အသီးသီးကောက်ခံလျက်ရှိသော်လည်း မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တစ်ယူနစ်လျှင် ၆၀ ကျပ်နှုန်းပေး၍ ဝယ်ယူနေရကြောင်း သိရသည်။

"လျှပ်စစ်ဓာတ်အား ဝယ်ယူရငွေနဲ့ ရောင်းချရငွေမှာ အမြတ်အစွန်းကွာဟချက် သိပ်မရှိတဲ့အခါ ဓာတ်အားလိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးတွေ၊ အဆင့်မြှင့်တင်ရေးတွေ၊ တိုးချဲ့ဖြန့်ဖြူးရေးတွေမှာ ငွေကြေးသုံးစွဲဆောင်ရွက်ဖို့ အခက်အခဲတွေရှိလာပါတယ်။ ရန်ကုန်မြို့တွင်းက မြို့နယ် ၃၃ ခုမှာ လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့ထိန်းသိမ်းဖို့အတွက် ဆိုရင်တောင် တစ်နှစ်ကို အမေရိကန်ဒေါ်လာသန်း ၃၀၀ လောက် လိုအပ်ပါတယ်။ အခုချိန်မှာ ရန်ကုန်တိုင်းတစ်တိုင်းလုံးအတွက် ကျပ်ဘီလီယံ ၂၀ ဝန်းကျင်နဲ့ လည်ပတ်ပြီး လိုအပ်တာတွေကို ပြုပြင်ထိန်းသိမ်းနေရတယ်" ဟု YESB ဥက္ကဋ္ဌက ပြောကြားသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ အဆင့်မြှင့်တင်ရန်၊ အစားထိုးလဲလှယ်ရန်၊ တိုးတက်ဖြန့်ဖြူးနိုင်ရန်နှင့် စဉ်ဆက်မပြတ် ထုတ်လွှတ်ပေးနိုင်ရန် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု အဓိကလိုအပ်နေသည်။

တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နေ့စဉ်ပျမ်းမျှ ၁၇၀၀ မဂ္ဂါဝပ်ရှိပြီး ထက်ဝက်ခန့်မှာ ရန်ကုန်တိုင်းဒေသကြီး တစ်ခုအတွင်း သုံးစွဲမှုဖြစ်ပြီး ဓာတ်အားသုံးစွဲမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် မြင့်တက်နေသည်။ လျှပ်စစ်ဓာတ်အား တစ်မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်တိုင်း အမေရိကန်ဒေါ်လာ တစ်သန်း(ကျပ်သန်း ၁၀၀၀)ကုန်ကျရာ ၂၀၁၃-၂၀၁၄ ခုနှစ်နောက်ပိုင်း ၁၅၀ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ခဲ့ရပြီး နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၁၇ ဘီလီယံခန့်ဖြင့် ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

"လျှပ်စစ်ဓာတ်အားပေးဝေရာမှာ မြေအောက်ဓာတ်အားလိုင်း တချို့က နှစ် ၅၀ သက်တမ်းလောက်ရှိနေပြီး ဓာတ်အားစီးဆင်းမှုစွမ်းအား ကျနေပြီဖြစ်ပါတယ်။ စွမ်းအားကျတာနဲ့ ဓာတ်အားပျောက်ဆုံးမှုတွေ ရှိနေမှာဖြစ်ပြီး ဒါတွေကို Upgrade လုပ်နိုင်ရင် ဓာတ်အားဆုံးရှုံးမှုတွေကို ကုစားနိုင်ပြီး ဝင်ငွေလည်း ပိုရလာမှာဖြစ်ပါတယ်။ အခု ကော်ပိုရေးရှင်းပုံစံသွားရာမှာ လိုအပ်တဲ့ အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်း၊ မှတ်တမ်းတွေကို ADB၊ IFC စတဲ့အဖွဲ့အစည်းတွေနဲ့ တိုင်ပင်ဆောင်ရွက်နေပါတယ်။ ဒီနေရာမှာကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ အတွေ့အကြုံရှိတဲ့လုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ပြီး အကြံပြုချက်တွေ တောင်းခံဆောင်ရွက်နေပါတယ်"ဟု YESB မှ ညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်က ပြောကြားသည်။

အဆိုပါအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးဝေရေးလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းကဏ္ဍအတွက် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IFC)၊ အာရှ ဖွံ့ဖြိုးရေးဘဏ်တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဥပဒေရေးဆွဲရာတွင် ကမ္ဘာ့ဘဏ်က ကူညီခဲ့သည်။

နိုင်ငံပိုင် အဖွဲ့အစည်းတစ်ခုအား ဖက်စပ်ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ရာတွင် ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် လုပ်သာကိုင်သာရှိသော စီးပွားရေးပတ်ဝန်းကျင်တစ်ခုအဖြစ် ရှုမြင်နိုင်အောင် ပြင်ဆင်ထားရေး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းကို အရှုံးခံထုတ်လုပ်နေရသော နိုင်ငံတော်၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ကျစေရေး နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လုံခြုံစိတ်ချရသော ဓာတ်အားဖြန့်ဖြူးမှုစနစ်နှင့် တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားရာနှုန်းပြည့်သုံးစွဲခွင့်ရရှိရေးတို့ကို ရည်ရွယ်ပြီး ဓာတ်အားပေးဝေရေးအဖွဲ့ကို ကော်ပိုရေးရှင်းအသွင်ပြောင်းကာ ပြင်ပအရင်းအနှီးနှင့် နည်းပညာများရရှိအောင် ဆောင်ရွက်နေကြောင်း YESB ဥက္ကဋ္ဌက ကော်ပိုရေးရှင်းပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် အကြံပြုဆွေးနွေးပွဲတွင် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ အကြံပေး ဒေါက်တာအောင်ထွန်းသက်နှင့် ဒေါက်တာဇော်ဦး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ မန္တလေးတိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် အခြားဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ဧရာဇ္ဇေဝါ၊ Golden Energy၊ Zeya & Associates၊ CI၊ CLPE၊ Elite Tech၊ Asia Might၊ Pacific Electric၊ Same Sky နှင့် အာကာစိုးစသော ပြည်တွင်းကုမ္ပဏီများမှ လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ကာ ၂၀၁၁ ခုနှစ်အထိ ကိုယ်ပိုင်ဝင်ငွေဖြင့် ရပ်တည်လည်ပတ်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဧပြီလမှစတင်၍ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပေးဝေမှုတွင် တစ်နိုင်ငံလုံးအတိုင်းအတာ၏ ၃၂ ရာခိုင်နှုန်းရှိကာ ၂၀၁၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ ပေးဝေနိုင်ရန် လျာထားကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးဝေရာတွင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းများမှ ၆၆ ကေဗွီနှင့် ၃၃ ကေဗွီဓာတ်အားလိုင်းများအဖြစ် ပြန်လည်ခွဲဝေသည့် ဓာတ်အားခွဲစက်ရုံ ၁၁၄ ရုံနှင့် ထရန်စဖော်မာ အလုံးရေ ၈၆၀၀ ကျော်ဖြင့် ၂၄ နာရီ လည်ပတ်ဓာတ်အားပေးလျက်ရှိကြောင်း သိရသည်။


## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးတောင်ရွာနေ ဦးအောင်သူရထွန်း ၁၄/ပသန(နိုင်)၁၆၃၃၁၁ ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သူရထွန်း၏သား မောင်စွမ်းထက်ထွန်းသည် ပြင်ဦးလွင်မြို့၊ အထက(၂)ကျောင်းတွင် ဆဋ္ဌမတန်း(င)၌ ပညာသင်ကြားနေရာ ဖခင်အမည်မှာ ဦးသူရထွန်းဖြစ်နေပါ၍ ဦးအောင်သူရထွန်းမှာ ဖခင်အမည်မှန်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်သူရထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေလင်းအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အခန်း(၂၉)၊ ပြည်တော်သာ၊ ၂-၃ လမ်းကြား၊ အလက(၂)တိုက်တန်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၂၀၄၆၇၃၉**

**၂၁-၁၀-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ(၂)ပါ ဦးအောင်ကျော်ဦး ၁၂/ကတတ(နိုင်)၀၀၂၃၉၇၏ အများသိစေရန် ကြေညာချက်အပေါ်**

## ကန့်ကွက်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၃၃ ရှိ မြေညီထပ်(ခြေရင်းခန်း) ပေ(၁၁၁/၂×၅၀)တိုက်ခန်းသည် မူလကန်ထရိုက်တာ ဦးကျော်လွင်၊ မြေရှင်တို့နှင့် ညှိနှိုင်းစာချုပ်ချုပ်ဆိုပြီး ဆက်လက်ဆောက်လုပ်သူ ကျွန်တော် ဦးလှအေး ၁၂/တမန(နိုင်)၀၇၁၃၂၁ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့်တိုက်ခန်းဖြစ်ပြီး မူလကန်ထရိုက်တာ ဦးကျော်လွင်၏တောင်းဆိုချက်အရ ငွေကျပ်သိန်း ၃၀ ရယူခဲ့ပြီး ဒေါ်တင်နီလာဝင်း ၁၂/ဥကမ(နိုင်)၁၆၁၃၃၄နှင့် (၁၉-၂-၂၀၁၃)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် ငွေအကျေပေးကတိစာချုပ်ဖြင့် ငွေကျပ်သိန်း ၂၄၀ နှင့် ရောင်းချကြောင်း စာချုပ်ချုပ်ဆိုပေးခဲ့ရာတွင် တိုက်ခန်းမပြီးစီးသေး၍ အဆိုပါစာချုပ် စာမျက်နှာ(၂)၌ ၎င်းအခန်းနှင့်ပတ်သက်ပြီး ယနေ့စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ ရောင်းချသူမှ ဝယ်ယူသူအား (၆)လအတွင်း မပြီးစီးပါက ၎င်းအခန်း၏ လက်ခံရယူထားသည့် ငွေကျပ်သိန်း ၂၄၀ အား ပြန်လည်ပေးအပ်ရန် သဘောတူခဲ့ကြပါသည်။ ၃၀-၁-၂၀၁၄ရက်မတိုင်မီကပင် တိုက်ခန်းအား အပြီးသတ်ဆောက်လုပ်ဆဲကာလတွင် ဦးအောင်ကျော်ဦးမှ ကျွန်တော်၏ခွင့်ပြုချက်ရယူခဲ့ခြင်းမရှိဘဲ မတရားကျူးကျော်လက်ရောက်ရယူခဲ့ခြင်းသာဖြစ်ပြီး ကျွန်တော်နှင့် မြေရှင်တို့ သဘောတူလက်မှတ်ရေးထိုး တိုက်ခန်းပေးအပ်ခဲ့ခြင်းမရှိဘဲ ဦးအောင်ကျော်ဦးမှာ အခွင့်မဲ့ကျူးကျော်ဝင်ရောက် လက်ရောက်ရယူထားခြင်းဖြစ်၍ ပိုင်ဆိုင်မှုအား အသိအမှတ်မပြုကြောင်းနှင့် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**ဦးလှအေး(ကန်ထရိုက်တာ)၊ ထိပ်တန်းဆောက်လုပ်ရေး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၁၈၅)၊ မြေကွက်တည်နေရာအမှတ်(၁၁၈၅)၊ ဧရာဝတီ ၃လမ်း၊ ညောင်ကုန်းရပ်ကွက်၊ ဒလမြို့နယ် (ဦးထိန်ဝင်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးထိန်ဝင်းထံမှ ၂၈-၁-၂၀၀၃ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်အရ ဦးစောမြင့် MMO-၂၇၃၇၀၂ နှင့် ဦးသိန်းဟန် MMO-၂၆၃၈၃၄ တို့က ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်ရန်ကြော်ငြာ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ အမှတ်(၁၂၃/၁၃၃)တွင် Naing Group Construction Co.,Ltd. မှရရှိသည့် အခန်းအမှတ်(7-A/D)ကို ဦးမောင်မောင်စိန် ၁၂/ကတတ(နိုင်)၀၁၆၆၁၉က Naing Group Construction Co.,Ltd. မှ ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုစာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်ပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲသို့တင်ပြ ကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်း ထောင့်ရှိ အမှတ်(၁၂၃/၁၃၃)တွင် Naing Group Construction Co.,Ltd. မှရရှိသည့် အခန်းအမှတ် (Penthouse-B)ကို ဦးတင်မောင်ဆွေ ၁၂/သဃက(နိုင်)၁၂၆၁၁၇ က Naing Group Construction Co.,Ltd. မှ ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုစာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းဌာနခွဲသို့တင်ပြ ကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်း ထောင့်ရှိ အမှတ်(၁၂၃/၁၃၃)တွင် Naing Group Construction Co.,Ltd. မှရရှိသည့် အခန်းအမှတ်(4-A, 4-B)ကို ဦးတင်မောင်ဆွေ ၁၂/သဃက(နိုင်)၁၂၆၁၁၇က Naing Group Construction Co.,Ltd. မှ ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုစာအုပ် ထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းဌာနခွဲသို့ တင်ပြ ကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၇၅၈၊ မြေကွက်တည်နေရာအမှတ်-၇၅၈၊ သမိန်ဗရမ်းလမ်း၊ ဒလမြို့နယ် ဦးအောင်ခင်ဇော်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်ခင်ဇော်ထံမှ ၂၀-၉-၂၀၀၈ရက် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဘေရာမူတူး(ခ)ဝင်းနိုင် ၁၂/မဂတ(ဧည့်)၀၀၀၁၉၇သည် ၂၆-၉-၂၀၁၃ ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ ၁၂/မဂတ(ပြု)၀၀၁၁၁၅ မှ ၂၁-၈-၂၀၁၄ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့ တင်ပြ၍ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၀/၃၇၊ မြေကွက်အမှတ် ၆၇၆၊ မြေကွက်တည်နေရာအမှတ် ၆၇၆၊ ကလေးဝလမ်း၊ ရွှေပြည်သာ (ဦးတင်မောင်အေး)အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူခဲ့သူ ဦးကျော်မင်း ၁၃/မပတ(နိုင်)၀၂၀၀၀၂ မှ ပါမစ်ပျောက်ဆုံးကြောင်းကိုယ်တိုင်ကတိဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မိုးခေါင်သဖြင့် မြန်အောင်ဒေသတောင်သူအချို့ အခက်တွေ့နေ



မိုးခေါင်သဖြင့် ပပ်ကြားအက်နေသော လယ်မြေကို ပြသနေသည့်တောင်သူတစ်ဦး။

**မြန်အောင် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်တိုက်နယ်အတွင်း ကျေးရွာအုပ်စုများဖြစ်သော ပေါက်ကုန်းစွန်းကျေးရွာအုပ်စု၊ ကွဲတဲကုန်းအုပ်စု၊ ငပိဆိပ်အုပ်စု၊ ကန်ဇွန်းခုံအုပ်စု၊ အိုးဘိုအုပ်စု စသည့်ကျေးရွာအုပ်စုများအတွင်းရှိ လယ်များတွင် ယခုနှစ် မိုးခေါင်ခြင်းကြောင့် စပါးများ မအောင်မမြင်ဖြစ်ကာ ပျက်စီးမှုများရှိနေပြီး တောင်သူများ အခက်တွေ့နေသည့်အတွက် ဘဏ်ချေးငွေပြန်ဆပ်ချိန် နောက်ဆုတ်ပေးရန် ဒေသခံတောင်သူများ ဆန္ဒရှိနေကြသည်။

စပါးများစိုက်ပျိုးရာတွင် သက်ငယ်စပါး၊ သက်လတ်စပါးနှင့် သက်ကြီးစပါးများကိုစိုက်ပျိုးကြရာ သက်ငယ်စပါးများသာ ထက်ဝက်ခန့်ရရှိပြီး သက်လတ်နှင့် သက်ကြီးစပါးများမှာ အားလုံးနီးပါး ပျက်စီးနိုင်ကြောင်း၊ ပေါက်ကုန်းစွန်းကျေးရွာတွင် မိုးစပါးစိုက်ဧက ၁၁၂၆ ဧကရှိသည့်အနက် တစ်ဝက်ကျော်ဖြစ်သော ၆၀၃ ဧကတွင် အင်းမ၊ မီးကောက်စပါးများ စိုက်ပျိုးထားရာ တံစဉ်လွတ်(စပါးများ ပျက်စီးသွားမည်ဖြစ်သဖြင့် လယ်သမားများ ရိတ်သိမ်းစရာမလိုတော့)နိုင်ကြောင်း၊ တောင်သူများ၏ အခက်အခဲနှင့်ပတ်သက်၍ လပတ်အစည်းအဝေးတွင်လည်း တင်ပြထားပြီးဖြစ်ကြောင်း ပေါက်ကုန်းစွန်းကျေးရွာအုပ်စုမှ မြေတိုင်း(၄) ဦးခင်အောင်ဇော်က ပြောသည်။ ပေါက်ကုန်းစွန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းကလည်း အောက်တိုဘာ ၃၁ ရက် လပတ်အစည်းအဝေးတွင် စိုက်တိုးမြှင့်အဖွဲ့သို့ ပျက်စီးနိုင်သော လယ်မြေဧကများစာရင်းကို စာဖြင့် တင်ပြထားပြီးဖြစ်ကြောင်း ပြောပြသည်။

ရွာသစ်ကုန်းကျေးရွာမှ တောင်သူတစ်ဦးဖြစ်သော ကိုရဲမင်းထွန်းက "လယ်တစ်ဧကကို အိမ်က စက်နဲ့ ရေတင်လိုက်တာ ဆီဖိုးငွေကျပ် ၄၀၀၀၀ လောက်ကုန်တယ်။ စပါးကတင်း ၂၀ လောက်ပဲရတော့တယ်။ လုပ်အားခတွေ၊ စက်ငှားခတွေမပါဘူး၊ အများကြီးရှုံးတာပေါ့"ဟု ပြောသည်။

ပေါက်ကုန်းစွန်းကျေးရွာရှိ လယ် ၁၀ ဧကစိုက်ပျိုးထားသည့် တောင်သူဦးတင်အုန်းကလည်း "ဝါခေါင်လဆန်းကတည်းက မိုးကမရွာတော့ဘူး။ လယ် ၁၀ ဧကစိုက်တာ သက်လတ်ဖြစ်တဲ့ ကရင်မထိပ်စောင်းတို့၊ မီးကောက်စပါးတို့ကတော့ ဒီနှစ်ရိတ်ရမှာမဟုတ်တော့ဘူး၊ ပျိုးထောင်တာလည်းနောက်ကျတော့ အခုထိ သက်ငယ်စပါးဖြစ်တဲ့ မနောဘေးကြားကိုတောင်မရိတ်ရသေးဘူး"ဟု ဆိုသည်။

ယခုကဲ့သို့ မိုးခေါင်ခြင်းဖြစ်သောကြောင့် မြန်အောင်မှ စပါးစိုက်တောင်သူများ အခက်အခဲကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဘဏ်မှ တစ်ဧက ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးထားသောချေးငွေများကို ပြန်လည်ပေးဆပ်ရန်မလွယ်ကူသောကြောင့် ဘဏ်ဆပ်ချိန်နောက်ဆုတ်ပေးစေချင်ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ယခုလိုမိုးခေါင်ခြင်းအတွက် စိုက်ပျိုးရေရရှိနိုင်ရန် စက်ရေတွင်းများကို နိုင်ငံတော်မှ တူးပေးနိုင်ရန် တင်ပြလိုကြောင်း ဒေသခံတောင်သူလယ်သမားများ၏ ပြောကြားချက်များအရ သိရသည်။

နေဝင်းဇော်(မြန်အောင်)

# ဒစ်ဂျစ်တယ်စာကြည့်တိုက်စက်များ မွန်ပြည်နယ်၌ ဒုတိယအကြိမ်တပ်ဆင်

**မော်လမြိုင် နိုဝင်ဘာ ၄**

မွန်ပြည်နယ်အတွင်း ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ် Public Digital Library Service စက်များကို မေလအတွင်း မော်လမြိုင်မြို့ဘူတာကြီးနှင့် သထုံမြို့သာသနာ့ဗိမာန်တော်ကြီးတို့တွင် ပထမအကြိမ်တပ်ဆင်ပေးခဲ့ရာ ပြည်သူများကျေနပ်အားရလျက်ရှိပြီး ဒုတိယအကြိမ်အဖြစ် မော်လမြိုင်မြို့တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်တက္ကသိုလ်၊ ပညာရေးကောလိပ်၊ နည်းပညာတက္ကသိုလ်၊ မင်းစည်းစိမ်လက်ဖက်ရည်ဆိုင်နှင့် သထုံမြို့တွင် ကွန်ပျူတာတက္ကသိုလ် စုစုပေါင်း ခြောက်နေရာ၌ ထပ်မံတပ်ဆင်ပြီးဖြစ်ကြောင်းနှင့် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားလူငယ်များ ကျေနပ်အားရစွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။



Public Digital Library စနစ်အသုံးပြုမှုကို ရှင်းပြနေစဉ်။

အဆိုပါ စက်သည် တပ်ဆင်သည့်နေရာမှ အတားအဆီးမရှိဘဲ မီတာ ၆၅၀ အကွာအဝေးအထိ ဖမ်းယူဖတ်ရှုနိုင်ပြီး စက်ထဲတွင် စာအုပ်ပေါင်း ၆၀၀၀ ထည့်ပေးထားကြောင်း၊ ဝိုင်ဖိုင်စနစ်ပါ လက်ကိုင်ဖုန်း၊ တက်ဘလက်နှင့် လက်တော့ပ်ကွန်ပျူတာများဖြင့်လည်း အလွယ်တကူဖတ်ရှု၍ မိမိကြိုက်နှစ်သက်ရာ သုတ/ရသစာအုပ်များကို ရွေးချယ်ဖတ်ရှုနိုင်ပြီး အချို့စာအုပ်များကို Download ဆွဲယူ၍ သိမ်းဆည်းဖတ်ရှုနိုင်သည်။ စက်အသုံးပြုစာဖတ်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက လက်တွေ့ပြသပေးလျက်ရှိသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ပြည်သူကို ဗဟိုပြု၍ အများပြည်သူအသိပညာပေးဝန်ဆောင်မှုပေးရာတွင် ပြည်သူများ ခရီးသွားလာနေစဉ်နှင့် နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချပြီး စာပေဗဟုသုတများကို အခမဲ့အလွယ်တကူ ဖတ်မှတ်နိုင်ရေးကို စာပေရေချမ်းစင်အကြီး(Book Corner)၊ နံရံကပ်စာပေရေချမ်းစင်(Mini Book Corner)၊ ဝိုင်ဖိုင်စနစ်ဖြင့် အင်တာနက်အခမဲ့အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ဒစ်ဂျစ်တယ်စာကြည့်တိုက်စက်များတပ်ဆင်ခြင်းများကို လူစည်ကားရာနေရာများတွင် ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

(ပြည်နယ် ပြန်/ဆက်)

# ဓာတ်ငွေ့ပိုက်လိုင်းပြုပြင်ရာမှ ပျက်စီးသွားသော စပါးများအတွက် သီးနှံလျော်ကြေးပေးအပ်

**သထုံ နိုဝင်ဘာ ၄**

သထုံမြို့နယ် တောကြီးကျေးရွာနှင့် ဘီးလင်းမြစ်အကြားတွင် ဓာတ်ငွေ့ပိုက်လိုင်း ယိုစိမ့်မှုပြန်လည်ပြုပြင်ရာမှ ပျက်စီးသွားသော စပါးများအတွက် သီးနှံလျော်ကြေးကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဖူးကြီးအခြေစိုက်စခန်းမှ တာဝန်ရှိသူများက နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြိုင်ကလေး-ရန်ကုန်လက်မ ၂၀ပိုက်လိုင်းမှာ တောကြီးကျေးရွာနေ တောင်သူဦးစိုးမြင့်၏ စပါးခင်းအတွင်း ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်က ပြန်လည်ပြုပြင်ခဲ့ပြီး ပျက်စီးစပါးများအတွက် စပါးအထွက်နှုန်းနှင့် ဒေသပေါက်ဈေးအတိုင်း သီးနှံလျော်ကြေးငွေကျပ် ၁၅၀၀၀၀ ကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများရှေ့မှောက်တွင် နစ်နာခဲ့သည့် တောင်သူကို ပြန်လည်ပေးလျော်ခြင်းဖြစ်သည်။ "ခုလို အသိအမှတ်ပြုပြီး ပြန်လည်ပေးလျော်တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ အများအတွက် အဆုံးအရှုံးခံနိုင်ပေမယ့် ဒီလိုတလေးတစား ပြန်ပေးတာကို အလွန်ဂုဏ်ယူမိပါတယ်။ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ဆုံးရှုံးခဲ့ရသည့် တောင်သူ ဦးစိုးမြင့်က ပြောသည်။



သက်ဦး(သထုံ)


## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ရုံးအဆောက်အအုံတစ်လုံးနှင့် ဝန်ထမ်းအိမ်ရာနှစ်လုံး ဆောက်လုပ်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်ရေးလုပ်ငန်း တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၄ ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၂-၁၁-၂၀၁၄ ရက် ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စီမံကိန်းရေးဆွဲရေးစိစစ်သုံးသပ်ရေးဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန**
**ရုံးအမှတ် ၄၃၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၇**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှ အောက်ပါသတ္တုပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်-

(က) ကတ်သုတ်ကြေးနီ (၉၉.၉၉%)(၄၀၀)မက်/တန် - ရန်ကုန်မြို့

(ခ) ခနောက်စိမ်းရောရာသတ္တုများ - ဘားအံမြို့

(ဂ) သွပ်၊ ခရိုမီယမ်ရောရာသတ္တု၊ သံနှင့်ရောရာသတ္တုများ - ဗန်းမော်မြို့

၂။ တင်ဒါပိတ်ရက်မှာ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ရက် ၁၅:၃၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများနှင့် အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဝယ်ယူရောင်းချရေးဌာနခွဲ၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၈၃၊ ၀၆၇-၄၀၉၀၁၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ် (၁)သတ္တုတွင်းလုပ်ငန်း**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ချင်းပြည်နယ်အစိုးရအဖွဲ့
## ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၊ ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ (ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း) လျှပ်စစ်နှင့်စက်မှုပိုင်းဆိုင်ရာပစ္စည်းများဝယ်ယူခြင်းနှင့် ဓာတ်အားလိုင်းများတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ချင်းပြည်နယ်၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ၁-၁၁-၂၀၁၄ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၃၀-၁၁-၂၀၁၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) **ဖုန်း-၀၇၀-၂၁၉၄၄**

(ခ) **ဖုန်း-၀၇၀-၂၂၄၂၄**

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**



## နှစ်ဦးသဘောတူလင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချို ၁၂/အစန(နိုင်)၁၃၉၄၀၅၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုနှင့် ဦးရဲဝင်းမြင့် ၁၂/မဂတ(နိုင်)၀၂၀၆၈၅ တို့သည် ၂-၁၁-၂၀၀၁ ရက်တွင် ဆိပ်ကမ်းမြို့နယ်တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်သဇင်စိုး ရှေ့မှောက်တွင် တရားဝင်လက်ထပ်ထိမ်းမြားခဲ့ကြပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုနှင့် ဦးရဲဝင်းမြင့်တို့မှာ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၂၄-၁၀-၂၀၁၄ ရက်တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကိုချုပ်ဆို ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုနှင့် ဦးရဲဝင်းမြင့်တို့သည် ၂၄-၁၀-၂၀၁၄ ရက်မှစ၍ အကြင်လင်မယားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချမ်းငြိမ်းဇော် LL.B**
**အဓိပတိ Laws Firm**
**အမှတ်-၅၅၊ အခန်း(၄) မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၉၆၅၃၄၆၄၊ ၀၉-၄၃၀၇၄၀၁၇**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၂/၅အေ[၃]၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ မြေပိုင်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်တော်အေးရိပ်သာလမ်း၊ အမှတ် ၂-ဘီဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်ချို ၁၂/လမန(နိုင်)၀၄၅၃၀၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေချထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဖေယျာ) ဦးစိန်လှိုင် B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ-၂၃၅၇**
**အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**



## အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်နေ (ဦးကျော်သန်း)-ဒေါ်ယဉ်မေတို့၏သား မောင်အေးမင်းသန့် ၉/နထက(နိုင်)၁၂၆၁၉၁သည် မိဘများ၏ ပြောဆိုဆုံးမခြင်းကိုမနာခံဘဲ မိမိထင်ရာပြုလုပ်၍ နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဦးကျော်သန်း)-ဒေါ်ယဉ်မေ**

# ရေဘေးသင့်အိမ်ထောင်စုများအတွက် အိမ်ရာများ အကွက်ရိုက်မဲနှိုက်ခွဲဝေ

**စဥ့်ကူး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ခူလယ်ကျေးရွာအုပ်စု ရေမျက်ကျေးရွာတွင် စက်တင်ဘာ ၁၈ ရက်က ထူးကဲစွာ မိုးရွာသွန်းမှုကြောင့် အိမ်ထောင်စု ၇၆ စုမှာ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၏ ဦးဆောင်မှုဖြင့် လူမှုကယ်ဆယ်ရေး ဌာနအဖွဲ့အစည်းများ၊ အခြားမြို့နယ်ဒေသတို့မှ စေတနာရှင်အလှူရှင်များက အလှူငွေများ၊ စားသောက်စရာများနှင့် အခြားကယ်ဆယ်ရေးပစ္စည်းများ လှူဒါန်းခဲ့ကြောင်းနှင့် ယနေ့အချိန်အထိလည်း လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေမျက်ကျေးရွာသည် ယခင်ရွာတည်စကပင် လူနေအိမ်ခြေများကို ချောင်းဦးတိုက် တည်ဆောက်နေလာခဲ့ကြရာ နှစ်စဥ်မိုးတွင်းကာလတွင် ချောင်းရေတိုက်စားမှုဒဏ် ခံခဲ့ကြရကြောင်း သိရသည်။ ယခုအခါ အဆိုပါ သဘာဝဘေးကျရောက်ခဲ့သောအိမ်များကို အန္တရာယ်ကင်းသည့် ကုန်းမြင့်နေရာသို့ ရွှေ့ပြောင်းနေရာချထား ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ နိုဝင်ဘာ ၁ ရက်က စဥ့်ကူးမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းနှင့် ကော်မတီဝင်များသည် အဆိုပါကျေးရွာ ရေဘေးသင့်အိမ်ထောင်စုဝင်များအား ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် သွားရောက်တွေ့ဆုံပြီး ပြောင်းရွှေ့ချထားမည့် မြေကွက်များကို မဲနှိုက်နေရာချထားရေး ညှိနှိုင်းဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် ကျေးရွာတာဝန်ရှိသူတို့သည် ရေဘေးသင့်အိမ်ထောင်စု ၇၆ စုတို့၏ ရှေ့မှောက်တွင် မြေကွက် ၇၆ ကွက်ကို အိမ်ထောင်စုတစ်စုချင်းအလိုက် မဲနှိုက်ခွဲဝေချထားပေးခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သော ငွေကျပ်သိန်း ၃၀ ကို အကျိုးခံစားခွင့်ရရှိသည့် အိမ်ထောင်စု ၃၀ အား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကိုယ်စား မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၃၃)**



# ဆားပွတ်ချောင်းမှ သဲ၊ ကျောက်စရစ်များ မှာယူမှု ပိုမိုများပြားလာ

**ဆားပွတ်ချောင်း နိုဝင်ဘာ ၄**

မင်းဘူးမြို့ ဆားပွတ်ချောင်းမှ ကျောက်စရစ်ထုတ်ယူရောင်းချသော အလုပ်သမားများအား ဆောင်းဦးပေါက်ရာသီကို ရောက်ရှိလာသောကြောင့် မိုးတွင်းကာလထက် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ ပိုမိုတွင်ကျယ်လာသောကြောင့် သဲ၊ ကျောက်စရစ် မှာယူသူများပြားလာကြောင်း သိရသည်။

မကွေး-မင်းဘူးအကြား ဧရာဝတီမြစ်အတွင်း မြစ်ရေကျချိန်ဖြစ်၍ သဲ၊ ကျောက်စရစ်ထုတ်ယူရောင်းချသော အလုပ်သမားများ မြစ်လယ်ကောင်အထိ သွားရောက်၍ ပင်ပန်းကြီးစွာ သဲ၊ ကျောက်စရစ်များထုတ်ယူကြရပြီး မကွေးမြို့ပေါ်ရှိ ကန်ထရိုက်လုပ်ငန်းများဆီသို့ စက်လှေများဖြင့် ကျင်းဖွဲ့၍ တစ်ကျင်းကို ငွေကျပ် ၂၄၀၀ ဖြင့် ရောင်းချကြရပြီး မြစ်၊ ချောင်းကန်ထရိုက်အား ပွဲထောင်အကြီးအသေးပေါ်မူတည်၍ ငွေကျပ် ၁၀၀၀ မှ ၃၀၀၀ အထိ ပေးဆောင်၍ ထုတ်ယူရောင်းချရကြောင်း သိရသည်။

"စက်လှေကြီးရင်တော့ တစ်ကျင်းခွဲကနေ နှစ်ကျင်းအထိဆံ့တယ်။ ကျောက်စရစ်တစ်အိတ်ကို အတင်အချ ငွေကျပ် ၄၀ ပေးရတယ်။ တစ်နေ့ကို လေး၊ ငါးခေါက်တော့ သွားရောက်ရောင်းချနိုင်ပါတယ်။ မင်းဘူးကနေ မကွေးအထိ စက်လှေဆီဖိုး တစ်ခေါက်ကို ငွေကျပ် ၃၀၀၀ နီးပါး ကုန်တာဆိုတော့ များများရောင်းချနိုင်ရင်တော့ ပိုပြီးကိုက်တယ်။ အလုပ်သမားတွေလည်း အေးတဲ့ရာသီမှာ ရေထဲမှာ လုပ်ကိုင်ကြရပေမယ့် တစ်နေ့ကို နေ့တွက်ခ ငွေကျပ် ၆၀၀၀ ကနေ ၇၀၀၀အထိရတော့ စားဝတ်နေရေးအတွက်တော့ အဆင်ပြေကြပါတယ်" ဟု ကျောက်စရစ်ထုတ်လုပ်ရောင်းချသူတစ်ဦးက ပြောသည်။

မကွေးမြို့အတွင်းရှိ ဆောက်လုပ်ရေးကန်ထရိုက်များသည် သယ်ယူစရိတ်သက်သာ၍ လုပ်ငန်းခွင်တွင် အချိန်မီအမြန်ဆုံး အသုံးပြုနိုင်ရန် ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ဆားပွတ်ချောင်းမှ ထုတ်ယူရောင်းချသော သဲ၊ ကျောက်စရစ်များကို ပိုမိုမှာယူကြကြောင်း သိရသည်။ **ပိုင်ဇေ(မကွေး)**



# ကွတ်ခိုင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး ဆွေးနွေး

**ကွတ်ခိုင် နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံ ဗဟိုအမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (National Narcotics Control Commission-NNCC) နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာရုံးမှ ကိုယ်စားလှယ် Mrs.Qian Li Sha ပါ ၁၂ဦးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့ဌာနမှူး(စီမံကိန်းဌာန) ရဲမှူးကြီးဇော်လင်းထွန်း ဦးဆောင်အဖွဲ့တို့ ကွတ်ခိုင်မြို့နယ် ကောင်းခါး ပြည်သူ့စစ်ရုံးခန်းမ၌ ဒေသခံပြည်သူများနှင့် နိုဝင်ဘာ ၂၉ ရက်က တွေ့ဆုံဆွေးနွေးကြသည်။

ဒေသတွင်းဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အလေးထားလျက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား နည်းပညာပံ့ပိုးရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ ဖန်တီးပေးရေး၊ ကျန်းမာရေးနှင့်ပညာရေးများ မြှင့်တင်ဆောင်ရွက်ပေးရေးများကို စစ်တမ်းစနစ်တကျကောက်ယူမည့်လုပ်ငန်း၊ ကောင်းခါးဒေသတွင်းအဖွဲ့မှ ကွင်းဆင်းလေ့လာ စစ်တမ်းလာရောက်ကောက်ခံမှုများ၊ ဒေသတွင်း မူးယစ်ဆေးစွဲလူနာများအား ဆေးဖြတ်ပေးရေးနှင့် အလုပ်အကိုင်၊အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး စီမံချက်များကို အသေးစိတ်ရှင်းလင်းတင်ပြ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ကောင်းခါးဒေသ ရေအားလျှပ်စစ်သုံးစွဲမှု၊ မဟာဓာတ်အားလိုင်းမှ ခွဲဝေသွယ်တန်းရယူ အသုံးပြုလိုမှုနှင့် အခြေခံပညာအထက်တန်းကျောင်းတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရန် ရေသန့်စက် လိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်ရေး၊ ကောင်းခါးဒေသမူးယစ်ဆေးသုံးစွဲသူများ ဆေးဖြတ်စခန်းခွဲ အဆောက်အအုံ ဆောက်လုပ်နိုင်ရေး တို့ကိုလည်း NNCC အဖွဲ့နှင့် ရဲမှူးကြီးဇော်လင်းထွန်းတို့ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **အယ်လ်စိုး(iprd)**


## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၇/၂၀၁၄)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ** - Hydrochloric Acid, Aluminium Trichloride, Aluminium Sulphate, Trichloroisocyanuric Acid.

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** - Mixer, Recycle m/c & Crusher m/c, P.C.B Variable Guide Vane Amplifier,

**နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ** - Methyl Dicthanolamine, Antifoaming Agent, Merox Catalyst Reagent No.1 [MCR-No(1)], Molecular Sieving Carbon, Activated Alumina F 200-E,

(ခ) **စက်နှင့် စက်အရန်ပစ္စည်းများ** - Demineralized Water Pump with Motor , $CO_2$ Analyzer

၂။ **P.C.B Variable Guide Vane Amplifier အတွက်**

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃၀-၁၀-၂၀၁၄ ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၁၁-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀နာရီ

၃။ **Mixer, Recycle m/c & Crusher m/c, $CO_2$ Analyzer အတွက်**

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၄ ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၉-၁၁-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀နာရီ

၄။ **ကျန်ပစ္စည်းများအတွက်**

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၅-၁၁-၂၀၁၄ ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၁၂-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**



## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥသာမြို့သစ်(၄)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈/၃၈၁-A)နေ ဒေါ်မိမိဦး ၁၀/မလမ(နိုင်)၁၀၄၈၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပဲခူးမြို့၊ ဥသာမြို့သစ်(၄)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၈/၃၈၁-A)ဟုခေါ်တွင်သည့် နှစ်ထပ်တိုက်အိမ်၊ ထိုအိမ်တည်ရှိရာခြံမြေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၉)၊ မြေကွက်အမှတ်(၄၉) ဟုခေါ်တွင်သည့် ခြံမြေတို့မှာ ဦးမောင်မောင်ကျော်ဦး အမည်ပေါက်ဖြစ်ပြီး ၎င်းနှင့်ဇနီး ဒေါ်စောရီတို့ပိုင်ဆိုင်ပါသည်။ ၎င်းတို့တွင် နှစ်ပါးစုံသားသမီးအဖြစ် ဒေါ်မိမိဦး၊ ဦးကျော်သူဦး၊ ဦးစိုးမိုးဦး၊ ဒေါ်မော်မော်ဦး၊ ဦးကျော်စွာဦး၊ ဦးရဲထွန်းဦးနှင့် ဒေါ်စံပယ်ဦးတို့ ခုနစ်ဦးထွန်းကားခဲ့ပါသည်။ ဦးမောင်မောင်ကျော်ဦးသည် ၁-၆-၂၀၁၃ရက်တွင် ကွယ်လွန်ခဲ့ပြီး ဒေါ်စောရီမှာ လွန်ခဲ့သော(၁၂)နှစ်မှစ၍ စကားမပြောနိုင်တော့သည့်အပြင် အာရုံကြောများဆိုင်းပြီး လက်များကွေးနေသော မကျန်းမာသူဖြစ်ပါသည်။

ထို့ကြောင့် သမီးကြီးဖြစ်သူ ဒေါ်မိမိဦး၏သဘောတူညီချက်မပါဘဲ မည်သူမျှ အထက်ပါအိမ်နှင့်ခြံမြေများကို ရောင်းချခြင်း၊ ၄ားရမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ အလွဲသုံးစားပြုခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက လွှဲပြောင်းလက်ခံသူများ၏ တာဝန်သာဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိမိဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၇၁၃၇)**
**အမှတ်(၁၄၇၉/၄)၊ ဆိုရှယ်လစ်(၁၄)လမ်း၊**
**ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့**

**ဦးရာဇာနိုင်(စဥ်-၃၄၆၀၂)**
**ဒေါ်သဉ္ဇာထွေး(စဥ်-၃၅၆၅၀)**
**ဒေါ်မိုးသန္တာအေး(စဥ်-၄၁၀၁၃)**
**အထက်တန်းရှေ့နေများ**



## ယာဥ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဥ်အမှတ် ၃၀ယ/၅၄၇၆၂ Suzuki Smash 110 ယာဥ်လက်ဝယ်ရှိသူ ဦးဇော်နေ ၁၀/မဒန(နိုင်)၁၇၉၆၁၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူး(ပဲခူး)**



## ယာဥ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဥ်အမှတ် ၉ယ/၅၇၃၁၆ Honda Wave 100 ယာဥ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဦး ၇/ဒဥန(နိုင်)၀၅၇၉၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူး(ပဲခူး)**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်၊ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါးမွေးမြူရေးအထူးဇုန်(၂)၊ M1-C19 လမ်း၊ မြေကွက်အမှတ်(၂၆)အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးရွှေသိန်း ၁၂/သကတ(နိုင်)၁၇၅၀၉၅ ထံမှ မြေကွက်အား တရားဝင်ဝယ်ယူပြီး လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးသိန်းအောင် ၁၃/သနန(နိုင်)၀၂၅၇၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမြိုင် ၁၂/မရက(နိုင်)၀၉၁၈၃၃ က အပြီးအပိုင်ဝယ်ယူပြီး တန်ဖိုးငွေများ ပေးချေထားပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမြိုင် ၁၂/မရက(နိုင်) ၀၉၁၈၃၃ ၏အမည်သို့ ပြောင်းလွှဲမည့်ကိစ္စအား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာထည့်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်ဥက္ကဋ္ဌ၊ အထူးဇုန်(၂)ညောင်နှစ်ပင် စီမံခန့်ခွဲရေးကော်မတီ၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါး မွေးမြူရေးအထူးဇုန်(၂)သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပြောင်းဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမြတ်ခိုင် LL.B (စဥ်-၃၇၄၄၈)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၃၀၉၉၃၃၀၊ ၀၉-၅၁၂၁၃၁၇၊ ၀၉-၄၂၀၂၇၂၁၄၆၊ ၀၁-၆၆၅၈၂၆**

# ကလောမြို့ သစ်ထွင်းရေထွက်မှ တိုးချဲ့ရေပေးဝေ

**ကလော နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် စည်ပင်သာယာရေးကော်မတီက ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ကလောမြို့ပေါ်ရပ်ကွက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် သစ်ထွင်းရေထွက်မှ တိုးချဲ့ရေသွယ်ယူခြင်းနှင့် စတင်ရေပေးဝေခြင်း ဖွင့်ပွဲကို ကလောမြို့ အမှတ်(၉)ရပ်ကွက် ထင်းရှူးမြေဂေါက်ကွင်းအနီးရှိ ဂါလန် ၈၀၀၀၀ ဆံ့ ရေစုကန်ကြီး၌ နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး ဂျပန်သံရုံးပထမအတွင်းဝန် Mr. Mapsuoka နှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း၊ ရှမ်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးယုလွင်နှင့် မြို့နယ်ရေရရှိရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ သစ်ထွင်းရေထွက် တိုးချဲ့ရေပေးဝေခြင်း အထိမ်းအမှတ်လက်ဆောင်များကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှဝင်းနှင့် မြို့နယ်ရေရရှိရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဂျပန်သံရုံးအတွင်းဝန်ထံ ပေးအပ်သည်။

သစ်ထွင်းရေထွက်မှ ရေတိုးချဲ့ပေးဝေရေးကို ဂျပန်နိုင်ငံ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၀၉၉၄၈ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခင်က ကလောမြို့ (၁၀)ရပ်ကွက်သို့ ရေအေးကန်နှင့် အင်ပြင်ရေထွက်တို့မှ ရေပေးဝေလျက်ရှိရာ ယခုသစ်ထွင်းရေထွက်မှ ကလောမြို့ (၈)၊ (၉)၊ (၁၀)ရပ်ကွက်များရှိ အိမ်ခြေ ၇၂၄ လုံးမှ လူဦးရေသုံးထောင်ကျော်အတွက် မူလက တစ်ရက်လျှင် ဂါလန် ၄၀၀၀၀ ပေးဝေနေရာမှ သစ်ထွင်းရေထွက်မှ သီးသန့်ဂါလန် ၈၀၀၀၀ တိုးချဲ့ပေးဝေနိုင်မည်ဖြစ်ပြီး ကလောမြို့ရှိ ကျန်ရပ်ကွက်များဖြစ်သော (၁)ရပ်ကွက်မှ (၇)ရပ်ကွက်အထိကိုလည်း ရေအေးကန်နှင့် အင်ပြင်ရေထွက်များမှ ရေပိုတိုးပေးသွားနိုင်မည်ဖြစ်ကြောင်း ကလောမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်က ပြောသည်။

**ဇော်သိန်းရည်**

# မော်ကျွန်း-အနောက်တုံးလှဲချောင်း မြစ်ရေတိုက်စား၍ ယမုန်နာလမ်းမကြီးနှင့် လူနေအိမ် ၂၆ လုံး ရေမျောပါ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၄**

မော်လမြိုင်ကျွန်းမြို့ အနောက်တုံးလှဲချောင်းမြစ်ရေမှာ အနီးရှိမြို့မ (၉)ရပ်ကွက် ယမုန်နာလမ်းမကြီးကို လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်ခန့်မှ စတင် ရေတိုက်စားခဲ့ရာ ယခု ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၃ ရက်အထိ ပေ ၁၀၀၀ ကျော် ရှည်လျားသော ယမုန်နာလမ်းမကြီးမှာ လုံးဝလမ်းပျောက်သွားပြီဖြစ်သည်။

ယင်းယမုန်နာလမ်းမကြီးတွင် ရေမတိုက်စားမီက လူနေအိမ် ၃၂ လုံး ရှိသည့်အနက် လူနေအိမ် ၂၆ လုံးမှာ အိမ်ခြံမြေများ ရေတိုက်စားခံရ၍ ရေထဲပါသွားပြီး ကျန်ရှိသော လူနေအိမ် ခြောက်လုံးမှာလည်း ဆက်လက်ရေတိုက်စားခံရလျက်ရှိသည်။

ယခင်က မြို့မ (၉)ရပ်ကွက် ယမုန်နာလမ်းမကြီးအနောက်ခြမ်းရှိ တုံးလှဲချောင်းမြစ်ကမ်းနဖူးနှင့် ယမုန်နာလမ်းမကြီးမှာ ပေ ၇၀ ကျော်အကွာအဝေးတွင်ရှိခဲ့သော်လည်း အနောက်တုံးလှဲချောင်းမြစ်မှာ ရေစီးကြမ်းသဖြင့် နှစ်ပေါင်း ၂၅ နှစ်ခန့်အတွင်း ယမုန်နာလမ်းမကြီးနှင့် လူနေအိမ်



၂၆ လုံး ရေတိုက်စားခံရသဖြင့် ရေထဲပါသွားပြီး ကျန်ရှိသော လူနေအိမ်များ အနီးရှိ ဇီဇဝါလမ်းမှ လူနေအိမ်အချို့ ဆက်လက်ရေတိုက်စားခံနေရသည်။

"ကျွန်တော်တို့ ယမုန်နာလမ်းမကြီး လမ်းပျောက်သွားပြီးတဲ့နောက် ကျွန်တော်တို့အိမ်တွေကိုပါ ဆက်လက်ရေတိုက်စားနေပါတယ်။ ဒီနှစ်တော့ ရေတိုက်စားတာကို ကာကွယ်မှုတွေ လုပ်လာလို့ ရေတိုက်စားမှုနည်းနည်းတော့ သက်သာပါတယ်။ မြို့အင်္ဂါရပ်နဲ့အညီ ယမုန်နာလမ်းမကြီးကို မြို့ပတ်လမ်းအဖြစ် အကောင်အထည်ဖော်ပေးစေချင်တယ်" ဟု ယမုန်နာလမ်းနေ ဒေသခံပြည်သူ တစ်ဦးက ပြောသည်။

**မော်ကျွန်းမြင့်အောင်**

## သတင်းတိုများ

### ပုလဲသွယ်နှင့် ဆင်းသုခစပ်မျိုးစပါး စံကွက်များရိတ်သိမ်း

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း ဂျီအေပီစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါးနှင့် မျိုးသန့်ဇုန်ဆင်းသုခ စံပြစိုက်ခင်းကွင်းပြပွဲနှင့် စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁ ရက်က အမှတ်(၄)ရပ်ကွက် ကွင်းအမှတ် ၃၁ (က)၌ ကျင်းပခဲ့ရာ ဂျီအေပီစနစ်ဖြင့်စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါးစံကွက်မှ တစ်ဧက အခြောက် ၁၄၁ တင်းနှုန်းနှင့် မျိုးသန့်ဇုန်ဆင်းသုခ တစ်ဧက (အခြောက်) ၁၃၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးနိုင်လင်းဦး၊ ခရိုင်နှင့်မြို့နယ် လယ်ယာထုတ်ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် တောင်သူများ တက်ရောက်ခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

### အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ကွင်းဆင်းကြည့်ရှု

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကျောက်အိုးကျေးရွာ ကွင်းအမှတ်(၇၇၁/၁) ရှိ ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးစိုက်ခင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်တောင်သူလယ်သမားကိုယ်စားလှယ်အဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများက အောက်တိုဘာ ၃၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ ငွေကြေးအထောက်အပံ့ပေးနေမှုနှင့် ခေတ်မီမျိုးကောင်းမျိုးသန့် သီးနှံများ စနစ်တကျစိုက်ပျိုးခြင်းနှင့် ဓာတ်မြေဩဇာ ပိုးသတ်ဆေးများသုံးစွဲမှုနှင့် ပတ်သက်၍ တောင်သူများသိသင့်သည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သည်။

**ချင်းတွင်းသား(iprd)**

### တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းသူများအား အရေးယူ

**ရေတာရှည်**

အောက်တိုဘာ ၂၉ ရက်က တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေးနှင့် ဝန်ထမ်းများ၊ ရေတာရှည်မြို့နယ် ဆွာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ ရေတာရှည်မြို့နယ်အတွင်းရှိ ချောင်းမြောင်းအင်းအိုင်များသို့ ကွင်းဆင်းစစ်ဆေးစဉ် ဆွာမြို့အရှေ့ဘက် ချောင်းအတွင်း တရားမဝင်ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးနေသူ ချမ်းမြေ့အောင် (၂၅ နှစ်)အား သက်သေခံငါးဖမ်းပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ (၅၅)အရ ဆွာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးအရေးယူထားကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

**ကွမ်းခြံကုန်း**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသယံဇာတထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရေးအတွက် တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းမှုများကို ရှောင်တခင်စစ်ဆေးလျက်ရှိရာ အောက်တိုဘာ ၃၁ ရက် ညနေပိုင်းက တော်ကူးအနောက်ကျေးရွာအုပ်စု တော်ကူးအနောက်တံတားအနီး အေးမြသာယာကျေးရွာနေ အောင်ကိုဦး (၂၉ နှစ်)အား ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေအရ ကွမ်းခြံကုန်း မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိန်တိုး(ကွမ်းခြံကုန်း)**


## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ပဲခူးမြို့၊ ကျောက်ကြီးစုရပ်ကွက်၊ အမှတ် ၃၈၊ သစ်စက်ဟောင်းဝင်းအတွင်းရှိ ပင်မအဆောက်အအုံဟောင်းအား ဖျက်သိမ်းဝယ်ယူရန်အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **ပစ္စည်းအမျိုးအမည်** - ပင်မအဆောက်အအုံဟောင်း(သွပ်မိုး၊ သစ်သားထည်)

(ခ) **လေလံတင်ရောင်းချမည့်**

**နေ့ရက်** - ၁၇-၁၁-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီ

**နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)ပဲခူးမြို့

**ဆက်သွယ်ရန် ဖုန်းများ** - ၀၅၂-၂၀၁၀၂၃၊ ၀၅၂-၂၁၂၈၄

၂။ အိတ်ဖွင့်လေလံလျှောက်လွှာနှင့်စည်းကမ်းချက်များကို ၁၄-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**အဆောက်အအုံဟောင်းများလေလံတင်ရောင်းချရေးအဖွဲ့**

## ROSE HILL HOSPITAL

**အမှတ် (၂၀-A)၊ ကမ္ဘာအေး ဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇**

(1) Cashier ဘွဲ့ရ မ ၅ ဦး

(2) Trained Nurse (B.N.Sc(OR) Dip Nursing) ကျား/မ ၃ ဦး

(3) B.Pharm ဘွဲ့ရ မ ၃ ဦး

(4) သူနာပြုအကူ (ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းဆင်း) ၅ ဦး

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ၁၀ ရက်အတွင်း ရိုက်ထားသောဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ၊ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

(နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။)

## မြေကြီးအပိုရှိသည် ကိုကျော်စိုး မြေကြီးတူးဖော်ရေးလုပ်ငန်း

ရန်ကုန်မြို့တွင်း မြေကြီးကျင်း တစ်သိန်းအပိုရှိသည်။

စက်ရုံ၊ မြေကွက်မြေကြီးလိုအပ်သူများ ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၄၂၀၀၁၀၈၈၈၊ ၀၉-၅၀၅၆၃၀၇၊

၀၉-၂၅၄၆၉၄၇၀၀၊ ၀၉-၈၇၀၀၇၈၉

မြေကြီးသယ်ရန် ကားများငှားလိုသည်။ ကားများငှားရန်ရှိလျှင် ဆက်သွယ်ပါ။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၄၆၄၉၂ Yomoho Frino 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မိုးစံ ၇/ပခန(နိုင်)၃၀၄၀၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူး (ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း L/၁၇(၆၀)၊ မြေကွက် ၁၁၆၆၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက နှစ်၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဦးလှဦး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်(၆၅၁၄/၂၀၁၄)တင်ပြ၍ ဒေါ်အေးအေး ၁၂/ရကန(နိုင်)၀၂၃၁၁၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထားမူရင်း အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း L/၁၇(၆၀)၊ မြေကွက် ၁၁၉၅၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက၊ နှစ်၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဦးလှဦး ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် ၄၇၆၄/၂၀၁၄ တင်ပြ၍ ဦးလျောင်လွီဝီ(ခ)စေးထိုင် ၁၂/မဂတ(ဧည့်)၀၀၀၁၀၂ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ် ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇ C/၊ မြေကွက်အမှတ် ၁၂၃၊ မြေကွက်တည်နေရာ အမှတ် ၁၂၃၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်အေးကြည် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်အေးကြည်နှင့် ခင်ပွန်း ဦးမြတို့ကွယ်လွန်သဖြင့် ဦးလှသောင်း ၁၂/စခန(နိုင်)၀၂၀၅၄၀၊ ဦးလှထွန်း ၁၂/စခန(နိုင်)၀၀၅၇၄၆၊ ဦးကျော်ငြိမ်း ၁၂/စခန (နိုင်)၀၀၅၇၇၆၊ ဦးရွှေခဲ ၁၂/စခန(နိုင်)၀၀၇၁၀၁၊ ဦးစိုးစိုး ၁၂/စခန(နိုင်)၀၀၆၄၆၈တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြပြီး ဦးလှထွန်း၊ ဦးကျော်ငြိမ်း၊ ဦးရွှေခဲ၊ ဦးစိုးစိုးတို့ထံမှ GP၂၇၀၁၈/ ၂၇-၁၂- ၂၀၁၃ဖြင့် ရရှိပြီး ဦးလှသောင်းမှ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်ကျင်းပမည့် Computer Based Test(CBT) စနစ်ဖြင့် သတ္တမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံ သဘောတူညီမှု စာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံးသုံးနှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ ခုနှစ် ဇန်နဝါရီ နောက်ပိုင်း ပြန်လည်ရောက်ရှိခဲ့သော ကုန်ထုတ်လုပ်ငန်း၊ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတို့တွင် လုပ်ကိုင်ခဲ့ကြသည့် အလုပ်သမားများအတွက် ထပ်မံသွားရောက် အလုပ်လုပ်ကိုင်နိုင်ရေးရည်ရွယ်ပြီး Computer Based Test(CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော သတ္တမအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်**

(က) ၈-၁၂-၂၀၁၄ ရက် (တနင်္လာနေ့)

(ခ) ၉း၃၀နာရီမှ ၁၀း၄၀နာရီအထိ ပထမပိုင်းနှင့် ၁၁း၅၀ နာရီမှ ၁၃း၀၀နာရီအထိ (ဒုတိယပိုင်း)နှစ်ကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား ၃၀ စစ်ဆေးပါမည်။

* စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၈း၃၀နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၀း၅၀နာရီတွင် လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းများတွင် နေရာယူပြီးဖြစ်ရပါမည်။

၂။ **စာမေးပွဲကျင်းပမည့်နေရာ**

* CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း | အမှတ်ပြည့် ၂၀၀ ရှိသည့်အနက်မှ အမှတ် ၈၀ အထက် ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာ အောင်မြင်ခွင့် |

* စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာဖြည့်စွက်စဉ် မိမိလျှောက်ထားလိုသည့် အလုပ်အကိုင်အမျိုးအစားအား ကုန်ထုတ်လုပ်ငန်း စသည်ဖြင့် ဖော်ပြရမည်ဖြစ်ပြီး ရွေးချယ်ထားပြီးသော လုပ်ငန်းအမျိုးအစားအား သတ်မှတ်စည်းမျဉ်းအရ ပြောင်းလဲခွင့်မရှိပါသဖြင့် ဂရုပြု ဖြည့်စွက်ရပါမည်။ ယခင်လုပ်ကိုင်ခဲ့သော လုပ်ငန်းဌာနတွင် ပြန်လည်လုပ်ကိုင်လိုပါက ထိုလုပ်ငန်းကို ရွေးချယ် ဖော်ပြနိုင်ပါသည်။

၄။ **သတ်မှတ်ချက်များ**

(က) အသက် (၁၈)နှစ်မှ (၃၉)နှစ်အတွင်း (၁၉၇၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်အတွင်း မွေးဖွားသူ)

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ(တရားမဝင်နေထိုင်ခဲ့ဖူးခြင်း မရှိသူဖြစ်ရမည်။)

(ဃ) ကျန်းမာရေးကောင်းမွန်သူ(ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်။)

၅။ **စာမေးပွဲလျှောက်လွှာတင်သွင်းခြင်း**

(က) **လျှောက်လွှာထုတ်ပေး/လက်ခံမည့်ရက်** - ၁၀-၁၁-၂၀၁၄ ရက်မှ ၁၄-၁၁-၂၀၁၄ရက်အတွင်း
နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအထိ

(ခ) **လျှောက်လွှာထုတ်ပေး/လက်ခံဌာန** - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(ဂ) **လျှောက်လွှာတင်ရမည့်နည်းလမ်း** - လျှောက်ထားသူကိုယ်တိုင် လာရောက်တင်ရမည်။

(ဃ) **လိုအပ်သည့်စာရွက်စာတမ်းများ**

(၁) စာမေးပွဲလျှောက်လွှာ(စာမေးပွဲခုံနံပါတ်ပါရှိပြီးဖြစ်ပါ၍ တစ်ဦးလျှင် တစ်စောင်သာ ထုတ်ပေးမည်။)

(၂) နိုင်ငံကူးလက်မှတ်မူရင်းနှင့် မိတ္တူတစ်စောင် (မှတ်ချက် ။ ကိုရီးယားသမ္မတနိုင်ငံမှ ထွက်ခွာခဲ့သည့် နိုင်ငံကူးလက်မှတ်/မိတ္တူ) စာမေးပွဲလျှောက်လွှာတွင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်မိတ္တူအား ကပ်ပေးရပါမည်။

(၃) (၃.၅ စမ×၄.၅ စမ) ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ(ခြောက်လအတွင်းရိုက်ကူးထားသောဓာတ်ပုံ)

(၄) စာမေးပွဲဖြေဆိုခပေးသွင်းထားသည့် ငွေရပြေစာ

(င) စာမေးပွဲဖြေဆိုခ-အမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာ

* လျှောက်ထားသူများသည် အကြောင်းအမျိုးမျိုးကြောင့် လျှောက်လွှာပယ်ဖျက်လိုလျှင် လျှောက်လွှာလက်ခံသည့် ကာလအတွင်း လျှောက်ထားလာပါက ပယ်ဖျက်ပေးမည့်အပြင် စာမေးပွဲကြေးအား ပြန်လည်ထုတ်ပေးပါမည်။

၆။ **စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာမည့်ရက်**

(က) **ကြေညာမည့်ရက်** ၂၂-၁၂-၂၀၁၄ ရက်

(ခ) **ကြေညာမည့်နည်းလမ်း**

(၁) အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး

(၂) ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်၊ ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) နှင့်ကိုရီးယားလူ့စွမ်းအားဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့၏ Homepage (http;//www.eps.go.kr), Homepage (http;//epstopik.hrdkorea.or.kr), (http;//www.hrdkorea.go.kr)

(၃) စာမေးပွဲသက်တမ်း ၂၂-၁၂-၂၀၁၄ ရက်မှ ၂၁-၁၂-၂၀၁၆ ရက် (အောင်စာရင်း ထုတ်ပြန်ကြေညာမည့်ရက်မှ နှစ်နှစ်တာ)

၇။ **စာမေးပွဲမေးခွန်းပုံစံနှင့် အမှတ်ပေးစည်းမျဉ်း**

| မေးခွန်းပုံစံ | မေးခွန်းအရေအတွက် | အမှတ်ပေါင်း | ဖြေဆိုချိန် | မှတ်ချက် |
|---|---|---|---|---|
| အဖတ်စွမ်းရည်(Reading) | ၂၅ ပုဒ် | ၁၀၀ | ၄၀ မိနစ် | အဖတ်စွမ်းရည်စာမေးပွဲနှင့် |
| အကြားစွမ်းရည်(Listening) | ၂၅ ပုဒ် | ၁၀၀ | ၃၀ မိနစ် | အကြား စွမ်းရည်စာမေးပွဲအား |
| စုစုပေါင်း | ၅၀ ပုဒ် | ၂၀၀ | ၇၀ မိနစ် | တစ်ဆက်တည်းဖြေဆိုရမည် |

၈။ **စာမေးပွဲဖြေဆိုသည့်နေ့တွင် ဖြေဆိုသူယူဆောင်လာရန်**

(က) ဖြေဆိုခွင့်ကတ်ပြား

(ခ) နိုင်ငံကူးလက်မှတ်(စာမေးပွဲလျှောက်လွှာတွင် ကပ်ထားခဲ့သော နိုင်ငံကူးလက်မှတ်)မူရင်း

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား

အထက်အပိုဒ်(က)၊ (ခ)၊(ဂ) ပါ အထောက်အထားများ ယူဆောင်လာခြင်းမရှိပါက စာမေးပွဲအား ဝင်ရောက်ဖြေဆိုခွင့်မရှိပါ။

၉။ **သတိပြုရန်အချက်များ**

(က) စာမေးပွဲအောင်သူများ၏ အမှတ်စာရင်းအား ၂၂-၁၂-၂၀၁၄ ရက်မှစ၍ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ကြေညာပေးပါမည်။

(ခ) စာမေးပွဲဖြေဆိုချိန်တွင် မမှန်ကန်သည့်နည်းလမ်းဖြင့် ပြုလုပ်နိုင်သည့်စက်ပစ္စည်းများ (လက်ကိုင်တယ်လီဖုန်း၊ ကက်ဆက်၊ MP3၊ လျှပ်စစ်လက်ကိုင်အဘိဓာန်စသည်များ)အား ယူဆောင်လာခွင့်မရှိပါ။

(ဂ) စာမေးပွဲအတွင်း မမှန်ကန်သည့်အပြုအမူများလုပ်ဆောင်ခဲ့လျှင် ဖြေဆိုခွင့်အား နှစ်နှစ်ကြာ ပိတ်ပင်ခြင်းခံရမည်ဖြစ်ပါသည်။

(ဃ) စာမေးပွဲလျှောက်လွှာတွင် ရေးသားဖြည့်စွက်ခဲ့သော အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံကူး လက်မှတ်အမှတ်စသည့် အချက်များသည် နိုင်ငံကူးလက်မှတ်တွင် ပါရှိသောအချက်အလက်များနှင့်တူညီရန်လိုအပ်ပြီး ကွဲလွဲမှုရှိခဲ့လျှင် အမည်စာရင်းထည့်သွင်းခြင်းနှင့် အလုပ်ခွင်ဝင်ရောက်ခွင့် များရရှိမည်မဟုတ်ပါ။ ရေးသားဖြည့်စွက်သူ ကာယကံရှင်၏ တာဝန်သာဖြစ်ကြောင်း အထူးသတိပေးအပ်ပါသည်။

(င) မိမိလျှောက်ထားသည့် လုပ်ငန်းမှအပ အခြားလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားခွင့်မရှိပါ။

(စ) ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းလေဆိပ်ရောက်ရှိပြီးမှ တရားမဝင်ထွက်ပြေးခြင်း၊ သက်ဆိုင်ရာလုပ်ငန်းခွင် ရောက်ရှိပြီးနောက်တွင်လည်း တရားဝင်ခွင့်ပြုချက်ဖြင့် အလုပ်ပြောင်းခြင်းမဟုတ်ဘဲ လုပ်ငန်းခွင်မှထွက်ပြေးခြင်း၊ အလုပ်အကိုင်စာချုပ်ပါ အချိန်ကာလပြည့်ဝပြီးနောက် ကိုရီးယားသမ္မတနိုင်ငံတွင် တရားမဝင်ဆက်လက်နေထိုင်လုပ်ကိုင်ခြင်းများ တစ်ဆတစ်ဆတိုးပွားလာရာ နှစ်နိုင်ငံအလုပ်သမားပေးပို့ခြင်းဆိုင်ရာ သဘောတူညီချက် MoU ကို ထိခိုက်လာနိုင်ပြီး ယင်း MoU အား ရပ်ဆိုင်းခံရသည့် အခြေအနေမျိုးအထိ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းအခြေအနေမျိုးမှ ကာကွယ်တားဆီးနိုင်ရန် ကြိုတင်အာမခံကြေးငွေအဖြစ် ၁၅၀၀၀၀၀/-(ကျပ်တစ်ဆယ့်ငါးသိန်းတိတိ)ကို မြန်မာနိုင်ငံမှမထွက်ခွာမီ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် OA-010254 သို့ ပေးသွင်း၍ ကျပ်သိန်း ၃၀ တန် စာချုပ်ချုပ်ဆိုဆောင်ရွက်ရပါမည်။ အလုပ်အကိုင် စာချုပ်ကို သဘောတူလက်ခံပြီးနောက် အထက်ဖော်ပြပါအချက်များကို ဖောက်ဖျက်ခဲ့လျှင် ကြိုတင်အာမခံကြေးငွေဆုံးရှုံးခံရမည်ဖြစ်ပြီး ခံဝန်စာချုပ်အရ ကျန်ကျပ် ၁၅ သိန်းကို အာမခံထားသူနှစ်ဦးမှ ပေးလျော်ရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

- ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲအား အောင်မြင်ခဲ့သည့်တိုင်အောင် အလုပ်လျှောက်လွှာစာရင်းတွင် ပါဝင်နိုင်ခွင့်ရရှိရုံမျှသာဖြစ်ပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ကျိန်းသေသွားရောက်အလုပ်လုပ်ခွင့်ရရှိရန် ရာနှုန်းပြည့်အာမခံနိုင်ခြင်းမရှိပါ။ အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီမှ အလုပ်လျှောက်ထားသူစာရင်းတွင် မှတ်ပုံတင်ထားသူများကိုသာ ကိုရီးယားသမ္မတနိုင်ငံမှ လုပ်သားခေါ်ယူလိုသူက ခေါ်ယူမည်ဖြစ်ပါသည်။
- ထို့ပြင် ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်ခြင်း၊ တရားမဝင်နေထိုင်ခဲ့သည့်မှတ်တမ်းရှိခြင်း အစရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ခွင့်ပိတ်ပင်ခြင်းခံရသူသည် အလုပ်လျှောက်ထားသူအဖြစ် ရွေးချယ်ခြင်းမခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

- ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန(MOEL)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (MOLES) တို့မှ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုတည်းသာလျှင် မြန်မာအလုပ်သမားများအား ကိုရီးယားသမ္မတနိုင်ငံသို့ ပို့ဆောင်ပေးနိုင်သော တရားဝင်လုပ်ပိုင်ခွင့်ရရှိထားပါသည်။
- ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲမှတစ်ဆင့် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ မှ အလုပ်လျှောက်လွှာလက်ခံသူများကိုသာ အလုပ်ရှင်မှခေါ်ယူသွားမည်ဖြစ်ပါသည်။
- EPS စနစ်အရ အလုပ်သမားများစေလွှတ်သည့်ကိစ္စတွင် ဆောင်ရွက်နိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအနေဖြင့် ပါဝင်ပတ်သက်မှုရှိခဲ့ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

- နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲကြေး အမေရိကန်ဒေါ်လာ ၂၄ ဒေါ်လာနှင့် စာမေးပွဲအောင်မြင်ပြီးနောက် ကိုရီးယားနိုင်ငံသို့ ရောက်ရှိသည်အထိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ တရားဝင်သတ်မှတ်ထားသည့် ပို့ဆောင်စရိတ်မျှသာ ပေးသွားရမည်ဖြစ်ပါသည်။ သို့ပါ၍ အလုပ်အကိုင်နှင့်ပတ်သက်ပြီး တစ်ဦးတစ်ယောက်မှ ဖြစ်စေ၊ အဖွဲ့အစည်းများမှဖြစ်စေ လိမ်လည်တောင်းဆိုမှုများတွင် ဆုံးရှုံးနစ်နာမှုများ မခံရစေရန် အထူးသတိ ပြုစေလိုပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မော်လမြိုင်မြို့နယ်တရားရုံးတော်၌**

**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၁**

| | | |
|---|---|---|
| ဦးမျိုးဟန် | **နှင့်** | ဒေါ်မျိုးမျိုးသက် |
| အမှတ်(၃၀-အေ)၊ သီတာလမ်း၊ | | အမှတ်(၅၅)၊ သုတလမ်း၊ လှိုင်ရပ်ကွက် |
| ရွှေတောင်ရပ်၊ မော်လမြိုင်မြို့ | | မော်လမြိုင်မြို့၊ |
| **တရားလို** | | **တရားပြိုင်** |

အမှတ်(၅၅)၊ သုတလမ်း၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့နေ တရားပြိုင် ဒေါ်မျိုးမျိုးသက် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမျိုးဟန်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက် (၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မြမြဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၁၃)၊ ညံတောအရှေ့ရပ်၊ ဦးပိုင်အမှတ်(၃၇)၊ မြေယာအမှတ်(၁၂၉/၁၊ မြေဧရိယာ ၀ဒသမ၀၆၈ ဧကရှိမြေနှင့် နေအိမ်အကျိုးခံစားခွင့်များကို မြေငှားဂရန် အမှုတွဲအမှတ် (၉၇/၁၉၇၀-၇၁)အရ ဒေါ်သော့ ဂရန်အမည်ပေါက်ခဲ့ပါသည်။ ဒေါ်သော့နှင့်သားသမီးများ၊မြေးများ ကွယ်လွန်သွား၍ မြစ်တော်စပ်သူ ဦးဝင်းနိုင်မှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အမွေဆက်ခံ မြွက်ဟကြေညာပြီး ဂရန်အမည်ပြောင်း သက်တမ်းတိုးမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားရုံး ဒီကရီ၊ တာဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဦးဝင်းနိုင်မှ ဥပဒေနှင့်အညီ ဆောင်ရွက်ပြု လုပ်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သာ(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၁၂၈)၊ ၈လမ်း၊ ၇ ကွက်၊ ပြင်ဦးလွင်မြို့၊**

**ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁**

**ပြင်ဆင်ဖတ်ရှုပါရန်**

၈-၁၀-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာကြော်ငြာ(၈) ကန့်ကွက်ကြော်ငြာအမှတ်စဉ်(၁)ဒေါ်စန်းစန်းမော် သာကေတမြို့နယ်၏ အမည်ပြောင်းတွင် လျှောက်ထားသူအမည် ဒေါ်စန်းစန်းမော်အစား ဒေါ်စန်းစန်းမော်+၂ ၁၂/သကတ(နိုင်)၀၉၉၆၀၅ဟု ဖတ်ရှုပါရန်။

## မစိုးစိုးခိုင် (NKO-၀၄၅၅၃၅)နှင့်အများသိစေရန်အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ ဝမ်ဟောင်ကျေးရွာနေ ဦးစိုင်းရွှေအောင် ၁၃/မဖန(နိုင်)၀၁၈၀၁၅၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၄/ပဒေသာ)၊ မြေကွက်အမှတ် (ဏ/၃၅)၊ ဦးပိုင်အမှတ်(၇၈)၊ မြေယာအမှတ် ၇၈၊ မြေဧရိယာ ၀ ဒသမ ၂၂၀ ဧက၊ အကျယ်အဝန်း (၁၂၀×၈၀) ပေရှိ အုတ်တံတိုင်းခတ်ထားသော မြေကွက်နှင့်မြေကွက်ပေါ်ရှိ လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးတင်ထွန်း ၉/မလန(နိုင်)၀၀၅၄၃၆က ဂရန်အမှုတွဲအမှတ် (၆၈၈/၁၉၉၈-၉၉)အရ အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းထံမှ ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁-၁၁-၂၀၁၀ ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ် (၂၆၈/၂၀၁၀)ဖြင့် ဝယ်ယူထားပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းရွှေအောင်က ဦးတင်ထွန်းထံမှ ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၈-၇-၂၀၁၂ ရက်စွဲပါ အထူးကိုယ်စားလှယ်စာ (SP) အမှတ် (၅၈၂/၂၀၁၂)ဖြင့် အပြီးအပိုင်လွှဲပြောင်းရယူ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းရွှေအောင်သည် နိုင်ငံတော်သို့ ကျသင့်အခွန်ထမ်းဆောင်ပြီး တရားဝင်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ရာတွင် အဝယ်ကိုယ်စားလှယ်ဖြစ်သူ မစိုးစိုးခိုင် NKO-၀၄၅၅၃၅ သည်အဆိုပါ မြေကွက်၏ဂရန်မူရင်း၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်မူရင်းနှင့် မြေကွက်ရောင်းချသူ ဦးတင်ထွန်းမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းရွှေအောင်သို့ လွှဲပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာ (SP) မူရင်းတို့ကိုပေးအပ်ရန် ပျက်ကွက်နေပါသဖြင့် ယုံကြည်အပ်နှံရေး ဖောက်ဖျက်သူက အလွဲသုံးစားပြုလုပ်လိမ်လည်သူ မစိုးစိုးခိုင်အား တရားဥပဒေနှင့်အညီ အမှုဖွင့် အရေးယူပေးရန် ပြင်ဦးလွင်ရဲစခန်းသို့ ၈-၁၀-၂၀၁၄ ရက်တွင် တိုင်ကြားထားပြီးဖြစ်ကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ(ဏ/၃၅)မြေကွက်အား တရားဝင်ပိုင်ဆိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းရွှေအောင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်းနှင့် တရားဥပဒေအရ ထပ်မံအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မစိုးစိုးခိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းရွှေအောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလာ (စဉ်-၆၄၁၄) တရားလွှတ်တော်ရှေ့နေ**

**အမှတ်-၅၁၊ ၅၈၊ ၄၄လမ်း၊ (၈)ကွက်၊ ပြင်ဦးလွင်မြို့**

## သွင်းကုန်ပါမစ်ပျောက်ဆုံး

စက်တင်ဘာ ၈ရက် ရက်စွဲပါစာဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ခွင့်ပြုမိန့်အမှတ် ISP IDV8 14-15 40399 သွင်းကုန်ခွင့်ပြုမိန့်(ပါမစ်) ပြင်ဆင်ခြင်းစာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးပြန်လည်ဆက်သွယ်နိုင်ပါရန်နှင့် ကျေးဇူးတုံ့ပြန်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ကျော်စိုးမိုး**
**ဖုန်း-၀၉-၂၅၀၅၀၆၂၄၉**

## ကန့်ကွက်နိုင်ပါကြောင်း

